၆။	တ-ဒု	ပဋ္ဌဝေါ. လောကုတ္တရာ-၈၊ စိတ္တက္ခဏ..ဒ္ဒရှိသော စေတနာ၊	စိတ္တဇရုပ်၊	၈
၇။	တ-ဒုတ	ပဋ္ဌဝေါ. လောကုတ္တရာ-၈၊ စိတ္တက္ခဏ..ဒ္ဒရှိသော စေတနာ၊	လောကုတ်-၈၊ စေ,အပ္ပကြဉ်စေ-၃၅ သမ္မယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊	၇

၁။ (ပ-ပ) ပထမော ပထမသ *(ပါ.ပ-၄၅၄)*

အနုဝါဒပါဌိတော် *(ပထမ-ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)*

စဉ်	ပစ္စည်း(ပ) ကတ္တား	သမ္မဒါန် (ပ)
၁။	သံကိလိဋ္ဌသံကိလေသိကာ စေတနာ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဒ္ဒရှိသော စေတနာ၊	သမ္မယုတ္တကာနံ ခန္ဓာနံ အကု-၁၂၊ စေတနာကြဉ် စေ-၂၆ သမ္မယုတ္တခန္ဓာ၊

၂။ (ပ-ဒု) ပထမော ဒုတိယသ *(ပါ.ပ-၄၅၄)*

၁။	သံကိလိဋ္ဌသံကိလေသိကာ စေတနာ ပဋ္ဌဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဒ္ဒ. စေတနာ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

၃။ (ပ-ပဒု) ပထမော ပထမဒုတိယသ *(ပါ.ပ-၄၅၄)*

၁။	သံကိလိဋ္ဌသံကိလေသိကာ စေတနာ ပဋ္ဌဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဒ္ဒ. စေတနာ	သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အကု-၁၂၊ စေတနာကြဉ် စေ-၂၆ သမ္မယုတ္တခန္ဓာ၊ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

www.dhammadownload.com

၄။ (ဒု-ဒု) ဒုတိယော ဒုတိယသ (ပါ.ပ-၄၅၄)

အနုဝါဒပါဋိတော် (ပထမ-ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ဒု) ကတ္တား	သမ္ပဒါန် (ဒု)
၁။	အသံကိလိဋ္ဌသံကိလေသိကာ စေတနာ ကီကု ၁၇, ကီဝိ ၃၂, ကြို၂၀၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဋ္ဌ. စေတနာ	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ ကီကု ၁၇, ကီဝိ ၃၂, ကြို၂၀၊ စေတနာကြဉ် စေ-၃၇ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊
	ပဋိသန္ဓိက္ခဏေ အသံကိလိဋ္ဌသံကိလေသိကာ စေတနာ ပဋိသန္ဓေ-၁၉၊ တီကြဉ်စေ-၃၅ စိတ္တက္ခဏတခုတခုဋ္ဌရှိသော စေတနာ၊	သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ ပဋိသန္ဓေ-၁၉၊ စေတနာကြဉ်-၃၄ သမ္ပယုတ္တခန္ဓာ၊ ကဋ္ဌတ္တာရုပ်၊
	စေတနာ စေတနာ	**ဝတ္ထုသ** ဟဒယဝတ္ထု၊

အထူး။ ။ ပဋိသန္ဓေအခါ ပဋိသန္ဓေနာမ်ခန္ဓာဋ္ဌပါသောစေတနာသည် ပဋိသန္ဓေကမ္မဇရုပ်ကိုကျေးဇူးပြုကြောင်း "ပဋိသန္ဓိက္ခဏေ ဥပါဒိန္နုပါဒါနိယာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋ္ဌတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"ဟု ဟောပြီးဖြစ်သော်လည်း **သီးသန့်ဖြစ်သော စေတနာက ဟဒယဝတ္ထုလေးကို သီးခြား ကျေးဇူးပြုကြောင်းပြလိုသောကြောင့်** ဤသို့အထူးပြု၍-
"စေတနာ ဝတ္ထုသ"ဟု ဟောခြင်းဖြစ်ကြောင်း အဋ္ဌကထာ၊ ဋီကာတို့က ပြပါသည်။

၅။ (တ-တ) တတိယော တတိယသ (ပါ.ပ-၄၅၄)

၁။	အသံကိလိဋ္ဌအသံကိလေသိကာ စေတနာ လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခုဋ္ဌရှိသော စေတနာ၊	သမ္ပယုတ္တကာနံ ခန္ဓာနံ လောကုတ်-၈၊ စေကြဉ်စေ-၃၅ သမ္ပယုတ္တခန္ဓာ

၆။ (တ-ဒု) တတိယော ဒုတိယသ (ပါ.ပ-၄၅၄)

၁။	အသံကိလိဋ္ဌအသံကိလေသိကာ စေတနာ ပဥ္စဝေါ. လောကုတ်-၈၊ စိတ္တက္ခဏတခုတခုဋ္ဌရှိသော စေတနာ၊	စိတ္တသမုဋ္ဌာနာနံ ရူပါနံ လောကုတ္တရာ-၈ ပြုအပ်သော စိတ္တဇရုပ်

၇။ (တ-ဒုတ) တတိယော ဒုတိယတတိယသ (ပါ.ပ-၄၅၅)

၁။	အသံကိလိဋ္ဌအသံကိလေသိကာ စေတနာ ပဥ္စဝေါ. လောကုတ်-၈၊ စိတ္တက္ခဏတခုတခုဋ္ဌရှိသော စေတနာ၊	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ လောကုတ်-၈၊ စေကြဉ်စေ-၃၅ သမ္ပယုတ္တခန္ဓာ လောကုတ္တရာ-၈ ပြုအပ်သော စိတ္တဇရုပ်

အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။

* သင်္ခါရလောက၏ဖြစ်ခြင်းသည် ကုသိုလ်,အကုသိုလ်ကံသာလျှင် အကြောင်းရင်းရှိသောကြောင့် လောကီ ပဝတ္တိအကျိုးဋ္ဌ အကြောင်းကံသဘော၊ ကံအဖြစ်ကို မလွန်နိုင်သောကြောင့် အလုံးစုံသောပစ္စည်းတို့သည် ကမ္မပစ္စည်းဋ္ဌပေါင်းယူနိုင်ခြင်းသို့ရောက်ကုန်သောကြောင့် အရာကျယ်သည်ဟု ဖြေဆိုဆုံးဖြတ်တော်မူသည်။

[လက်သန်း အဋ္ဌကထာဆရာ မိန့်ဆိုသည့်အတိုင်း ကြီးသဲလေးထပ်ဆရာတော် ဖြေဆို၊]

www.dhammadownload.com

၄။ နာမ်အာဟာ

ကိုယ် စိတ် အာဟာရ၊ လွန်ပြည့်ဝ၊ သုခ ပွားရန်ဖြစ်စေသော်။

အကျိုး, ပစ္စယုပွန်တရားများကို အဓွန့်ရှည်စွာ ဆက်လက်ပြီး တည်ကံ့,ကြီးပွား စည်ပင်,ပြန့်ပြောဖို့ရန်အတွက် ဆောင်မှု,ထောက်ပံ့မှုဖြင့် ကျေးဇူးပြုသောပစ္စည်းတရားသည် အာဟာရပစ္စည်းတရား ဖြစ်သည်။ ဥပမာ– အလွန်ဟောင်းနွမ်းနေသောအိမ်အိုကြီးကို မယိမ်းယိုင်၊ မပျက်စီးစေရန် ထောက်တိုင်ဖြင့်ထောက်ထားသကဲ့သို့ ဖြစ်ပါသည်။

* အာဟာရပစ္စည်းသည် ရုပ်အာဟာရ၊ နာမ်အာဟာရ ဟူ၍ နှစ်မျိုးရှိပါသည်။
✪ သဟဇာတအငယ်တွင် **နာမ်အာဟာရ**ကို လေ့လာပါမည်။
⅄ နာမ်အာဟာရတွင် **ဖဿ, စေတနာ, ဝိညာဉ်**ဟူ၍ တရားကိုယ် ၃–ပါး ရှိပါသည်။

နာမ်အာဟာရသုံးပါး ဆောင်ပုံ၊ ထောက်ပံ့ပုံ၊

* **ဖဿ ပစ္စယာ ဝေဒနာ**အရ– ဖဿာဟာရသည် ဝေဒနာ ၃–မျိုးဖြစ်အောင် ဆောင်ရွက်ပါသည်။ ဝေဒနာကြောင့်(တဏှာ၊ ဥပါဒါန်၊ ကံ)တွေဖြစ်ပြီး သံသရာရှည်အောင် ဖဿက ဆောင်ထား, ထောက်ပံ့ထားပါသည်။ ဖဿာဟာရ မဖြစ်ခဲ့လျှင် ဝေဒနာ ဖြစ်တော့မည်မဟုတ်။
(အာရုံမှာပါရှိသည့် ဣဋ္ဌ,အနိဋ္ဌရသကို အရအမိယူပါသည်။)
* စေတနာသည် ကုသိုလ်, အကုသိုလ် **စေတနာအာဟာရ = သခံါရ** ဖြစ်၏။
သခံါရ ပစ္စယာ ဝိညာဏံအရ– စေတနာဟာရသည် နောက်ဘဝပဋိသန္ဓေဝိပါက်၊ ဝိညာဉ်ဖြစ်စေရန် စီမံ၍ ဘဝ ၃–ပါးကို ဆောင်ထား, ထောက်ပံ့ ထားပါသည်။
(ဣဋ္ဌ,အနိဋ္ဌရသအတွက် သမ္မယုတ်တရားများကို မနေမနား စေ့ဆော်၏။)
* **ဝိညာဏ ပစ္စယာ နာမရူပံ**အရ– ဝိညာဏာဟာရ(ဝိညာဉ်)သည် နာမ်–ရုပ်စသည်တို့ကို တိုးပွားစေကာ ခန္ဓာအစဉ်မပျက်အောင် ဆောင်ထား,ထောက်ပံ့ ထားပါသည်။
(အာရုံကို သိတတ်သော သဘာဝ ရှိ၏။)

'အရူပိနော အာဟာရာ သမ္မယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ ရူပါနံ'

ဖဿ, စေတနာ, ဝိညာဉ်ဟူသော နာမ်အာဟာရ ၃–ပါးသည် ယှဉ်ဘက်တရားနှင့် ထိုယှဉ်ဘက်တရားကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့ကို ကျေးဇူးပြု ပါသည်။

ဖဿ၊ စေတနာ၊ ဝိညာဉ် နာမ်အာဟာရတရားကိုယ် ၃–ပါးတို့သည် တကွဖြစ်ဘက်တရား များကို ထောက်ပံ့သမှု ကျေးဇူးပြုကြပါသည်။

နာမ်အာဟာရပစ္စည်း သုဒ္ဓသင်္ချာ

၄။	နာမ်ဟာ	ဖဿ, စေတနာ, ဝိညာဉ် ဟုဆို အပ်သော နာမ်အာဟာရ ကိုယ် ၃– ပါး၊	သမ္မယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၂ (၄+၄ မိ.ကံ.ဟာ.ဣံ)

နာမ်အာဟာရပစ္စည်း သုဒ္ဓသင်္ချာဝါရ၌ "သမ္မယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ <u>အားတပ်သော</u> ဖဿ, စေတနာ, ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃–ပါး ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။

www.dhammadownload.com

သန်ျာ သတ္တ၊ ပစ္စည်းရေ-၁၂ ဟူသည်တည်း။ သန်ျာသတ္တဟူသော်ကား-(ဟေတုအတိုင်း တူ၏။)

ပစ္စည်းရေ-၁၂ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။ (ကြီး,လတ် + ဓိ,ကံ,ဟာ,ဣ)=၁၂

နာမ်အာဟာရ သရုပ်ခွဲ ↓ အားတပ်သော ↑

၁။	ပ-ပ	အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်ရှိသော နာမ်ဟာ-၃	အကုသိုလ်-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊	၁၀
၂။	ပ-ဒု	ပဥ္စဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. နာမ်ဟာ-၃	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊	၉
၃။	ပ-ပဒု	ပဥ္စဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. နာမ်ဟာ-၃	အကု-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊	၈
၄။	ဒု-ဒု	ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဉ်ရှိသော နာမ်ဟာ-၃	ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ-၃၈ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊	၁၂
		ပဋိသန္ဓေ-၁၉၊ တီကြဉ်စေ-၃၅ စိတ္တက္ခဏတခုတခုဉ်ရှိသော နာမ်ဟာ-၃	ပဋိသန္ဓေ-၁၉၊ စေ-၃၅ သမ္ပယုတ္တခန္ဓာ၊ ကဋ္ဌတ္တာရုပ်၊	၁၁ (ဓိ×)
၅။	တ-တ	လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခုဉ်ရှိသော နာမ်ဟာ-၃	လောကုတ်-၈၊ အပွကြဉ်စေ-၃၆ သမ္ပယုတ္တခန္ဓာ၊	၁၁
၆။	တ-ဒု	ပဥ္စဝေါ. လောကုတ်-၈၊ စိတ္တက္ခဏ.ဘ.ဉ်ရှိသော နာမ်ဟာ-၃	စိတ္တဇရုပ်၊	၁၀
၇။	တ-ဒုတ	ပဥ္စဝေါ. လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခုဉ်ရှိသော နာမ်ဟာ-၃	လောကုတ်-၈၊ အပွကြဉ်စေ-၃၆ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊	၉

(စိတ္တဇရုပ်အတွက် သီးခြားကောက်လျှင် ဒွေ-၁၀, အရူ-၄ ကိုကြဉ်၍ကောက်ရန်)

၁။ (ပ-ပ) ပထမော ပထမသ *(ပါ.ပ-၄၅၅)*

အနုဝါဒပါဋိတော် *(ပထမ-ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)*

စဉ်	ပစ္စည်း(ပ) ကတ္တား	သမ္ပဒါန် (ပ)
၁။	သံကိလိဋ္ဌသံကိလေသိကာ အာဟာရာ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်ရှိသော နာမ်ဟာ-၃	သမ္ပယုတ္တကာနံ ခန္ဓာနံ အကု-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊

၂။ (ပ-ဒု) ပထမော ဒုတိယသ *(ပါ.ပ-၄၅၅)*

၁။	သံကိလိဋ္ဌသံကိလေသိကာ အာဟာရာ ပဥ္စဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. နာမ်ဟာ-၃	စိတ္တသမုဋ္ဌာနာနံ ရူပါနံ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

၃။ (ပ-ပဒု) ပထမော ပထမဒုတိယသ *(ပါ.ပ-၄၅၅)*

၁။	သံကိလိဋ္ဌသံကိလေသိကာ အာဟာရာ ပဥ္စဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. နာမ်ဟာ-၃	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အကု-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

www.dhammadownload.com

၄။ (ဒု-ဒု) ဒုတိယော ဒုတိယဿ (ပါ.ပ-၄၅၆)

အနုဝါဒပါဠိတော် (ပထမ-ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ဒု) ကတ္တား	သမ္ဗန်ဒ် (ဒု)
၁။	အညံကိလိဋ္ဌသံကိလေသိကာ အာဟာရာ ကိုက္ခ ၁၇, ကိုဝိ ၃၂, ကြိ၂၀၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဠ်. နာမ်ဟာ-၃	သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကိုက္ခ ၁၇, ကိုဝိ ၃၂, ကြိ၂၀၊ စေ-၃၈ သမ္မယုတ္တခန္ဓာ၊ စိတ္တဇရူပ်၊
	ပဋိသန္ဓိက္ခဏေ အညံကိလိဋ္ဌသံကိလေသိကာ အာဟာရာ ပဋိသန္ဓေ-၁၉၊ တိကြဉ်စေ-၃၅ စိတ္တက္ခဏတခုတခုဠ်ရှိသော နာမ်ကာ-၃	သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ပဋိသန္ဓေ-၁၉၊ စေ-၃၅ သမ္မယုတ္တခန္ဓာ၊ ကဋတ္တာရူပ်၊

၅။ (တ-တ) တတိယော တတိယဿ (ပါ.ပ-၄၅၆)

၁။	အညံကိလိဋ္ဌအညံကိလေသိကာ အာဟာရာ လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခုဠ်ရှိသော နာမ်ဟာ-၃	သမ္မယုတ္တကာနံ ခန္ဓာနံ လောကုတ်-၈၊ အပ္ပကြဉ်စေ-၃၆ သမ္မယုတ္တခန္ဓာ

၆။ (တ-ဒု) တတိယော ဒုတိယဿ (ပါ.ပ-၄၅၆)

၁။	အညံကိလိဋ္ဌအညံကိလေသိကာ အာဟာရာ ပဋ္ဌဝေါ. လောကုတ်-၈၊ စိတ္တက္ခဏ..ရှိသော နာမ်ဟာ-၃	စိတ္တသမုဋ္ဌာနာနံ ရူပါနံ လောကုတ္တရာ-၈ ပြုအပ်သော စိတ္တဇရူပ်

၇။ (တ-ဒုတ) တတိယော ဒုတိယတတိယဿ (ပါ.ပ-၄၅၆)

၁။	အညံကိလိဋ္ဌအညံကိလေသိကာ အာဟာရာ ပဋ္ဌဝေါ. လောကုတ်-၈၊ စိတ္တက္ခဏ..ရှိသော နာမ်ဟာ-၃	သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ လောကုတ်-၈၊ အပ္ပကြဉ်စေ-၃၆ သမ္မယုတ္တခန္ဓာ လောကုတ္တရာ-၈ ပြုအပ်သော စိတ္တဇရူပ်

၅။ သဟဇာတိန္ဒြိယ

စိတ်ကို စိုးပိုင်၊ အမြဲနီး၊ ကြဲခိုင် သန့်စွမ်းပါစေသော်။
ဒီဝိတ, စိတ်, ဝေ +သဝိသမိပဉ် (ကမ္မကြဉ်-၁၄)

မိမိနှင့်အတူတကွဖြစ်သော ရုပ်,နာမ်တရားတို့ကို မိမိတို့ဆိုင်ရာကိစ္စ၌(အစိုးရခြင်း) အုပ်စိုးခြင်းပြုသည့်သဘောသည် 'သဟဇာတိန္ဒြိယပစ္စည်း' ဖြစ်ပါသည်။ အစိုးရခြင်းသဘောဆိုသည်မှာ ပစ္စည်းတရားတွေကသာထင်ပေါ်ပြီး ယှဉ်ဘက်ဖြစ်ကြသည့်တရားများမှာ ဖေးမှိန်နေကြခြင်းဖြစ်သည်။

ဥပမာ- ဒုက္ခဝေဒနာဖြစ်နေသောနေရာဌာနမှာ နာမ္မဒုက္ခသာထင်ရှား၏။ နာမ္မ-ဝေဒနာနှင့်ယှဉ်ဘက်ဖြစ်သော စိတ်၊ ဖဿစသည့် စေတသိက်တရားများက ဖေးမှိန်၍ သာနေသည်နှင့်တူပါသည်။

ဤန္ဒြိယပစ္စည်းတွင် ၁။ သဟဇာတိန္ဒြိယ၊ ၂။ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ၃။ ရူပဇီဝိတိန္ဒြိယ ဟူ၍ ၃-မျိုးရှိပါသည်။ သဟဇာတမျိုးတွင် သဟဇာတိန္ဒြိယကို လေ့လာပါမည်။

သဒ္ဓသင်္ခါ၏ ပစ္စည်း, ပစ္စယုပ္ပန်များသည် (နာမ်)အာဟာရကဲ့သို့ သမ္မယုတ္တခန္ဓာအရ စိတ်-၈၉, စေတသိက်-၅၂ ရှိပါသည်။

www.dhammadownload.com

၅။	သဟဇာတိန္ဒြိယ	ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ, သတိ,ဧကဂ္ဂတာ,ပညာ ဟုဆိုအပ် သော နာမ်ဣန္ဒြေကိုယ် ၈-ပါး၊	သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၄ (သဟ၁၅-က်)

သဟဇာတိန္ဒြိယပစ္စည်း၏သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ အားတပ်သော ဇီဝိတ,စိတ်,ဝေဒနာ, သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ ဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ချာ-သတ္တ၊ ပစ္စည်းရေ-၁၄ ဟူသည်တည်း။ သင်္ချာသတ္တဟူသော်ကား- (=ဟေတု)

ပစ္စည်းရေ-၁၄ ဟူသော်ကား- ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဟူသည်တည်း။

(ကရိုဏ်း- သဟဝယ်မှ ကမ္မပစ္စည်းသည် သဟဇာတိန္ဒြိယတရားကိုယ် တပါးမှမရှိ၍ မရပါ။)

***** နာမ်ဣန္ဒြေတရားကိုယ်** *(ဇီဝိတ, စိတ်, ဝေ +သဝိသဓိပဉ်)*

သဒ္ဓါ,သတိ တို့သည် သောဘဏစိတ်များ၌သာ ယှဉ်၏။ အကုသိုလ်နှင့် မဆိုင်ပါ။

ပညာ သည် တိဟိတ်စိတ်-၄၇ ၌သာယှဉ်၏။ အကုသိုလ်ဆိုင်ရာတွင် ဉာဏသမ္ပယုတ် မရှိ။ ထို့ကြောင့် အကုသိုလ်တွင် ဇီဝိတ,စိတ်,ဝေဒနာ, ဝီရိယ,ဧကဂ္ဂတာ **နာမ်ဣန္ဒြေ ၅-ပါးသာ**။

သဟဇာတိန္ဒြိယ သရုပ်ခွဲ ↓ အားတပ်သော ↰ *(ကမ္မကြဉ်-၁၄)*

၁။	ပ-ပ	အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခု၌ရှိသော ဇီဝိတ, စိတ်,ဝေဒနာ, ဝီရိယ,ဧကဂ္ဂတာ နာမ်ဣ်-၅	အကုသိုလ်-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊	၁၁
၂။	ပ-ဒု	ပဋ္ဌဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခု၌. နာမ်ဣ်-၅	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊	၁၀
၃။	ပ-ပဒု	ပဋ္ဌဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခု၌. နာမ်ဣ်-၅	အကု-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊	၉
၄။	ဒု-ဒု	ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ ၃၈၊ စိတ္တက္ခဏတခုတခု၌ရှိသော ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ, ဧကဂ္ဂတာ, ပညာ ဟုဆိုအပ် သော နာမ်ဣန္ဒြေကိုယ် ၈-ပါး၊	ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ-၃၈ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊	၁၄
		ပဋိသန္ဓေ-၁၉၊ တီကြဉ်စေ-၃၅ စိတ္တက္ခဏတခုတခု၌ရှိသော နာမ်ဣ်-၈	ပဋိသန္ဓေ-၁၉၊ စေ-၃၅ သမ္ပယုတ္တခန္ဓာ၊ ကဋ္ဌတ္တာရုပ်၊	၁၃ (မိ×)
၅။	တ-တ	လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခု၌ရှိသော နာမ်ဣ်-၈	လောကုတ်-၈၊ အပ္ပကြဉ်စေ-၃၆ သမ္ပယုတ္တခန္ဓာ၊	၁၃
၆။	တ-ဒု	ပဋ္ဌဝေါ. လောကုတ်-၈၊ စိတ္တက္ခဏ.ဘ.၌ရှိသော နာမ်ဣ်-၈	စိတ္တဇရုပ်၊	၁၂
၇။	တ-ဒုတ	ပဋ္ဌဝေါ. လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခု၌ရှိသော နာမ်ဣ်-၈	လောကုတ်-၈၊ အပ္ပကြဉ်စေ-၃၆ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊	၁၁

(စိတ္တဇရုပ်အတွက် သီးခြားကောက်လျှင် ဒွေ-၁၀, အရှ-၄ ကိုကြဉ်၍ကောက်ရန်)

www.dhammadownload.com

သုဒ္ဓသန်္ဂျာ၏ ပစ္စည်း, ပစ္စယုပွန်များသည် (နာမ်)အာဟာရကဲ့သို့ သမ္ပယုတ္တခန္ဓာအရ စိတ်-၈၉, စေတသိက်-၅၂ ရှိပါသည်။ ဇီဝိတ, စိတ်, ဝေဒနာစသည်တရားကိုယ်များလည်း ၁-ပါး, ၂-ပါး, ၃-ပါးစသည် အချင်းချင်း၊ အပြန်အလှန်ဖြစ်နိုင်ကြ၍ စေတသိက် လျော့မသွားပါ။

(နာမ်အာဟာရ၏သဘောသွားအတိုင်း ပါဠိ,အရ တူပါလိမ့်မည်။)

၁။ (ပ-ပ) ပထမော ပထမသ (ပါ.ပ-၄၅၆)

အနုဝါဒပါဠိတော် (ပထမ-ကို ထင်ရှားရန်ထပ်မဖွင့်ဆို)

စဉ်	ပစ္စည်း(ပ) ကတ္တား	သမ္ပဒါန် (ပ)
၁။	သံကိလိဋ္ဌသံကိလေသိကာ **ဣန္ဒြိယာ** အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်ရှိသော ဇီဝိတ, စိတ်,ဝေဒနာ, ဝီရိယ,ဧကဂ္ဂတာ နာမ်ဣ်-၅	သမ္ပယုတ္တကာနံ ခန္ဓာနံ အကု-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊

၂။ (ပ-ဒု) ပထမော ဒုတိယသ (ပါ.ပ-၄၅၆)

၁။	သံကိလိဋ္ဌသံကိလေသိကာ **ဣန္ဒြိယာ** ပဋ္ဌဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. နာမ်ဣ်-၅	စိတ္တသမုဋ္ဌာနာနံ ရူပါနံ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

၃။ (ပ-ပဒု) ပထမော ပထမဒုတိယသ (ပါ.ပ-၄၅၆)

၁။	သံကိလိဋ္ဌသံကိလေသိကာ **ဣန္ဒြိယာ** ပဋ္ဌဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. နာမ်ဣ်-၅	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အကု-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

၄။ (ဒု-ဒု) ဒုတိယော ဒုတိယသ (ပါ.ပ-၄၅၆)

၁။	အသံကိလိဋ္ဌသံကိလေသိကာ **ဣန္ဒြိယာ** ကီကု ၁၇, ကီဝိ ၃၂, ကြို၂၀၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဉ်. ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ, ဧကဂ္ဂတာ, ပညာ ဟုဆိုအပ် သော နာမ်ဣန္ဒြေကိုယ် ၈-ပါး၊	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကီကု ၁၇, ကီဝိ ၃၂, ကြို၂၀၊ စေ-၃၈ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊
	ပဋိသန္ဓိက္ခဏေ အသံကိလိဋ္ဌသံကိလေသိကာ **ဣန္ဒြိယာ** ပဋိသန္ဓေ-၁၉၊ တီကြဉ်စေ-၃၅ စိတ္တက္ခဏတခုတခုဉ်ရှိသော နာမ်ဣ်-၈	သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ပဋိသန္ဓေ-၁၉၊ စေ-၃၅ သမ္ပယုတ္တခန္ဓာ၊ ကဋတ္တာရုပ်၊

၅။ (တ-တ) တတိယော တတိယသ (ပါ.ပ-၄၅၆)

၁။	အသံကိလိဋ္ဌအသံကိလေသိကာ **ဣန္ဒြိယာ** လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခုဉ်ရှိသော နာမ်ဣ်-၈	သမ္ပယုတ္တကာနံ ခန္ဓာနံ လောကုတ်-၈၊ အပွကြဉ်စေ-၃၆ သမ္ပယုတ္တခန္ဓာ

၆။ (တ-ဒု) တတိယော ဒုတိယသ (ပါ.ပ-၄၅၆)

၁။	အသံကိလိဋ္ဌအသံကိလေသိကာ **ဣန္ဒြိယာ** ပဋ္ဌဝေါ. လောကုတ်-၈၊ စိတ္တက္ခဏ..ရှိသော နာမ်ဣ်-၈	စိတ္တသမုဋ္ဌာနာနံ ရူပါနံ လောကုတ္တရာ-၈ ပြုအပ်သော စိတ္တဇရုပ်

www.dhammadownload.com

၇။ (တ-ဒုတ) တတိယော ဒုတိယတတိယသ (ပါ.ပ-၄၅၆)

အနုဝါဒပါဠိတော် (ပထမ-ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(တ) ကတ္တား	သမ္ပဒါန် (ဒုတ)
၁။	အသံကိလိဋ္ဌအသံကိလေသိကာ **ဣန္ဒြိယာ** ပဋ္ဌဝေါ. လောကုတ်-၈၊ စိတ္တက္ခဏ..ရှိသော နာမ်ဣ်-၈	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ လောကုတ်-၈၊ အပ္ပကြဉ်စေ-၃၆ သမ္ပယုတ္တခန္ဓာ လောကုတ္တရာ-၈ ပြုအပ်သော စိတ္တဇရုပ်

အဓိပတိနှင့် ဣန္ဒြိယအထူး

* အဓိပတိသည် ပြိုင်ဘက်မရှိ အလွန်ကြီးမားလှ၍ စကြာမင်းနှင့် တူ၏။
  ဣန္ဒြိယမှာ ပဒေသရာဇ်မင်းနှင့် တူပါသည်။ (တစ်နည်း)
  အဓိပတိသည် ရှင်ဘုရင်နှင့်တူ၍၊ ဣန္ဒြိယသည် မှူးမတ်အရာရှိများနှင့် တူပါသည်။
* အဓိပတိပစ္စည်းတွင် တရားကိုယ်နှစ်ပါးတွဲ၍ မရဘဲ၊ ဣန္ဒြိယပစ္စည်းတွင် နာမ်ဣန္ဒြေအများ ယှဉ်တွဲ၍ ရပါသည်။ ဣန္ဒြေတစ်ခု၏ကိစ္စကို တစ်ပါးသောဣန္ဒြေများက အကူအညီ ပေးကြပါသည်။

ဤသို့ ထူးကြပါသည်။

၆။ ဈာနပစ္စည်း

ဘေးကင်းဖို့ရန်၊ မေတ္တာဈာန်၊ ရှင်သန် အေးချမ်းပါစေသော်။
(ဒွေပဉ္စ-၁၀ ×) (ကြီး,လတ် + ဈာ, ဣ, မဂ်) = ၁၁

ကောင်းသည့်အာရုံဖြစ်စေ၊ မကောင်းသည့်အာရုံဖြစ်စေ ဝိတက်စသောတရားတို့သည် မိမိတို့ကိုယ်တိုင်လည်း စူးစူးစိုက်စိုက် အာရုံကိုယူတတ်၏။ တကွဖြစ်ဘက်တရားတို့ကိုလည်း စူးစူးစိုက်စိုက် အာရုံယူစေသောပစ္စည်းသည် ဈာနပစ္စည်း ဖြစ်ပါသည်။

မုဆိုးသည် လေး,မြှားဖြင့် သားငှက်တို့ကိုပစ်ကြသည့်အခါ တည့်မတ်စွာချိန်ရွယ်မှု၊ မြှားဦး တည်ငြိမ်စေရန် ထိမ်းချုပ်မှုပြုသကဲ့သို့၊ အာရုံမှာလည်း တည့်မတ်စွာချိန်ရွယ်မှု၊ ထိမ်းချုပ်မှုများသည် ဈာနပစ္စည်း ဖြစ်ပါသည်။ သစ်ပင်ပေါ်,တောင်ထိပ်ပေါ်တက်သောပုဂ္ဂိုလ်သည် အောက်မြေပြင်မှာရှိသော ကောင်း/မကောင်းအာရုံများကို မိမိကိုယ်တိုင်လည်းမြင်ရ၊ အောက်မှာနေသောပုဂ္ဂိုလ်များကိုလည်း ပြောပြနိုင်သည်နှင့် ဥပမာပြကြပါသည်။

ဈာန်။ ။ ဆန့်ကျင်ဘက်တရားများကို သတ်ဖြတ်လောင်မြိုက်စေတတ်၍ "ဈာန်" ဟုခေါ်၏။

* ဝိတက်သည် – ထိနမိဒ္ဓကို သတ်ဖြတ်၍လောင်မြိုက်စေ၏။
* ဝိစာရသည် – ဝိစိကိစ္ဆာကို သတ်ဖြတ်၍လောင်မြိုက်စေ၏။
* ပီတိသည် – ဗျာပါဒကို သတ်ဖြတ်၍လောင်မြိုက်စေ၏။
* သုခသည် – ဥဒ္ဓစ္စ, ကုက္ကုစ္စကို သတ်ဖြတ်၍လောင်မြိုက်စေ၏။
* ဧကဂ္ဂတာသည် – ကာမစ္ဆန္ဒကို သတ်ဖြတ်၍လောင်မြိုက်စေ၏။

(ဈာနင်တရားတို့ လောင်မြိုက်စေအပ်သော နီဝရဏတရားတို့တွင် **အဝိဇ္ဇာနီဝရဏ** မပါ။)

www.dhammadownload.com

ဈာနနှင့် မဂ္ဂ အထူး-

* ဈာန်သည် အာရုံ၌စိတ်ကို မြဲအောင်,ဖြောင့်အောင်ပြုလုပ်သည့်အပြင် အပွနာသို့ရောက်အောင်လည်း ပြု၏။
* မဂ်သည် သံသရာခရီးလမ်းမှာ စေတနာကဲ့ကိုငင်း၊ သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်ခရီးမှာ ဘဝနာကဲ့ကိုငင်း၊ ဖြောင့်အောင် ခိုင်မြဲအောင် ပြုလုပ်ပါသည်။ ကမ္မပထ မြောက်အောင် ကြီးပွားစည်ပင်အောင် ဘုံအထူးသို့ရောက်အောင်လည်း ပြုလုပ်ပါသည်။
* ~~ဈာနပစ္စည်းမှာ သမ္မယုတ္တဓမ္မာတွင် ဒွေပဉ္စဝိညာဉ်-၁၀ မရ၍သောကြောင့် စိတ်-၇၉ ရ၏။~~

၆။	ဈာန	ဝိတက်,စာ,ပီ,ဝေဒနာ,ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်္ဂကိုယ် ၅-ပါး၊	သမ္မယုတ္တဓမ္မာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	?	၁၁ (၄+၄ ကုသ.ဓာ.မဂ်)

ဈာနပစ္စည်း၏ သဒ္ဒသင်္ခါဝါရ၌ သမ္မယုတ္တဓမ္မာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ,ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်္ဂတရားကိုယ် ၅-ပါး၊ ဤတရားတို့သည် ဈာနပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ခါ သတ္တ၊ ပစ္စည်းရေ-၁၁ ဟူသည်တည်း။
သင်္ခါသတ္တဟူသော်ကား- (ဟေတုအတိုင်း တူ၏။)

ပစ္စည်းရေ-၁၁ ဟူသော်ကား- သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဟူသည်တည်း။ (ဒွေပဉ္စ-၁၀ ×) (ကြီး,လတ် + ဈာ, ဣ, မဂ်) = ၁၁

ကြီး+လတ်+ဈာန= ၉ ဣန္ဒြိယ ရမ္ဟ= ဓေ,ဧ မဂ္ဂ ရမ္ဟ= ဝိတက်,ဧ

ဈာနပစ္စည်း သရုပ်ခွဲ

**** ဥပေက္ခာသဟဂတ်စိတ်များ/ဥပေက္ခာပဋိသန္ဓေ/ဒေါသမူတို့အတွက် ဝိတိပြုတ်၍ ဈာနင် ၄-ပါး ကောက်ရမည်။*

↓ အားတပ်သော ← (ကြီး,လတ်+ဈာ,ဣ,မဂ်) = ၁၁

၁။	ပ-ပ	အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုခ်၌ရှိသော ဝိတက်, စာ,ပီ,ဝေဒနာ,ဧကဂ္ဂတာ ဟုဆို.. ဈာနင်္ဂကိုယ် ၅-ပါး၊	အကုသိုလ်-၁၂၊ စေ-၂၇ သမ္မယုတ္တဓမ္မာ၊	၉
၂။	ပ-ဒု	ပဋိဆေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုခ်၌. ဈာနင်-၅	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊	၈
၃။	ပ-ပဒု	ပဋိဆေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုခ်၌. ဈာနင်-၅	အကု-၁၂-၂၇ သမ္မယုတ္တဓမ္မာ၊ စိတ္တဇရုပ်၊	?
၄။	ဒု-ဒု	ကိုကု ၁၇, ဒွေ(၁၀)ကြဉ်,ကိုဝိ ၂၂, ကြို၂၀၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုခ်၌ရှိသော ဈာနင်-၅	ကိုကု ၁၇, ဒွေ(၁၀)ကြဉ်,ကိုဝိ ၂၂, ကြို၂၀၊ စေ-၃၈ သမ္ပ.ဓမ္မာ၊ စိတ္တဇရုပ်၊	၁၁
		ပဋိသန္ဓေ-၁၉၊ တီကြဉ်စေ-၃၅ စိတ္တက္ခဏတခုတခုခ်၌ရှိသော ဈာနင်-၅	ပဋိသန္ဓေ-၁၉၊ စေ-၃၅ သမ္မယုတ္တဓမ္မာ၊ ကဋတ္တာရုပ်၊	၁၁
၅။	တ-တ	လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခုခ်၌ရှိသော ဈာနင်-၅	လောကုတ်-၈၊ အပွကြဉ်စေ-၃၆ သမ္မယုတ္တဓမ္မာ၊	၁၀
၆။	တ-ဒု	ပဋိဆေါ. လောကုတ်-၈၊ စိတ္တက္ခဏ.ခ.ဉ်ရှိသော ဈာနင်-၅	စိတ္တဇရုပ်၊	၉
၇။	တ-ဒုတ	ပဋိဆေါ. လောကုတ္တရာ-၈၊ စိတ္တက္ခဏတခုတခုခ်၌ရှိသော ဈာနင်-၅	လောကုတ်-၈၊ အပွကြဉ်စေ-၃၆ သမ္မယုတ္တဓမ္မာ၊ စိတ္တဇရုပ်၊	၈

(စိတ္တဇရုပ်အတွက် သီးခြားကောက်လျှင် အစု-၄ ကိုကြည့်၍ကောက်ရန်)

www.dhammadownload.com

၁။ (ပ–ပ) ပထမော ပထမသ (ပါ.ပ–၄၅၆)

အနုဝါဒပါဋိတော် (ပထမ–ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ပ) ကတ္တား	သမ္ပဒါန် (ပ)
၁။	သံကိလိဋ္ဌသံကိလေသိကာနိ **ဖျာနင်္ဂါနိ** အကု–၁၂၊ စေ–၂၇ စိတ္တက္ခဏတခုတခုဉ်ရှိသော ဝိတက်, စာ,ပီ,ဝေဒနာ,ဧကဂ္ဂတာ ဟုဆို.. ဖျာနင်ကိုယ် ၅–ပါး၊	သမ္ပယုတ္တကာနံ ခန္ဓာနံ အကု–၁၂၊ စေ–၂၇ သမ္ပယုတ္တခန္ဓာ၊

၂။ (ပ–ဒု) ပထမော ဒုတိယသ (ပါ.ပ–၄၅၆)

၁။	သံကိလိဋ္ဌသံကိလေသိကာနိ **ဖျာနင်္ဂါနိ** ပဉ္စဝေါ အကု–၁၂၊ စေ–၂၇ စိတ္တက္ခဏတခုတခုဉ်. ဖျာနင်–၅	စိတ္တသမုဋ္ဌာနာနံ ရူပါနံ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

၃။ (ပ–ပဒု) ပထမော ပထမဒုတိယသ (ပါ.ပ–၄၅၆)

၁။	သံကိလိဋ္ဌသံကိလေသိကာနိ **ဖျာနင်္ဂါနိ** ပဉ္စဝေါ အကု–၁၂၊ စေ–၂၇ စိတ္တက္ခဏတခုတခုဉ်. ဖျာနင်–၅	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အကု–၁၂၊ စေ–၂၇ သမ္ပယုတ္တခန္ဓာ၊ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

၄။ (ဒု–ဒု) ဒုတိယော ဒုတိယသ (ပါ.ပ–၄၅၆)

၁။	အသံကိလိဋ္ဌသံကိလေသိကာနိ **ဖျာနင်္ဂါနိ** ကီကု ၁၇, ဒွေ(၁၀)ကြဉ်.ကီဝိ ၂၂, ကြိ၂၀၊ စေ ၃၈၊ စိတ္တက္ခဏတခုတခုဉ်ရှိသော ဖျာနင်–၅	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကီကု ၁၇, ဒွေ(၁၀)ကြဉ်.ကီဝိ ၂၂, ကြိ၂၀၊ စေ–၃၈ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊
	ပဋိသန္ဓိက္ခဏေ အသံကိလိဋ္ဌသံကိလေသိကာ **ဖျာနင်္ဂါနိ** ပဋိသန္ဓေ–၁၉၊ တီကြဉ်စေ–၃၅ စိတ္တက္ခဏ.ရှိ ဖျာနင်–၅	သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ ပဋိသန္ဓေ–၁၉၊ စေ–၃၅ သမ္ဆ.ခန္ဓာ၊ ကဋ္ဌတ္တာရုပ်၊

၅။ (တ–တ) တတိယော တတိယသ (ပါ.ပ–၄၅၆)

၁။	အသံကိလိဋ္ဌအသံကိလေသိကာနိ **ဖျာနင်္ဂါနိ** လောကုတ္တရာ–၈၊ စိတ္တက္ခဏတခုတခုဉ်ရှိသော ဖျာနင်–၅	သမ္ပယုတ္တကာနံ ခန္ဓာနံ လောကုတ်–၈၊ အပွကြဉ်စေ–၃၆ သမ္ပယုတ္တခန္ဓာ

၆။ (တ–ဒု) တတိယော ဒုတိယသ (ပါ.ပ–၄၅၆)

၁။	အသံကိလိဋ္ဌအသံကိလေသိကာနိ **ဖျာနင်္ဂါနိ** ပဉ္စဝေါ. လောကုတ်–၈၊ စိတ္တက္ခဏ.. ရှိသော ဖျာနင်–၅	စိတ္တသမုဋ္ဌာနာနံ ရူပါနံ လောကုတ္တရာ–၈ ပြုအပ်သော စိတ္တဇရုပ်

၇။ (တ–ဒုတ) တတိယော ဒုတိယတတိယသ (ပါ.ပ–၄၅၆)

၁။	အသံကိလိဋ္ဌအသံကိလေသိကာနိ **ဖျာနင်္ဂါနိ** ပဉ္စဝေါ. လောကုတ္တရာ–၈၊ စေ–၃၆ စိတ္တက္ခဏတခုတခုဉ်ရှိသော ဖျာနင်–၅	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ လောကုတ်–၈၊ အပွကြဉ်စေ–၃၆ သမ္ပယုတ္တခန္ဓာ လောကုတ္တရာ–၈ ပြုအပ်သော စိတ္တဇရုပ်

www.dhammadownload.com

၇။ မဂ္ဂပစ္စည်း

နိဗ္ဗာန်ရည်မှန်း၊ မဂ္ဂင်လမ်း၊ လျောက်လမ်းနိုင်ရပါစေသော်။

(အဟိတ်-၁၈ ×) (ကြီး,လတ်+ ဟေ,ဓိ စျာ, ဣ, မဂ်) = ၁၃

ပကတိသောလူသွားလမ်းခရီး၊ လှည်း,လှေ,သင်္ဘော,လေယာဉ်ပျံစသည်တို့သည် ထိုထို လမ်းဖြောင့် လမ်းကောက်သို့ ရောက်စေနိုင်သကဲ့သို့ သုဂတိ, ဒုဂ္ဂတိ, ဝိဝဋ္ဌ နိဗ္ဗာန်စခန်းသို့ ရောက်အောင် ခရီးလမ်း ကိစ္စဖြင့်ကျေးဇူးပြုခြင်းသည် မဂ္ဂပစ္စည်း ဖြစ်ပါသည်။

ဒုဂ္ဂတိ, သုဂတိသို့ပို့ပုံ- မိစ္ဆာဒိဋ္ဌိသည် ဒုဂ္ဂတိလမ်းမကြီး ဖြစ်ပါသည်။ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယမ, မိစ္ဆာသမာဓိတို့က ဒုဂ္ဂတိလမ်းမကြီးမှာ အတွင်သွားလာပို့ဆောင်နေကြသော လှည်း,လှေသင်္ဘော စသည့် ယာဉ်များ ဖြစ်ကြပါသည်။ မိစ္ဆာမဂ္ဂင် ၄-ပါးဆိုသော လမ်းကောက်ဖြင့် ပါဏာတိပါတစသော အကုသိုလ် အမှုကို ပြုကျင့်ကြ၍ ဒုဂ္ဂတိသို့ ပို့ကြပါသည်။

သမ္မာဒိဋ္ဌိသည် သုဂတိနှင့် နိဗ္ဗာန်လမ်းမကြီး ဖြစ်ပါသည်။ ကြွင်းသမ္မာမဂ္ဂင် ၇-ပါးတို့သည် သုဂတိ လမ်းမကြီးမှာ အတွင်သွားလာပို့ဆောင်နေကြသော လှည်း,လှေသင်္ဘော စသည့်ယာဉ်များ ဖြစ်ကြပါသည်။ သမ္မာမဂ္ဂင် ၈-ပါးဆိုသော လမ်းဖြောင့်ဖြင့် ဒါန,သီလ,ဘာဝနာကုသိုလ်အမှုများကို ပြုကျင့်ကြ၍ သုဂတိနှင့် တကွ နိဗ္ဗာန်သို့ ပို့ကြပါသည်။

? မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိဟူသော မိစ္ဆာမဂ္ဂင် ၄-ပါးကဲ့သို့ သုတ္တန်၌ မိစ္ဆာမဂ္ဂင် ၈-ပါးတရား မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာသတိတို့ကို အဘယ်ကြောင့် မဂ္ဂပစ္စည်း၌ မယူသနည်း။ မူလဋီကာဆရာကြီး၏ ရှင်းလင်းချက်ဆိုလိုရင်းမျှ။

သုတ္တန်မှာဟောသော မဂ္ဂင် ၈-ပါးအနက် မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာသတိ တို့သည် အကုသိုလ်စေတနာနှင့် အကုသိုလ်နာမက္ခန္ဓာတို့သာဖြစ်၍ မဂ္ဂင်တရားကိုယ်သီးခြား မဟုတ်သောကြောင့် မဂ္ဂပစ္စည်း၌ မဟောပါ။

အဗျာကတမဂ္ဂင်များ

သုဂတိ,ဒုဂ္ဂတိသို့ ပို့ဆောင်တတ်သောကြောင့် မဂ္ဂင်ဆိုလျှင် ကုသိုလ်,အကုသိုလ်အတွက် လျောက်ပတ်သော်လည်း အဗျာကတမဂ္ဂင်များမှာ မပို့ဆောင်နိုင်ကြ၍ မဂ္ဂသတ္တိမရှိသင့်ဆိုလျှင်၊

* သဟိတ်ဝိပါက်မဂ္ဂင်များသည် အကြောင်းရင်းဖြစ်သော ကုသိုလ်က မဂ္ဂင်ကိစ္စတတ်သောနည်းအတိုင်း မဂ္ဂပစ္စည်းကို ရထိုက်ပါသည်။
* သဟိတ်ကြိယာမှာရှိသော မဂ္ဂင်များသည် မိမိတို့ကိုယ်တိုင်က သုဂတိသို့ပို့နိုင်စွမ်းရှိသော်လည်း ဝဋ္ဌမြစ် ပြတ်ပြီးဖြစ်သော ရဟန္တာသန္တာန်မှာဖြစ်ရ၍ သုဂတိသို့ပို့စရာ မရှိပါ။
* မဂ္ဂပစ္စည်းဟူသည် ဟေတုပစ္စည်း၏ နောက်လိုက် ဖြစ်၏။
* သမ္ပယုတ္တခန္ဓာတွင်လည်း သဟိတ်စိတ် ဧကသတ္တတိ-၇၁၊ စေ-၅၂၊
* ကုပဒနှင့် ဗျာပဒတို့တွင် ဒိဋ္ဌိကြဉ် တရားကိုယ်-၈။ အကုဆိုင်ရာတွင် ၄-ပါးသာ။

၇။	မဂ္ဂ	ပညာ,ဝိတက်,ဝိရတီ-၃,ဝီရိယ,သတိ, ဧကဂ္ဂတာ,ဒိဋ္ဌိ ဟု..မဂ္ဂင်.. ၉-ပါး၊	သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၃ (၄+၄ ဟေ.ဓိ.ဣ,ချာ.မဂ်)

www.dhammadownload.com

မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဉ် သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် <u>အားတပ်သော</u> ပညာ၊ ဝိတက်၊ ဝိရတီ-၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး၊ ဤတရားတို့သည် မဂ္ဂပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။

သင်္ချာ သတ္တ၊ ပစ္စည်းရေ-၁၃ ဟူသည်တည်း။ သင်္ချာသတ္တဟူသော်ကား- (ဟေတုအတိုင်း တူ၏။)

ပစ္စည်းရေ-၁၃ ဟူသော်ကား- ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဟူသည်တည်း။

မဂ္ဂပစည်း သရုပ်ခွဲ ↓ အားတပ်သော ↰ (ဟေ,ဓိ,စျာ,ဣ,မဂ်) ၁၃

၁။	**ပ-ပ**	အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်ရှိသော ဝိတက်,ဝီရိယ,ဧကဂ္ဂတာ,ဒိဋ္ဌိ မဂ္ဂင်-၄	အကုသိုလ်-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊	၁၀
၂။	**ပ-ဒု**	ပဥ္စဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. မဂ္ဂင်-၄	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊	၉
၃။	**ပ-ပဒု**	ပဥ္စဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. မဂ္ဂင်-၄	အကု-၁၂-၂၇ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊	၈
၄။	**ဒု-ဒု**	လောကီကု-၁၇၊ သဟိတ်ကီဝိ-၁၇၊ သဟိတ်ကြိ-၁၇ စေ-၃၈ စိတ္တက္ခဏတခုတခုဉ်ရှိသော၊ မဂ္ဂင်-၈	လောကီကု-၁၇၊ သဟိတ်ကီဝိ-၁၇၊ သဟိတ်ကြိ-၁၇၊ စေ-၃၈ သမ္ပ.ခန္ဓာ၊ စိတ္တဇရုပ်၊	၁၃
		သဟိတ်ပဋိသန္ဓေ-၁၇၊ စေတသိက်-၃၅ စိတ္တက္ခဏ..ဉ် ပညာ၊ တက်၊ ဝီရိယ၊ သတိ၊ ဧ၊ မဂ္ဂင်-၅ (ဝိရတီ ၃×)	သဟိတ်ပဋိသန္ဓေ-၁၇၊ စေ-၃၅ သမ္ပယုတ္တခန္ဓာ၊ ကဋ္ဌတ္တာရုပ်၊	၁၂ (ခိ×)
၅။	**တ-တ**	လောကုတ္တရာ-၈၊ စိတ္တက္ခဏ..ဉ်ရှိ မဂ္ဂင်-၈	ကုတ်-၈၊ စေ-၃၆ သမ္ပယုတ္တခန္ဓာ၊	၁၂
၆။	**တ-ဒု**	ပဥ္စဝေါ. လောကုတ္တရာ-၈၊ စိတ္တက္ခဏ..ဉ်ရှိ မဂ္ဂင်-၈	သဟိတ်စိတ္တဇရုပ်၊	၁၁
၇။	**တ-ဒုတ**	ပဥ္စဝေါ. လောကုတ္တရာ-၈၊ စိတ္တက္ခဏ..ဉ်ရှိ မဂ္ဂင်-၈	ကုတ်-၈၊စေ-၃၆ သမ္ပခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊	၁၀

၁။ (ပ-ပ) ပထမော ပထမသ (ပါ.ပ-၄၅၆)

အနုဝါဒပါဋိတော် (ပထမ-ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ပ) ကတ္တား	သမ္ပဒါန် (ပ)
၁။	သံကိလိဋ္ဌသံကိလေသိကာနိ **မဂ္ဂင်္ဂါနိ** အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်ရှိသော ဝိတက်,ဝီရိယ,ဧကဂ္ဂတာ,ဒိဋ္ဌိ မဂ္ဂင်-၄	သမ္ပယုတ္တကာနံ ခန္ဓာနံ အကု-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊

၂။ (ပ-ဒု) ပထမော ဒုတိယသ (ပါ.ပ-၄၅၆)

၁။	သံကိလိဋ္ဌသံကိလေသိကာနိ **မဂ္ဂင်္ဂါနိ** ပဥ္စဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. မဂ္ဂင်-၄	စိတ္တသမုဋ္ဌာနာနံ ရူပါနံ အကုသိုလ်ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊

၃။ (ပ-ပဒု) ပထမော ပထမဒုတိယသ (ပါ.ပ-၄၅၆)

၁။	သံကိလိဋ္ဌသံကိလေသိကာနိ **မဂ္ဂင်္ဂါနိ** ပဥ္စဝေါ အကု-၁၂၊ စေ-၂၇ စိတ္တက္ခဏတခုတခုဉ်. မဂ္ဂင်-၄	သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အကု-၁၂၊ စေ-၂၇ သမ္ပယုတ္တခန္ဓာ၊ အကုသိုလ်ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊

www.dhammadownload.com

၄။ (ဒု–ဒု) ဒုတိယော ဒုတိယဿ (ပါ.ပ–၄၅၆)

အနုဝါဒပါဠိတော် (ပထမ–ကို ဆင်ခြားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ဒု) ကတ္တား	သမ္ဗဒါန် (ဒု)
၁။	အညသ်ကိလိဋ္ဌသ်ကိလေသိကာနိ **မဂ္ဂင်္ဂါနိ** လောကီကု–၁၇၊ သဟိတ်ကိ်ဝိ–၁၇၊ သဟိတ်ကြို–၁၇ စေ–၃၈ စိတ္တက္ခဏတခုတခုရှိသော၊ မဂ္ဂင်–၈	သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ လောကီကု–၁၇၊ သဟိတ်ကိ်ဝိ–၁၇၊ သဟိတ်ကြို– ၁၇၊ စေ–၃၈ သမ္ပ.ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊
	ပဋိသန္ဓိက္ခဏေ အညသ်ကိလိဋ္ဌသ်ကိလေသိကာနိ **မဂ္ဂင်္ဂါနိ** သဟိတ်ပဋိသန္ဓေ–၁၇၊ စေတသိက်–၃၅ စိတ္တက္ခဏ..၌ ပညာ၊ တက်၊ ဝီရိယ၊ သတိ၊ ၈၊ မဂ္ဂင်–၅ (ဝိရတိ ၃✕)	သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ ၈ ရူပါနံ သဟိတ်ပဋိသန္ဓေ–၁၇၊ စေ–၃၅ သမ္မယုတ္တခန္ဓာ၊ ကဋတ္တာရုပ်(သဟိတ်ပဋိသန္ဓေကမ္မဇရုပ်)

၅။ (တ–တ) တတိယော တတိယဿ (ပါ.ပ–၄၅၆)

၁။	အညသ်ကိလိဋ္ဌအညသ်ကိလေသိကာနိ **မဂ္ဂင်္ဂါနိ** လောကုတ္တရာ–၈၊ စိတ္တက္ခဏ..၌ရှိ မဂ္ဂင်–၈	သမ္မယုတ္တကာနံ ခန္ဓာနံ လောကုတ်–၈၊ အပ္ပကြဉ်စေ–၃၆ သမ္မယုတ္တခန္ဓာ

၆။ (တ–ဒု) တတိယော ဒုတိယဿ (ပါ.ပ–၄၅၆)

၁။	အညသ်ကိလိဋ္ဌအညသ်ကိလေသိကာနိ **မဂ္ဂင်္ဂါနိ** ပဋ္ဌဝေါ. လောကုတ္တရာ–၈၊ စိတ္တက္ခဏ..၌ရှိ မဂ္ဂင်–၈	စိတ္တသမုဋ္ဌာနာနံ ရူပါနံ လောကုတ္တရာ–၈ ပြုအပ်သော သဟိတ်စိတ္တဇရုပ်

၇။ (တ–ဒုတ) တတိယော ဒုတိယတတိယဿ (ပါ.ပ–၄၅၆)

၁။	အညသ်ကိလိဋ္ဌအညသ်ကိလေသိကာနိ **မဂ္ဂင်္ဂါနိ** ပဋ္ဌဝေါ. လောကုတ္တရာ–၈၊ စိတ္တက္ခဏ..၌ရှိ မဂ္ဂင်–၈	သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ လောကုတ်–၈၊ အပ္ပကြဉ်စေ–၃၆ သမ္မယုတ္တခန္ဓာ လောကုတ္တရာ–၈ ပြုအပ်သော သဟိတ်စိတ္တဇရုပ်

? မဂ်သည် နိဗ္ဗာန်၏အကြောင်းလော၊ မဂ်သည် နိဗ္ဗာန်၏အကြောင်းဟုတ်–မဟုတ် စိစစ်ပြပါ။

နိဗ္ဗာန်သည် အကြောင်းတရားတို့ မပြုပြင်မစီရင်အပ်သော 'အသင်္ခတတရား' ဖြစ်၏။ မိမိက ပြီးစေတတ်သောတစ်စုံတစ်ခုသောအကြောင်း မရှိသော 'အပစ္စယတရား' ဖြစ်၏။

မဂ်တရားတို့သည် နိဗ္ဗာန်ကိုပြီးစေတတ်သော အကြောင်းမဟုတ်၊ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်သာ ဖြစ်၏။

သဟဇယ်(၇)စည်း မှတ်ဖွယ် – သဟဇာတအင်္ဂယ် အကျဉ်းချုပ်

သုဒ္ဓသင်္ခါရ၏အသံအတိုင်း ပါဠိထုတ်ရမှု၊ သုဒ္ဓသင်္ခါရ၏ ပစ္စည်း, ပစ္စယုပ္ပန်ကို ကု၊ အကု၊ ဗျာ ဟုသရုပ်ခွဲကာ ကောက်ရမှု၊ သုဒ္ဓသင်္ခါရ၏ပစ္စည်းရေအားလျော်စွာ ကရိဏ်းကောက် ရမှုများသာ ဖြစ်၍ သုဒ္ဓသင်္ခါရကို ကြေညက်စွာရပါလျှင် အသွားအလာသရုပ်ကို အနည်းငယ်မှတ်သားရုံမှတပါး ပါဠိအကောက် များကို တစ်စုံတရာ ကျက်စရာမလိုပေ။ ကျက်သင့်သည်ကို ကြေပါစေ။

မကျက်ဘဲ ကိစ္စပြီးသင့်သည်ကို ပြီးပါစေ။ *ပဋ္ဌာန်းပါရဂူကျမ်း။(၉၈)*

www.dhammadownload.com

သဟဇာတအကြီး ၄-ပစ္စည်း

သဟဇာတမျိုးတွင် **သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ** ၄-ပစ္စည်းတို့သည် ခေါင်းဆောင်ပစ္စည်းများဖြစ်ခြင်းကြောင့် သဘာဂပစ္စည်းရေသည် ၄-ပစ္စည်း ဖြစ်ပါသည်။

****** သဟဇာတပစ္စည်းအား ရှင်းလင်းတင်ပြခြင်းသည် ကြွင်းသောသဟကြီးများနှင့် တူ၏။**

သဟဇာတ ပစ္စည်း ၃-ပါး (*ပစ္စည်း ပွန် ၃-စုံကို ဆိုလိုပါသည်၊*)

သဟဇာတပစ္စည်းသည် (၁) နာမက္ခန္ဓာပစ္စည်း၊ (၂) မဟာဘုတ်ပစ္စည်း၊ (၃) ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုပစ္စည်း ဟူ၍ ၃-ပါးရှိပါသည်။

↓ အားတပ်သော ↰

ပစ္စည်း		ပစ္စည်း(ကတ္တား)		ပစ္စယုပွန်(သမ္ပဒါန်)	သင်္ချာ	ပစ္စည်းရေ
၁။ ၂။ ၃။ ၄။	သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊	၁။	အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊	အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငင်း	၉	၄
		၂။	မဟာဘုတ် ၄-ပါး၊	အချင်းချင်းအားငင်း၊ ဥပါဒါရုပ်အားငင်း		
		၃။	ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊	အချင်းချင်း		

သုဒ္ဓသင်္ချာဆိုရိုး။ ။ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငင်းတပ်သော အလုံးစုံသော ပဝတ္တိ၊ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအားငင်း၊ ဥပါဒါရုပ်အားငင်းတပ်သော မဟာဘုတ် ၄-ပါး။ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာ နဝ။ ပစ္စည်းရေ-၄ ဟူသည်တည်း။

သင်္ချာ နဝ ဟူသော်ကား- (ပ-ပ)(ပ-ဒု)(ပ-ပဒု) / (ဒု-ဒု) / (တ-တ)(တ-ဒု)(တ-ဒုတ)
(ဒုတ-ဒု) / (ပဒု-ဒု) ဟူသည်တည်း။

ပစ္စည်းရေ-၄ ဟူသည်ကား- သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

* **အချင်းချင်းအားငင်း**ဆိုသည်မှာ နာမ်အချင်းချင်း ဖြစ်ပါသည်။
ပစ္စည်းဘက်က အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါးဖြစ်သောကြောင့် စိတ်-၈၉၊ စေ-၅၂ ဖြစ်ပါသည်။ အချင်းချင်းအားငင်း၊ စိတ္တဇရုပ်အားငင်း၊ ပဋိသန္ဓေကမ္မဇရုပ်အားငင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငင်းတပ်သော ဟုဆိုရမည့်အစား စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဆိုသည့်အသံကို အလယ်ကမြှုပ်ထားခဲ့ပါသည်။
ထို့ကြောင့် ပစ္စည်းသည် စိတ်-၈၉, စေ-၅၂ ပစ္စယုပွန်သည် စိတ်-၈၉, စေ-၅၂, ရုပ်-၂၈ ရပါသည်။

* အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထုဆိုသည်မှာ-
- ဟဒယဝတ္ထုအားတပ်သော ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ (ခန္ဓာ ဝတ္ထုသ)
- ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာအားတပ်သော ဟဒယဝတ္ထု (ဝတ္ထု ခန္ဓာနံ) ဖြစ်ပါသည်။

www.dhammadownload.com

သဟဇာတပစ္စည်း– ပစ္စည်း,ပစ္စယုပွန် သုဒ္ဓသရုံသရုပ်ခွဲ

↓ အားတပ်သော ↑

၁။	ပ–ပ		အကုသိုလ်စိတ်–၁၂၊ စေတသိက်–၂၇ အစိတ်အစိတ်နာမကွန္ဓာ၊ (၁=၃၊ ၃=၁၊ ၂=၂)	အကုသိုလ်စိတ်–၁၂၊ စေတသိက်–၂၇ အစိတ်အစိတ်နာမကွန္ဓာ၊	၆
၂။	ပ–ဒု		အကု–၁၂၊ စေ–၂၇ အစိတ်အပေါင်းနာမကွန္ဓာ၊	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊	၅
၃။	ပ–ပဒု		အကု–၁၂၊ စေ–၂၇ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊	အကု–၁၂၊ စေ–၂၇ အစိတ်အစိတ်နာမကွန္ဓာ၊ စိတ္တဇရုပ်၊	၄
၄။	ဒု–ဒု	ဝတ္ထုဒ်	ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ–၃၈၊ အစိတ်အစိတ် နာမကွန္ဓာ၊	ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ–၃၈၊ အစိတ်အစိတ် နာမကွန္ဓာ၊ စိတ္တဇရုပ်၊	၈
		ဝတ္ထုဒ်	ပဋိသန္ဓေ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊ **ဟဒယဝတ္ထု**၊	ပဋိ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊ **ကဋတ္တာရုပ်**၊	၈
		ဝတ္ထုဒ်	စိတ္တဇမဟာဘုတ်၊ ပဋိ–ကမ္မဇ၊ ဗာ၊ ဟာ၊ ဥ၊ အသည–ကမ္မဇ၊ ပဝတ္တိကမ္မဇမဟာဘုတ်၊ (အလုံးစုံသောမဟာဘုတ်–၄)	**ဘုတ်နှင့်တကွသော** စိတ္တဇဥပါဒါရုပ်၊ ပဋိ–ကမ္မဇ၊ ဗာ၊ဟာ၊ဥ၊ အသည–ကမ္မဇ၊ ပဝတ္တိကမ္မဇဥပါဒါရုပ်၊ (ဘုတ်+ဥပါဒါရုပ်)	၅
၅။	တ–တ		ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်နာမကွန္ဓာ၊	ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်နာမကွန္ဓာ၊	၇
၆။	တ–ဒု		ကုတ်–၈၊ စေ–၃၆ အစိတ်အပေါင်းနာမကွန္ဓာ၊	ကုတ်–၈ ပြုအပ်သော စိတ္တဇရုပ်၊	၆
၇။	တ–ဒုတ		ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊	ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်နာမကွန္ဓာ၊ စိတ္တဇရုပ်၊	၅
၈။	ဒုတ–ဒု		ပဋ္ဌဝေါ. ကုတ်–၈၊ စေ–၃၆ အစိတ်အပေါင်း နာမကွန္ဓာ၊ အစိတ်အပေါင်း မဟာဘုတ်၊	ကုတ်–၈ ပြုအပ်သော စိတ္တဇရုပ်၊	၄
၉။	ပဒု–ဒု		ပဋ္ဌဝေါ. အကု–၁၂၊ စေ–၂၇ အစိတ်အပေါင်း နာမကွန္ဓာ၊ အစိတ်အပေါင်း မဟာဘုတ်၊	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊	၄

(စိတ္တဇရုပ်အတွက် သီးခြားကောက်လျှင် ဒွေ–၁၀, အရု–၄ ကိုကြဉ်၍ကောက်ရန်)

(က) ပစ္စယုပွန်ဘက်က နာမ်တရားနေလျှင် အချင်းချင်းအားတပ်သောဟု ဆိုပါသည်။
ကတ္တားပါဌ်အရကိုလည်း အစိတ်အစိတ် နာမကွန္ဓာ ဟုဆိုပါသည်။

(ခ) ပစ္စယုပွန်ဘက်က ရုပ်ရှိလျှင် စိတ္တဇရုပ်အားတပ်သော အစရှိသည်ဖြင့် ဆိုပါသည်။
ကတ္တားပါဌ်အရကိုလည်း အစိတ်အပေါင်း နာမကွန္ဓာ ဟုဆိုပါသည်။

(ဂ) နှစ်ချက်လုံးပါနေပါက နှစ်ချက်လုံးပင် အကုန်ဆိုပါသည်။

သဟဇာတ အကြီး, အလတ် ကျေးဇူးပြုပုံများ

(၁) **နာမ်အချင်းချင်း** – စိတ်,စေတသိက်များကို ခန္ဓာဖွဲ့၍ နာမကွန္ဓာများဖြင့် ဟော၏။

(၂) **နာမ်ကရုပ်** – ပစ္စည်းနာမ်ဆိုသော်လည်း စိတ္တဇရုပ်ကို မဖြစ်စေနိုင်သော–၁၄ ကြဉ်၊

[အရူပဘုံ၌ စိတ္တဇရုပ်မရှိ၍ အရူပဝိပါက်–၄။ အားနည်း၍ ဈာန်ကိစ္စမတတ်, စိတ္တဇရုပ်ကို မဖြစ်စေနိုင်သော ဒွေပဋ္ဌ–၁၀။ ဝင်္ဆမ်ပြတ်ပြီး၍ အလွန်သိမ်မွေ့သော ရဟန္တာတို့၏ စုတိစိတ်။ အတူတကွဖြစ်သော ဟဒယဝတ္ထု ကိုသာမှီရသော ပဋ္ဌဝေါကာရပဋိသန္ဓေ။]

www.dhammadownload.com

(၃) **နာမ်ကနာမ်ရုပ်** – ပဝတ္တိအခါ– စိတ်ဖေါက်ပြန်တိုင်း ရုပ်ပြောင်းလဲမှု၌ မြင်နိုင်၏။
(၄) **ရုပ်ကနာမ်** – ပဋိသန္ဓေအခါ– "ဝတ္ထု ခန္ဓာနံ"ဟု ဟောပါသည်။
(၅) **ရုပ်အချင်းချင်း**– (ရုပ်သက်သက်) ဘုတ်အချင်းချင်း၊ ဘုတ်က ဥပါဒါရုပ်၊
(၆) **နာမ်ရုပ်ကရုပ်**– ခန္ဓာနှင့် မဟာဘုတ်က ပဝတ္တိအခါ စိတ္တဇရုပ်ကိုကျေးဇူးပြု၊
ကရိုဏ်း * သဟဝယ်များသည် တရားကိုယ်သာရကြ၍ သဟကြီးတွင် ပစ္စည်းမပြိုင်နိုင်ပါ။

သဟဇာတ အကြီး,အလတ် ပါဋိတော်ဇယား

ပဒ	ပဒါဝ သာန	ပစ္စည်း = ကတ္တား					ပစ္စယုပွန် = သမ္ပဒါန်					
ပ	ပ	သံကိလိဋ္ဌသံကိလေသိကော	၁	၃	၂	၂	၃	၁	၂			
	ဒု	သံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ					စိတ္တသမုဋ္ဌာနာနံရူပါနံ					
	ပဒု	သံကိလိဋ္ဌသံကိလေသိကော	၁	၃	၂	၂	၃	၁	၂	။	နဋ္ဌရူပါနံ	
ဒု	(ပဝတ္တိ (ပဋိ	အသံကိလိဋ္ဌသံကိလေသိကော	၁	၃	၂	၂	၃	၁	၂	။	နဋ္ဌရူပါနံ	
		ပဋိသန္ဓိကွဏေ အသံကိလိဋ္ဌသံကိလေသိကော	၁	၃	၂	၂	၃	၁	၂		ကဋတ္တာစရူပါနံ	
		ခန္ဓာ					ဝတ္ထုသ					
		ဝတ္ထု					ခန္ဓာနံ					
	ဒု	(ရုပ်သက်သက်)	၁	၃	၂	(မဟာဘူတာ)	၃	၁	၂	စိတ္တသမုဋ္ဌာနာနံရူပါနံ	ကဋတ္တာရူပါနံ	ဥပါဒါရူပါနံ
		ဗာဟိရံ	။			(။)	။					(။)
		အာဟာရသမုဋ္ဌာနံ	။			(။)	။					(။)
		ဥတုသမုဋ္ဌာနံ	။			(။)	။					(။)
		အသညသတ္တာနံ	။			(။)	။				(။	။)
တ	တ	အသံကိလိဋ္ဌအသံကိလေသိကော	၁	၃	၂	၂	၃	၁	၂			
	ဒု	အသံကိလိဋ္ဌအသံကိလေသိကာ ခန္ဓာ					စိတ္တသမုဋ္ဌာနာနံရူပါနံ					
	တဒု	အသံကိလိဋ္ဌအသံကိလေသိကော	၁	၃	၂	၂	၃	၁	၂	။	နဋ္ဌရူပါနံ	
ဒုတ	ဒု	အသံ..အသံ..သိကာ ခန္ဓာ စ မဟာဘူတာ စ					စိတ္တသမုဋ္ဌာနာနံရူပါနံ					
ပဒု	ဒု	သံ..သံ..သိကာ ခန္ဓာ စ မဟာဘူတာ စ					စိတ္တသမုဋ္ဌာနာနံရူပါနံ					

* အညမညပစ္စည်း – ဝတ္ထုသ စ ဟောမှု၊
– မဟာဘုတ်ချင်းသာကျေးဇူးပြုပြီး၊ ဥပါဒါရုပ်အားကျေးဇူး မပြုမှု သတိပြု။
* ဝိပါကပစ္စည်း – ခန္ဓာ ဝတ္ထုသ သာဟောရမှု သတိပြုရန်။
* ဝိပ္ပယုတ္တပစည်း – ပစ္စည်း/ပွန် ရုပ်–နာမ်၊ နာမ်–ရုပ် သက်သက်သာဟောမှု သတိပြု။

www.dhammadownload.com

၁။ (ပ–ပ) ပထမော ပထမသ (ပါ.ပ–၄၅၀) ပါဠိတော်တွင် သဟဇာတပစ္စယေန ပစ္စယော။ သာဟော

အနုဝါဒပါဠိတော် (ပထမ–ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ပ) ကတ္တား	သမ္မဒါန် (ပ)
၁။	သံကိလိဋ္ဌသံကိလေသိကော (ဇ၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော အကု–၁၂၊ စေ–၂၇ အစိတ်အစိတ်နာမကွန္ဓာ၊	(တိဏ္ဍန်း၊ ဧကသ၊ ဒွိန်း)[၃ ၁ ၂] ခန္ဓာနံ၊ အကု–၁၂၊ စေ–၂၇ အစိတ်အစိတ်နာမကွန္ဓာ၊

၂။ (ပ–ဒု) ပထမော ဒုတိယသ

၁။	သံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ ပဋ္ဌဝေါ. အကု–၁၂၊ စေ–၂၇ အစိတ်အပေါင်းနာမကွန္ဓာ၊	စိတ္တသမုဋ္ဌာနာနံ ရူပါနံ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

၃။ (ပ–ပဒု) ပထမော ပထမဒုတိယသ

၁။	သံကိလိဋ္ဌသံကိလေသိကော (ဇ၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော ပဋ္ဌဝေါ. အကု–၁၂၊ စေ–၂၇ အစိတ်အစိတ် အစိတ်အပေါင်းနာမကွန္ဓာ၊	[၃ ၁ ၂] ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အကု–၁၂၊ စေ–၂၇ အစိတ်..နာမကွန္ဓာ၊ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

၄။ (ဒု–ဒု) ဒုတိယော ဒုတိယသ

၁။	ဝတ္တာ	အသံကိလိဋ္ဌသံကိလေသိကော (ဧကော၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ–၃၈၊ အစိတ်အစိတ်နာမကွန္ဓာ၊	(တိဏ္ဍန်း၊ ဧကသ၊ ဒွိန်း) [၃ ၁ ၂] ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ–၃၈၊ အစိတ်အစိတ် နာမကွန္ဓာ၊ စိတ္တဇရုပ်၊
၂။	ပဋိသန္ဓေ	ပဋိသန္ဓိကွဏေ အသံကိလိဋ္ဌသံကိလေသိကော (ဧကော၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော ပဋိသန္ဓေ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊ **ဟဒယဝတ္ထု**၊	(တိဏ္ဍန်း၊ ဧကသ၊ ဒွိန်း) [၃ ၁ ၂] ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ပဋိ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊ **ကဋတ္တာရုပ်**၊
		ခန္ဓာ ပဋိသန္ဓေ–၁၉၊ စေ–၃၅၊ အစိတ်အပေါင်း	ဝတ္ထုသ ဟဒယဝတ္ထု
		ဝတ္ထု **ဟဒယဝတ္ထု**	ခန္ဓာနံ ပဋိသန္ဓေ–၁၉၊ စေ–၃၅၊ အစိတ်အပေါင်း
၃။	ရုပ်သက်သက်	(ဧကံ၊ တယော၊ ဒွေ) [၁ ၃ ၂] မဟာဘူတံ၊ စိတ္တဇ, ပဋိ–ကမ္မဇမဟာဘုတ် (၁/၃/၂)	(တိဏ္ဍန်း၊ ဧကသ၊ ဒွိန်း) [၃ ၁ ၂] မဟာဘူတာနံ စိတ္တဇ,ပဋိ–ကမ္မဇမဟာဘုတ်(၃/၁/၂)
		မဟာဘူတာ အလုံးစုံသော စိတ္တဇ, ပဋိ–ကမ္မဇမဟာဘုတ်	စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကဋတ္တာရူပါနံ၊ ဥပါဒါရူပါနံ စိတ္တဇရုပ်၊ ကဋတ္တာရုပ်၊ ဥပါဒါရုပ်၊
	ဟာဟိရ	ဗာဟိရံ [၁ ၃ ၂] မဟာဘူတံ၊ ဗာဟိရမဟာဘုတ်(၁/၃/၂) (ဟာ,ဥတုဇ နည်းတူယူ)	(တိဏ္ဍန်း၊ ဧကသ၊ ဒွိန်း) [၃ ၁ ၂] မဟာဘူတာနံ ဗာဟိရမဟာဘုတ် (၃/၁/၂)
		မဟာဘူတာ အလုံးစုံသော ဗာဟိရမဟာဘုတ်	ဥပါဒါရူပါနံ ဥပါဒါရုပ်
	အသည	အသညသတ္တာနံ [၁ ၃ ၂] မဟာဘူတံ၊ အသည–,ပဝတ္တိကမ္မဇမဟာဘုတ် (၁/၃/၂)	(တိဏ္ဍန်း၊ ဧကသ၊ ဒွိန်း)[၃ ၁ ၂] မဟာဘူတာနံ အသည–,ပ.ကမ္မဇ.ဘုတ် (၃/၁/၂)
		မဟာဘူတာ အလုံးစုံသော အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇမဟာဘုတ်၊	ကဋတ္တာရူပါနံ ဥပါဒါရူပါနံ ကဋတ္တာရုပ်၊ ဥပါဒါရုပ်၊

www.dhammadownload.com

၅။ (တ–တ) တတိယော တတိယသ

အနုဝါဒပါဋိတော်

(ပထမ–ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(တ) ကတ္တား	သမ္မဒါန် (တ)
၁။	အသံကိလိဋ္ဌအသံကိလေသိကော [၁၃၂]ခန္ဓော လောကုတ္တရာ–၈၊ စေ–၃၆ အစိတ်အစိတ်နာမက္ခန္ဓာ၊	(တိဏ္ဏန်း၊ ဧကသ၊ ဒွိန်း)[၃၁၂]ခန္ဓာနံ၊ ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်နာမက္ခန္ဓာ

၆။ (တ–ဒု) တတိယော ဒုတိယသ

၁။	အသံကိလိဋ္ဌအသံကိလေသိကာ ခန္ဓာ ပဥ္စဝေါ. ကုတ်–၈၊ စေ–၃၆ အစိတ်အပေါင်းနာမက္ခန္ဓာ၊	စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကုတ်–၈ ပြုအပ်သော စိတ္တဇရုပ်၊

၇။ (တ–ဒုတ) တတိယော ဒုတိယတတိယသ

၁။	အသံကိလိဋ္ဌအသံကိလေသိကော [၁၃၂]ခန္ဓော ပဥ္စဝေါ. ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ် အစိတ်အပေါင်းနာမက္ခန္ဓာ၊	[၃၁၂]ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ ကုတ်–၈၊ စေ–၃၆ အစိတ်..နာမက္ခန္ဓာ၊ စိတ္တဇရုပ်၊

၈။ (ဒုတ–ဒု) ဒုတိယတတိယော ဒုတိယသ

၁။	အသံကိလိဋ္ဌအသံကိလေသိကာ ခန္ဓာ စ မဟာဘူတာ စ ပဥ္စဝေါ. ကုတ်–၈၊ စေ–၃၆ အစိတ်..၊ အစိတ်အပေါင်းနာမက္ခန္ဓာ၊ မဟာဘုတ်	စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကုတ်–၈၊ စေ–၃၆ ပြုအပ်သော စိတ္တဇရုပ်၊

၉။ (ပဒု–ဒု) ပထမဒုတိယော ဒုတိယသ

၁။	သံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ စ မဟာဘူတာ စ ပဥ္စဝေါ. အကု–၁၂၊ စေ–၂၇ အစိတ်..၊ အစိတ်အပေါင်းနာမက္ခန္ဓာ၊ မဟာဘုတ်	စိတ္တသမုဋ္ဌာနာနံ ရူပါနံ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

****** သဟဇာတပစ္စည်းအား ရှင်းလင်းတင်ပြခြင်းသည် ကြွင်းသောသဟကြီးများနှင့် တူ၏။**

သဟကြီး(၄)ပစ္စည်း မှတ်ဖွယ်

? သဟဇာတပစ္စည်းသည် မည်သည့်ခဏ၌ ကျေးဇူးပြုသည်ကို အဋ္ဌကထာ၊ မူလဋီကာ၊ အနုဋီကာတို့၏ ယူဆပုံများ–

အတူတကွ တပြိုင်နက်ဖြစ်ခြင်းကြောင့် ပစ္စယုပွန်တရားများသည် ပစ္စည်းတရားမဖြစ်မီ ရှေးကဖြစ်နှင့်ပြီးနေတာ မဟုတ်ပါ။ ဆီမီးကြောင့်ဖြစ်ပေါ်လာသော အလင်းရောင်သည် ဆီမီးမတောက်မီက မရှိပါ။ ဆီမီးငြိမ်းပြီးနောက်လည်း မရှိပါ။ သဟဇာတပစ္စည်းကို–

* အဋ္ဌကထာဆရာက ဥပါဒ်ခဏမှာ ကျေးဇူးပြုသည်ဟု ဆိုပါသည်။
* မူလဋီကာဆရာက ဥပါဒ်ခဏသာမက ဌီခဏမှာလည်းကျေးဇူးပြုသည်ဟု ဆို၏။
* အနုဋီကာဆရာက ဆီမီးသည်အလင်းရောင်အား တည်နေဘို့ရန်အတွက် ကျေးဇူး ပြုနိုင်သဖြင့် ဌီခဏမှာ ကျေးဇူးပြုသည်ဟု ယူဆခြင်းသည် အလွန်လျောက်ပတ်သည်ဟု ဆိုပါသည်။

www.dhammadownload.com

နိဿယပစ္စည်း

မြေကြီးအစရှိသည်သည် သစ်ပင်,သတ္တဝါတို့၏ မှီရာဖြစ်သကဲ့သို့ စက္ခုအစရှိသော၀တ္ထုရုပ်တို့၏ စက္ခုဝိညာဉ် အစရှိသော ၇-ပါးသော၀ိညာဏာဓာတ်တို့အား ရှေးခဲ့မှီ၍ ကျေးဇူးပြုခြင်း၊ ဖြူသောအ၀တ်သည် ပန်းချီ,ဆေးရေး အစရှိသည်တို့၏ တကွမှီရာဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နာမက္ခန္ဓာ ၄-ပါး၊ မဟာဘုတ် ၄-ပါးတို့၏ မိမိမှကြွင်းသော နာမက္ခန္ဓာ၊ မဟာဘုတ် စိတ္တဇရုပ်၊ ဥပါဒါရုပ်တို့အား **တကွမှီရာ**ဖြစ်၍ ကျေးဇူးပြုခြင်းသဘောသည် နိဿယပစ္စည်း မည်၏။

(နိဿယပစ္စည်း(ပ၊-၄၁၄)တွင် ဤသဟဇာတမျိုး၌ သဟနိဆိုင်ရာသည် သဟဇာတနှင့် နည်းတူ၏။)

အတ္ထိပစ္စည်း

မြေကြီး၊ မြင်းမိုရ်တောင်စသည်တို့သည် စိမ်းရင်သော မြက်,သစ်ပင်တို့အား မိမိထင်ရှား ရှိသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ နာမက္ခန္ဓာစသည်တို့သည် မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ထင်ရှားရှိခြင်းဖြင့် ကျေးဇူးပြုသောသဘောသည် အတ္ထိပစ္စည်း မည်၏။

အဝိဂတပစ္စည်း

မဟာသမုဒ္ဒရာသည် ငါးကြီးတို့အား မိမိနှင့်မကင်းကောင်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ နာမက္ခန္ဓာအစရှိသည်တို့သည် မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ထင်ရှားရှိခြင်း၊ မကင်းခြင်းဖြင့် ကျေးဇူးပြုသောသဘောသည် အဝိဂတပစ္စည်း မည်၏။

? သဟဇာတနှင့် အညမည တူပုံ၊ ထူးပုံ

* သဟဇာတသဘောသည် အတူတကွဖြစ်ခြင်းဖြင့်သာ ကျေးဇူးပြုပါသည်၊
* အညမညကား အတူတကွဖြစ်ခြင်းသာမက မိမိ၏သတ္တိက အကျိုးတရားကိုလည်းပေး၊ မိမိကလည်း အကျိုးတရား၏သတ္တိကို ယူ၏။

**(၁) နာမ်ခန္ဓာအချင်းချင်း၊ (၂) ကလာပ်တူမဟာဘုတ်အချင်းချင်း၊ (၃) ပဋိသန္ဓေကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယ၀တ္ထုအချင်းချင်း ကျေးဇူးပြုရာ၌ သဟဇာတလည်းဖြစ်၊ အညမညလည်းဖြစ်၏။

✓× (၁) နာမ်က နာမ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့ကိုလည်းကောင်း၊
(၂) မဟာဘုတ်က ဥပါဒါရုပ်ကိုလည်းကောင်း ကျေးဇူးပြုရာ၌ သဟဇာတသာဖြစ်၍ အညမည မဖြစ်။

သဟဇာတအလတ် ၄-ပစ္စည်း

သဟဇာတအလတ်တွင် အညမည၊ ဝိပါက၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ ဟူ၍ ၄-ပစ္စည်းရှိ၏။

အညမညပစ္စည်း *= စိတ္တဇရုပ် မရ၊ ကဋတ္တာရုပ်မှ ဟဒယ၀တ္ထုသာ ရ၏။*

သုံးချောင်းထောက်ခွေးချေသည် မလဲအောင် အချင်းချင်း အပြန်အလှန်အားဖြင့် ကျေးဇူးပြုသကဲ့သို့ အညမညပစ္စည်းသည် (၁) နာမ်အချင်းချင်း၊ (၂) ကလာပ်တူမဟာဘုတ်အချင်းချင်း၊ (၃) ပဋိသန္ဓေကာရ ပဋိသန္ဓေနာမက္ခန္ဓာဟဒယ၀တ္ထုတို့ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုကြပါသည်။

အပြန်အလှန်ကျေးဇူးပြုရာတွင်လည်း သာတူညီမျှဖြစ်မှု၊ အဆင့်အတန်း, ဘ၀တူမှုဖြင့် ကျေးဇူးပြုသော သဘော ဖြစ်ပါသည်။

www.dhammadownload.com

အညမညသည် သဟဇာတမျိုးတွင်ပါဝင်ပြီး၊ သဟဇာတ၏ အစိပ်တရားဖြစ်ပါသည်။

* အညမညဖြစ်လျှင် သဟဇာတ ဧကန်ဖြစ်ပါသည်။ "အညမညပစ္စယာ သဟဇာတေ တိဏ်"
* သဟဇာတဖြစ်တိုင်း အညမည မဖြစ်ကြောင်းကို "သဟဇာတပစ္စယာ နု အညမညေ ပဋ္ဌ"

၅။	အညမည	အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊	အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ **ဟဒယဝတ္ထုအားငင်း**	၃	၁ ကြိမ်-၄ ည
		စိတ္တဇမဟာဘုတ်, ပဋိ.ကံ.ဘုတ်, ဗာ၊ ဟာ၊ ဥ..ဘုတ်, အသည.ကံ.ဘုတ်, ပဝတ္တိကံ.ဘုတ် အားဖြင့်ဘုတ်-၄	အချင်းချင်း		
		ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း		

အညမညပစ္စည်း၏ သုဒ္ဓသင်္ခါဝါရ၌ အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ ဟဒယဝတ္ထု အားငင်းတပ်သော အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အချင်းချင်းအားတပ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ် ကမ္မဇမဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်အားဖြင့် မဟာဘုတ်လေးပါး၊ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် အညမညပစ္စည်းတတ် သောတရားတို့ မည်ကုန်၏။ သင်္ခါ တိဏ်၊ ပစ္စည်းရေ-၅ ဟူသည်တည်း။

သင်္ခါ တိဏ် ဟူသော်ကား- (ပ-ပ)၊ (ဒု-ဒု)၊ (တ-တ) ဟူသည်တည်း။

ပစ္စည်းရေ-၅ ဟူသည်ကား- သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

* အညမညသည် သဟဇာတ၏အစိပ်တရားဟုဆိုခဲ့သည့်အတိုင်း သဟဇာတမှ

အညမညပစ္စည်း- ပစ္စည်း,ပစ္စယုပ္ပန် သုဒ္ဓသင်္ခါသရုပ်ခွဲ

↓ အားတပ်သော ←

၁။	ပ-ပ	အကုသိလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊ (၁ = ၃၊ ၃ = ၁၊ ၂ = ၂)		အကုသိလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊	၆
၂။	ဒု-ဒု	ဝတ္ထု	ကိုကု ၁၇, ကိုဝိ ၃၂, ကြို၂၀၊ စေ-၃၈၊ အစိတ်အစိတ် နာမက္ခန္ဓာ၊	ကိုကု ၁၇, ကိုဝိ ၃၂, ကြို၂၀၊ စေ-၃၈၊ အစိတ်အစိတ် နာမက္ခန္ဓာ၊	၇
		ဝတ္ထု	ပဋိသန္ဓေ-၁၉၊ တိကြဉ်စေ-၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမက္ခန္ဓာ၊ **ဟဒယဝတ္ထု၊**	ပဋိ-၁၉၊ တိကြဉ်စေ-၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမက္ခန္ဓာ၊ **ဟဒယဝတ္ထု၊**	၈
		ဝတ္ထု	စိတ္တဇမဟာဘုတ်၊ ပဋိ-ကမ္မဇ၊ ဗာ၊ ဟာ၊ ဥ၊ အသည-ကမ္မဇ၊ ပဝတ္တိကမ္မဇမဟာဘုတ်၊ (အလုံးစုံသောမဟာဘုတ်-၄)	စိတ္တဇမဟာဘုတ်၊ ပဋိ-ကမ္မဇ၊ ဗာ၊ ဟာ၊ ဥ၊ အသည-ကမ္မဇ၊ ပဝတ္တိကမ္မဇမဟာဘုတ်၊ (အလုံးစုံသောမဟာဘုတ်-၄)	၅
၃။	တ-တ	ကုတ်-၈၊ စေ-၃၆ အစိတ်အစိတ်နာမက္ခန္ဓာ၊		ကုတ်-၈၊ စေ-၃၆ အစိတ်အစိတ်နာမက္ခန္ဓာ၊	၆

* စတ္တာရော မဟာဘူတာ အညမည်-အရ မဟာဘုတ်သာရပါမည်။ ဥပါဒါရုပ်တို့ မရနိုင်ပါ။

www.dhammadownload.com

၁။ (ပ–ပ) ပထမော ပထမဿ (ပါ.ပ–၄၅၀) ပါဠိတော်တွင် အညမညပစ္စယေန ပစ္စယော။ သာဟော

အနုဝါဒပါဠိတော် (ပထမ–ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ပ) ကတ္တား	သမ္ပဒါန် (ပ)
၁။	သံကိလိဋ္ဌသံကိလေသိကော (ဧ၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော အကု–၁၂၊ စေ–၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊	(တိဏ္ဏန်း၊ ဧကဿ၊ ဒွိန်း)[၃ ၁ ၂] ခန္ဓာနံ၊ အကု–၁၂၊ စေ–၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊

၂။ (ဒု–ဒု) ဒုတိယော ဒုတိယဿ

၁။	ဝတ္ထု	အသံကိလိဋ္ဌသံကိလေသိကော (ဧကော၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ–၃၈၊ အစိတ်အစိတ်နာမက္ခန္ဓာ၊	(တိဏ္ဏန်း၊ ဧကဿ၊ ဒွိန်း) [၃ ၁ ၂] ခန္ဓာနံ ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ–၃၈၊ အစိတ်အစိတ် နာမက္ခန္ဓာ၊
၂။	ပဋ္ဌိသန္ဓေ	ပဋ္ဌိသန္ဓိက္ခဏေ အသံကိလိဋ္ဌသံကိလေသိကော (ဧကော၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော ပဋ္ဌိသန္ဓေ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမက္ခန္ဓာ၊ **ဟဒယဝတ္ထု**၊	(တိဏ္ဏန်း၊ ဧကဿ၊ ဒွိန်း) [၃ ၁ ၂] ခန္ဓာနံ ဝတ္ထုဿ စ ← ပဋ္ဌိသန္ဓေ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမက္ခန္ဓာ၊ **ဟဒယဝတ္ထု**၊
		ခန္ဓာ ပဋ္ဌိသန္ဓေ–၁၉၊ စေ–၃၅၊ အစိတ်အပေါင်း	ဝတ္ထုဿ ဟဒယဝတ္ထု
		ဝတ္ထု **ဟဒယဝတ္ထု**	ခန္ဓာနံ ပဋ္ဌိသန္ဓေ–၁၉၊ စေ–၃၅၊ အစိတ်အပေါင်း
၃။	ရုပ်သက်သက်	(ဧကံ၊ တယော၊ ဒွေ) [၁ ၃ ၂] မဟာဘူတံ၊ စိတ္တဇ, ပဋ္ဌိ–ကမ္မဇမဟာဘုတ် (၁/၃/၂)	(တိဏ္ဏန်း၊ ဧကဿ၊ ဒွိန်း) [၃ ၁ ၂] မဟာဘူတာနံ စိတ္တဇ,ပဋ္ဌိ–ကမ္မဇမဟာဘုတ်(၃/၁/၂)
		ဗာဟိရံ [၁ ၃ ၂] မဟာဘူတံ၊ ဗာဟိရမဟာဘုတ်(၁/၃/၂) (ဟာ,ဥ,ည နည်းတူ)	(တိဏ္ဏန်း၊ ဧကဿ၊ ဒွိန်း) [၃ ၁ ၂] မဟာဘူတာနံ ဗာဟိရမဟာဘုတ် (၃/၁/၂)

✪ ဝိပါကပစ္စည်း ယထာရဟရမှု– ဝိပါကပစ္စည်းတွင် "ဝတ္ထု ခန္ဓာနံ" မရှိ။ "ခန္ဓာ ဝတ္ထုဿ"သာရှိ၏။

၃။ (တ–တ) တတိယော တတိယဿ

အနုဝါဒပါဠိတော် (ပထမ–ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

၁။	အသံကိလိဋ္ဌအသံကိလေသိကော [၁ ၃ ၂] ခန္ဓော လောကုတ္တရာ–၈၊ စေ–၃၆ အစိတ်အစိတ်နာမက္ခန္ဓာ၊	(တိဏ္ဏန်း၊ ဧကဿ၊ ဒွိန်း)[၃ ၁ ၂] ခန္ဓာနံ၊ ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်နာမက္ခန္ဓာ

သဟဇာတဖြစ်၍ အညမညမဖြစ်သောတရာများ

စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတပါး ပဋ္ဌိသန္ဓေကမ္မဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော အခါအရူပဝိပါက် ၄–ခု, ဒွေပဋ္ဌဝိညာဉ်–၁၀, ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ,ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄–ပါး ဥပါဒါရုပ်အားတပ်သော မဟာဘုတ် ၄–ပါး၊

www.dhammadownload.com

ဝိပါကပစ္စည်း

မိမိကိုယ်တိုင်က ကံ၏အကျိုးဖြစ်၍ ကြောင့်ကြစိုက်ရခြင်း ဗျာပါရ လုံးဝမရှိ။ ငြိမ်သက် အေးချမ်းပြီး မိမိနှင့်အတူဖြစ်ဘက်တရားများကို ဗျာပါရငြိမ်းအေးစေရန် ကျေးဇူးပြုသော ပစ္စည်းသည် ဝိပါကပစ္စည်း ဖြစ်ပါသည်။ ဥပမာ– မှည့်ရင့်သောသစ်သီး,သစ်ပင့်တို့သည် အရိုန်အစွမ်းကုန်ခမ်း၍ သိမ်မွေ့နူးညံ့သော သဘောသို့ ရောက်ခြင်းနှင့် တူပါသည်။

တစ်ညလုံးအိပ်ပျော်နေသောပုဂ္ဂိုလ်၏ သန္တာန်မှာ ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါး ကိုအာရုံပြု၍ ဘဝင်, ဝိပါက်စိတ်များ တသွင်သွင်ဖြစ်နေသော်လည်း ကိုယ်, နှုတ်, စိတ် ပယောဂမရှိဘဲ စိတ်ဖြစ်နေခြင်းကိုမသိအောင် ငြိမ်သက်နေပါသည်။

ဝိပါက်နှင့် အခြားစိတ်များ အထူး

* ကုသိုလ်,အကုသိုလ်စိတ်များသည် (၁) ဝိပါက်ကိုဖြစ်အောင် ကြောင့်ကြစိုက်မှု၊
(၂) ကိုယ်အမူအရာ, နှုတ်အမူအရာဖြစ်အောင် ကြောင့်ကြစိုက်မှုတို့ ရှိကြသည်။
* ကြိယာစိတ်သည်– (၁) ဝိပါက်ကိုဖြစ်အောင် ကြောင့်ကြစိုက်မှု မရှိသော်လည်း၊
(၂) ကိုယ်အမူအရာ, နှုတ်အမူအရာဖြစ်အောင် ကြောင့်ကြစိုက်မှုတို့ ရှိကြသည်။
* ဝိပါက်စိတ်များသည်– ထိုနှစ်မျိုးလုံးမရှိ၍ သမွယုတ်တရားများကို ငြိမ်သက်အောင် ကျေးဇူးပြုထားခြင်းကြောင့် တစ်နေ့လုံး စိတ္တဗျာပါရအတွက် အလျှတ္တရုပ်ကြီးကို ပူလောင်မှုများသည် ဝိပါကပစ္စည်းဖြင့်ငြိမ်းမှုကို ရကြသည်။

? ဝိပါက်သည် ဝိပါက်အား အဘယ်ကြောင့် အာသေဝနပစ္စည်း မတပ်သနည်း။

ဝိပါကပစ္စည်းဆိုသည်မှာ မိမိကိုယ်တိုင်က ကံများ၏အကျိုးဖြစ်ခြင်းကြောင့် ဗျာပါရ ပယောဂ လုံးဝမရှိဘဲ ငြိမ်သက်အေးချမ်းလှသည့်အပြင် မိမိနှင့်အတူဖြစ်ဘက် တရားတွေကိုလည်း မိမိနည်းတူ ဗျာပါဒငြိမ်းအေးစေရန် ကျေးဇူးပြုသည့်ပစ္စည်းတရားဖြစ်သောကြောင့် အာသေဝနပစ္စည်းကဲ့သို့ ဇောတ်တူဖြစ်သည့် သဘောတူဖြစ်အောင် ရှေးရှေးဇောစိတ်က နောက်နောက်ဇောစိတ်အား ဇောတ်တူသဘောတူဖြစ်အောင် အားရှိအောင် အဖန်ဖန်ဖြစ်ပွားစေခြင်း ထုံခြင်းကိစ္စနှင့်ကျေးဇူးပြုနိုင်သည့်သဘော ဝိပါက်တွင် မရှိသဖြင့် ဝိပါက်သည် ဝိပါက်အား အာသေဝနပစ္စည်းမတပ်ခြင်း ဖြစ်ပါသည်။

ဖြ။	ဝိပါက	အလုံးစုံသော ဝိပါက် ပဝတ္တိ,ပဋိ နာမက္ခန္ဓာ လေးပါး	အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငင်း	၄	၅ ကြိုး+၀
		ပဋ္ဌေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊	ဟဒယဝတ္ထု။		

သုဒ္ဓသင်္ခါဆိုရိုး။ ။ ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ခါဝါရ၌ အချင်းချင်းအားငင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငင်းတပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ ဟဒယဝတ္ထုအားတပ်သော ပဋ္ဌေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဤတရားတို့သည် ဝိပါကပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ခါ စတ္တာရိ(၄)။ ပစ္စည်းရေ–၅ ဟူသည်တည်း။
သင်္ခါ 'စတ္တာရိ'ဟူသော်ကား– (၃–၃)/ (တ–တ)(တ–၃)(တ–၃တ) ဟူသည်တည်း။
ပစ္စည်းရေ–၅ ဟူသည်ကား– သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

www.dhammadownload.com

ဝိပါကပစ္စည်း သရုပ်ခွဲ

↓ အားတပ်သော ↑

၁။	ဒု–ဒု	ဝိပါကာ	လောကီဝိပါက်–၃၂, စေ–၃၅၊ အစိတ်အစိတ် နာမကွန္ဓာ၊	လောကီဝိပါက်–၃၂, စေ–၃၅၊ အစိတ်အစိတ် နာမကွန္ဓာ၊ စိတ္တဇရုပ်၊	၈
		ပဋိသန္ဓေ	ပဋိသန္ဓေ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊ **ဟဒယဝတ္ထု**၊	ပဋိ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊ **ကဋတ္တာရုပ်**၊	၈
၂။	တ–တ		ဖိုလ်–၄၊ စေ–၃၆ အစိတ်အစိတ်နာမကွန္ဓာ၊	ဖိုလ်–၄၊ စေ–၃၆ အစိတ်အစိတ်နာမကွန္ဓာ၊	၆
၃။	တ–ဒု		ဖိုလ်–၄၊ စေ–၃၆ အစိတ်အပေါင်းနာမကွန္ဓာ၊	ဖိုလ်–၄ ပြုအပ်သော စိတ္တဇရုပ်၊	၅
၄။	တ–ဒုတ		ဖိုလ်–၄၊ စေ–၃၆ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမကွန္ဓာ၊	ဖိုလ်–၄၊ စေ–၃၆ အစိတ်အစိတ်နာမကွန္ဓာ၊ စိတ္တဇရုပ်၊	၄

၁။ (ဒု–ဒု) ပထမော ပထမသ (ပါ.ပ–၄၅၅)

အနုဝါဒပါဋ္ဌိတော် (ပထမ–ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ဒု)	ကတ္တား	သမ္ပဒါန် (ဒု)
၁။	ဝိပါကာ	**ဝိပါကော** အသံကိလိဋ္ဌသံကိလေသိကော [၁ ၃ ၂]ခန္ဓော ကီဝိပါက်–၃၂၊ စေ–၃၅ အစိတ်အစိတ်နာမကွန္ဓာ၊ (ပစ္စည်း, ပွန် မတူပါ။ ၁=၃၊ ၃=၁၊ ၂=၂)	[၃ ၁ ၂]ခန္ဓာနံ၊ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ လောကီဝိပါက်–၃၂၊ စေ–၃၅ အစိတ်အစိတ် နာမကွန္ဓာ၊ စိတ္တဇရုပ်၊
၂။	ပဋိသန္ဓေ	ပဋိသန္ဓိကွဏေ **ဝိပါကော** အသံကိလိဋ္ဌသံကိလေသိကော [၁ ၃ ၂] ခန္ဓော ပဋ္ဌ.ပဋိ–၁၅၊ စေ–၃၅ အစိတ်[၂] အစိတ်အပေါင်းနာမကွန္ဓာ၊	[၃ ၁ ၂]ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ပဋိ–၁၅၊ စေ–၃၅ အစိတ်အစိတ် နာမကွန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်(ကဋတ္တာရုပ်)
		ခန္ဓာ– ပဋ္ဌ.ပဋိ..၁၅၊ စေ–၃၅၊ အစိတ်အပေါင်းနာ.န္ဓာ၊	ဝတ္ထုသ – ဟဒယဝတ္ထု

၂။ (တ–တ) တတိယော တတိယသ (ပါ.ပ–၄၅၅)

၁။	**ဝိပါကော** အသံကိလိဋ္ဌအသံကိလေသိကော [၁ ၃ ၂]ခန္ဓော ဖိုလ်–၄၊ စေ–၃၆ အစိတ်အစိတ်နာမကွန္ဓာ၊	(တိဏ္ဏန္နံ၊ ဧကသ၊ ဒွိန္နံ)[၃ ၁ ၂]ခန္ဓာနံ၊ ဖိုလ်–၄၊ စေ–၃၆ အစိတ်အစိတ်နာမကွန္ဓာ

၃။ (တ–ဒု) တတိယော ဒုတိယသ (ပါ.ပ–၄၅၅)

၁။	**ဝိပါကာ** အသံကိလိဋ္ဌအသံကိလေသိကာ ခန္ဓာ ပဋ္ဌဝေါ. ဖိုလ်–၄၊ စေ–၃၆ အစိတ်အပေါင်းနာမကွန္ဓာ၊	စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဖိုလ်–၄ ပြုအပ်သော စိတ္တဇရုပ်၊

၄။ (တ–ဒုတ) တတိယော ဒုတိယတတိယသ (ပါ.ပ–၄၅၅)

၁။	**ဝိပါကော** အသံကိလိဋ္ဌအသံကိလေသိကော [၁ ၃ ၂]ခန္ဓော ပဋ္ဌဝေါ. ဖိုလ်–၄၊ စေ–၃၆ အစိတ်အစိတ် အစိတ်အပေါင်းနာမကွန္ဓာ၊	[၃ ၁ ၂]ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဖိုလ်–၄၊ စေ–၃၆ အစိတ်..နာမကွန္ဓာ၊ စိတ္တဇရုပ်၊

www.dhammadownload.com

သမ္မယုတ္တပစ္စည်း

သမ္မယုတ္တပစ္စည်းများမှာ နာမ်အချင်းချင်းသာလျှင် ကျေးဇူးပြုသည့်တရား ဖြစ်ပါသည်။ ဤသဘောသည် ဖဿ၊ ဤသဘောသည် ဝေဒနာဟူ၍ မခွဲခြားနိုင်လောက်အောင် ဖြစ်အတူ၊ ပျက်အတူ၊ အာရုံတူ၊ မှီရာတူသည့် သမ္မယောဂလက္ခဏာလေးပါးနှင့်အညီ ပြည့်စုံညီညွတ်စွာ တစ်ပါး၏သဘောကို တစ်ပါးကလိုက်လျောပြီး တစ်ခုတည်းတစ်ပေါင်းတည်းယှဉ်ခြင်း သမ္မယောဂကိစ္စဖြင့် ကျေးဇူးပြုခြင်းသည် သမ္မယုတ္တပစ္စည်း ဖြစ်ပါသည်။ (ဖြစ်, ပျက်, မြို့, အာ တူလေးဖြာ)

ဥပမာ–* ချက်ပြီး စတုမခူ ၌ ဤအရသာသည် ထောပတ်, ဤအရသာသည် ပျားရည်ဟု မခွဲခြားနိုင်လောက်အောင် ရောနှောသမနေသကဲ့သို့တည်း။

* မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာမှ စီးဝင်လာသောရေများ သမုဒ္ဒရာသို့ရောက်သော်မည်သည့် မြစ်ကရေဟု မခွဲခြားနိုင်လောက်အောင် ရောနှောသမနေသကဲ့သို့တည်း။

* စက္ခုဝိညာဉ်စိတ်ကလေးဖြစ်လာသောအခါ စက္ခုဝိညာဉ်စိတ်, သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ခု၊ ဤ ၈–ခုသည် ခွဲခြားလို့မရ၊ တစ်ပေါင်းတည်းဖြစ်နေသော နာမ်ကလာပ်တစ်ခုကို တစ်ပါးစီ ခွဲခြမ်းပြီး သိခြင်းငှာမစွမ်းနိုင်သကဲ့သို့တည်း။

သမ္မယုတ္တပစ္စည်းသည် နာမ်တရားများသာ ပစ္စည်း, ပစ္စယုပွန် ဖြစ်နိုင်ပါသည်။ ရုပ်တရားနှင့် (လုံးဝ) မသက်ဆိုင်ပါ။ ရုပ်တရားများသည် သုဒ္ဓဋ္ဌကကလာပ်၊ နဝကကလာပ်စသည်ဖြင့် တစ်ပေါင်းတည်း ဖြစ်ပြီး ဖြစ်တူ,ပျက်တူ ဖြစ်ကြသော်လည်း ဤရုပ်တရားများသည်နာမ်မဟုတ်၊ နာမ်ကဲ့သို့ သမ္မယောဂလက္ခဏာလေးပါးနှင့်လည်း မပြည့်စုံသောကြောင့် သမ္မယုတ္တပစ္စည်း မထိုက်ပါ။

၇။	သမ္မယုတ္တ	အလုံးစုံသော ပဝတ္တိ,ပဋိ နာမက္ခန္ဓာ လေးပါး၊	အချင်းချင်း၊	၃	၆ ကြီးညသံ

သုဒ္ဓသင်္ချာဆိုရိုး။ ။ သမ္မယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အချင်းအချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ၊ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် သမ္မယုတ္တပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ချာ တီဏိ။ ပစ္စည်းရေ–၆ ဟူသည်တည်း။

သင်္ချာ တီဏီ ဟူသော်ကား– (ပ–ပ) (ဒု–ဒု) (တ–တ) ဟူသည်တည်း။

ပစ္စည်းရေ–၆ ဟူသည်ကား– သဟဇာတ၊ အညမည၊ နိဿယ၊ သမ္မယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

* ကရိုဏ်းတွင် ဝိပ္ပယုတ္တ (လုံးဝ)မရပါ။ သမ္မယုတ္တသည် ဝိပ္ပယုတ္တ၏ ဆန့်ကျင်ဘက်။

သမ္မယုတ္တပစ္စည်း သရုပ်ခွဲ ↓ အားတပ်သော ↰

၁။	ပ–ပ		အကုသိုလ်စိတ်–၁၂၊ စေတသိက်–၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊ (၁=၃၊ ၃=၁၊ ၂=၂)	အကုသိုလ်စိတ်–၁၂၊ စေတသိက်–၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊	၆
၂။	ဒု–ဒု	ဝိပ္ပ	ကီကု ၁၇, ကီဝိ ၃၂, ကြို၂၀၊ စေ–၃၈၊ အစိတ်အစိတ် နာမက္ခန္ဓာ၊	ကီကု ၁၇, ကီဝိ ၃၂, ကြို၂၀၊ စေ–၃၈၊ အစိတ်အစိတ် နာမက္ခန္ဓာ၊	၇
		ပဋိ	ပဋိ–၁၉၊ စေ–၃၅ အစိတ်အစိတ် နာမက္ခန္ဓာ၊	ပဋိ–၁၉၊ စေ–၃၅ အစိတ်အစိတ် နာမက္ခန္ဓာ၊	၇
၃။	တ–တ		ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်နာမက္ခန္ဓာ၊	ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်နာမက္ခန္ဓာ၊	၆

www.dhammadownload.com

၁။ (ပ–ပ) ပထမော ပထမဿ (ပါ.ပ–၄၅၆) ပါဠိတော်တွင် သမ္မယုတ္တပစ္စယေန ပစ္စယော။ သာဟော

အနုဝါဒပါဠိတော် (ပထမ–ကို ထင်ရှားရန်ထပ်မံဖွင့်ဆို)

စဉ်	ပစ္စည်း(ပ) ကတ္တား	သမ္ပဒါန် (ပ)
၁။	သံကိလိဋ္ဌသံကိလေသိကော (၈၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော အကု–၁၂၊ စေ–၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊	(တိဏ္ဍန်း၊ ဧကဿ၊ ဒွိန်း)[၃ ၁ ၂] ခန္ဓာနံ၊ အကု–၁၂၊ စေ–၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊

၂။ (ဒု–ဒု) ဒုတိယော ဒုတိယဿ

၁။	ပဝတ္တိ	အသံကိလိဋ္ဌသံကိလေသိကော [၁ ၃ ၂] ခန္ဓော ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ–၃၈၊ အစိတ်အစိတ်နာမက္ခန္ဓာ၊	(တိဏ္ဍန်း၊ ဧကဿ၊ ဒွိန်း) [၃ ၁ ၂] ခန္ဓာနံ ကီကု ၁၇, ကီဝိ ၃၂, ကြိ၂၀၊ စေ–၃၈၊ အစိတ်အစိတ်နာမက္ခန္ဓာ၊
၂။	ပဋိသန္ဓိ	ပဋိသန္ဓိက္ခဏေ အသံကိလိဋ္ဌသံကိလေသိကော (ဧကော၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓော ပဋိသန္ဓေ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်နာမက္ခန္ဓာ၊	(တိဏ္ဍန်း၊ ဧကဿ၊ ဒွိန်း) [၃ ၁ ၂] ခန္ဓာနံ ပဋိ–၁၉၊ တီကြဉ်စေ–၃၅ အစိတ်အစိတ်နာမက္ခန္ဓာ၊

၃။ (တ–တ) တတိယော တတိယဿ

၁။	အသံကိလိဋ္ဌအသံကိလေသိကော [၁ ၃ ၂] ခန္ဓော လောကုတ္တရာ–၈၊ စေ–၃၆ အစိတ်အစိတ်နာမက္ခန္ဓာ၊	(တိဏ္ဍန်း၊ ဧကဿ၊ ဒွိန်း)[၃ ၁ ၂] ခန္ဓာနံ၊ ကုတ်–၈၊ စေ–၃၆ အစိတ်အစိတ်နာမက္ခန္ဓာ

သဟဇာတဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တပစ္စည်းသည် **သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ** ဟူ၍ အကျဉ်းအားဖြင့် ၃–မျိုး ရှိပါသည်။ သဟဇာတမျိုးအား လေ့လာနေသောကြောင့် **သဟဇာတဝိပ္ပယုတ္တ**အား လေ့လာပါမည်။

(*ဝတ္ထာရမ္မဏ ထည့်လိုက်လျှင် ဝိပ္ပယုတ္တ ၄–မျိုး ရှိ၏။*)

ဝိပ္ပယုတ္တပစ္စည်းမှာ ပစ္စည်း, ပစ္စယုပွန် နာမ်တရား, ရုပ်တရားများသည် သဟဇာတသဘောအားဖြင့် အတူတကွဖြစ်ကြသော်လည်း သမ္မယုတ္တသဘောကင်းပြီးသကာလ မယှဉ်ကြဘဲကျေးဇူးပြုသည့်သဘောသည် ဝိပ္ပယုတ္တပစ္စည်း ဖြစ်ပါသည်။

ပဝတ္တိအခါ စိတ်နှင့်စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နှင့်ပဋိသန္ဓေကမ္မဇရုပ်တို့သည် အတူတကွဖြစ်ကြသော်လည်း သမ္မယုတ်မဟုတ်၊ ဝိပ္ပယုတ်သာ ဖြစ်ကြသည်။ ပဉ္စဝေါကာရ ပဋိသန္ဓေနှင့် ဟဒယဝတ္ထု တို့သည်လည်း ဤသဘောဖြစ်ပါသည်။

ချို, ချဉ်, ငံ, စပ်, ဖန်, ခါး ဟူသော ရသာခြောက်ပါးကို ရောစပ်၍ တစ်ခုနှင့်တစ်ခု နှီးနှောမိသော်လည်း အချိုအရသာက အချဉ်အရသာနောက်မလိုက်သကဲ့သို့၊ အချဉ်အရသာကလည်း အချိုအရသာနောက်မလိုက်ဘဲ အချင်းချင်းမလိုက်လျောနိုင်ကြပါ။ ပြဒါးကို ရေထဲထည့်လိုက်သည့်အခါ ပြဒါးနှင့်ရေ အတူတကွဖြစ်သော်လည်း အချင်းချင်းမရောမိကြသည်နှင့် တူသည်။ ထို့အတူပင် ဝတ္ထု အာရုံတည်း ဟူသော ရုပ်ကိုမှီ၍ နာမ်ဖြစ်သော်လည်း ရုပ်ကတခြား နာမ်ကတခြား၊ နာမ်နှင့်ရုပ်သည် အချင်းချင်းမရောကြပါ။

www.dhammadownload.com

၈။	ဝိပ္ပယုတ္တ	ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စ ၁၀, ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ,ပဋိ နာမက္ခန္ဓာ လေးပါး	စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်	၃	၅ (၄+ ဝိပ်)
		ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း၊		

သုဒ္ဓသင်္ချာဆိုရိုး။ ။ သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဉ်-၁၀၊ ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ၊ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း တတ်သောတရားတို့ မည်ကုန်၏။

သင်္ချာ တီဏိ၊ ပစ္စည်းရေ-၅ ဟူသည်တည်း။

သင်္ချာ တီဏိ ဟူသော်ကား- (ပ-ဒု)/ (ဒု-ဒု)/ (တ-ဒု) ဟူသည်တည်း။

ပစ္စည်းရေ-၅ ဟူသည်ကား- သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

* ပစ္စယုပွန်၌ ရုပ်ရှိနေလျှင် အမြဲ အစိတ်အပေါင်း ဖြစ်ရပါသည်။

သဟဇာတဝိပ္ပယုတ္တပစ္စည်း သရုပ်ခွဲ ↓ အားတပ်သော ↑

၁။	**ပ-ဒု**		ပဉ္စ. အကု-၁၂၊ စေ-၂၇ အစိတ်အပေါင်းနာမက္ခန္ဓာ၊	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊	**၅**
၂။	**ဒု-ဒု**	ဝတ္ထိ	ပဉ္စဝေါ. ကီကု ၁၇, (၄,၁၀,ရဟန္တာစုတိကြဉ်) ကီဝိပါက်-၁၈, ကြို၂၀၊ စေ-၃၈၊ အစိတ်အပေါင်းနာမက္ခန္ဓာ	ကီကု ၁၇, ကီဝိပါက်-၁၈, ကြို၂၀၊ ပြုအပ်သော စိတ္တဇရုပ်၊	**၆**
		ပဋိ	ပဉ္စဝေါ.ပဋိသန္ဓေ-၁၅၊ စေ-၃၅ အစိတ်အပေါင်းနာမက္ခန္ဓာ၊	ပဋိ-၁၅၊ စေ-၃၅ နာမက္ခန္ဓာ၊ ပဋိ.ကမ္မဇရုပ်၊	**၇**
၃။	**တ-ဒု**		ပဉ္စ. ကုတ်-၈၊ စေ-၃၆ အစိတ်အပေါင်းနာမက္ခန္ဓာ၊	ကုတ်-၈ ပြုအပ်သော စိတ္တဇရုပ်၊	**၅**

သဟဇာတကမ္မဖြစ်အံ့

စေတနာ	သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ.၁၀) ကြီး+လတ် ကံ+ဟာ
စိတ်–၈၉ ရှိ စေတနာ	စိတ်–၈၉၊ စေကြဉ် စေ–၅၁၊ စိတ္တဇရုပ်၊ ပဋိ.ကမ္မဇရုပ်၊	

ကောင်းကျိုးပွားရန်၊ ကောင်းသောကံ၊ မြဲမြံပြုရပါစေသော်။

၁၄။ ဝိပါကပစ္စည်း

(သာဝသေသဒေသနာ– ပု.ဝိ.အတ်.အဝိ)

ဝိပါက = အားထုတ်ခြင်း လုံ့လဗျာပါရမရှိ ငြိမ်သက်စွာဖြင့် ကျေးဇူးပြုတတ်သောတရား။

ကြိတ်ချက်ထားသောဆီသည် နူးနူးနပ်နပ်ရှိသကဲ့သို့ အသီးအရွက်၊ သား၊ ငါးတို့ကိုလည်း မိမိနည်းတူ နူးနပ်စေ၏။ ထိုနည်းတူစွာ မိမိကိုယ်တိုင်အားထုတ်ခြင်း ဗျာပါရ မရှိ။ ငြိမ်သက်စွာဖြစ်ခြင်းဖြင့် ပစ္စယုပ္ပန် ဖြစ်သော သဟဇာတနာမ်တရားတို့အား အားထုတ်ခြင်းမရှိ ငြိမ်သက်စွာ ဖြစ်စေခြင်းငှာ ကျေးဇူးပြုသော ဝိပါက်စိတ်, စေတသိက်တို့သည် ဝိပါကပစ္စည်း မည်၏။

ပစ္စည်း(ကတ္တား) ၁,၃,၂	ပစ္စယုပ္ပန်(သမ္ပဒါန်) ၃,၁,၂	သဘာဂ(ကရိုဏ်း)
အလုံးစုံသော ဝိပါက် ပဝတ္တိ.ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး	အချင်းချင်း	(ပြိုင်.၇) ကြီး–၄, ည, ဝိ, သံ

ဝိပါကပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား) ၁,၃,၂	ပစ္စယုပ္ပန်(သမ္ပဒါန်) ၃,၁,၂	(ကရိုဏ်း)
အသံကိလိဋ္ဌသံကိလေသိကာ အသံကိလိဋ္ဌအသံကိလေ–သိကာ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော	**အညမည်**	(ပြိုင်,ယထာ)၇ ကြီး ၄ ည၊ ဝိ၊ သံ၊
တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ သုံးပါးသုံးပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	သုံးပါးသုံးပါးသော နာမက္ခန္ဓာ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	

? ပစ္စယနိဒေသ ဝိပါကပစ္စည်း၌ ကံ၏အကျိုးဖြစ်သော ကမ္မဇရုပ်များကို ကျေးဇူး ပြု/မပြု ပါဋိတော်ကိုကိုးကား၍ ဖြေဆိုပါ။ *(သာဝသေသဒေသနာ– ပု.ဝိ.အတ်.အဝိ)*

www.dhammadownload.com

အဋ္ဌကထာဖွင့်ဆိုချက်များ– ကမ္မပစ္စည်းနှင့် ဝိပါကပစ္စည်း အထူး

	ကမ္မပစ္စည်း	ဝိပါကပစ္စည်း
၁။	အကြောင်းပစ္စည်းတရားဖြစ်၏။	အကျိုးပစ္စည်းတရားဖြစ်၏။
၂။	**ကမ္မ** = အလုပ်(ကုသိုလ်၊ အကုသိုလ်)	**ဝိပါက** = ကံကပစ်ချလိုက်သည့်အတိုင်း ဖြစ်ရသောအကျိုးတရား(ကု.ဝိပါက်၊ အကု.ဝိပါက်)
	အားထုတ်မှု လုံ့လဗျာပါရရှိ၍ မငြိမ်သက် လှုပ်ရှားမှုသဘော ရှိ၏။	အားထုတ်မှု ဗျာပါရ မရှိ၍ ငြိမ်သက်၏။
၃။	ကမ္မပစ္စည်းသည် မှန်ရှေ့၌ ရပ်နေသူနှင့် တူ၏။ – မှန်ရှေ့၌ ရပ်နေသူ၏ လှုပ်ရှားမှုကြောင့်	ဝိပါကပစ္စည်းသည် မှန်ထဲကအရိပ်နှင့်တူ၏။ – မှန်ထဲက ပုံရိပ်လည်း လိုက်လှုပ်ရှား၏။ – သီးခြားဆောင်ရွက်ခွင့်၊ အားထုတ်ခွင့် မရှိပါ။ ငြိမ်သက်စွာဖြင့်သာ ကျေးဇူးပြု၏။

? စိတ္တဇရုပ်နှင့်ပဋိသန္ဓေ ကမ္မဇရုပ်တို့အား အဘယ်ကြောင့် မဟောသနည်း။

? **မူလဋီကာဆရာကြီးက** ပစ္စယနိဒ္ဒေသ ဝိပါကပစ္စည်း၌ နာမ်သက်သက်ဟောမှုကို မည်သို့ ဖွင့်ဆိုသနည်း။

မူလဋီကာဆရာကြီးက– ဝိပါက်နာမ်သက်သက် ကျေးဇူးပြုမှုသည် ဧကန်ကျေးဇူးပြုမှုဖြစ်သဖြင့် "နယဒဿန" နည်းညွှန်ပြခြင်းဖြစ်ကြောင်း၊ အရူပဘုံများ၌ ကာမ,ရူပဘုံကဲ့သို့ ဝိပါက်များက ရုပ်ကို ကျေးဇူးမပြုသဖြင့် ရုပ်ကိုကျေးဇူးပြုမှုသည် ဧကန်မဟုတ်ကြောင်း ဖွင့်ဆိုပါသည်။

[ကမ္မဇရုပ်တို့သည် ကုသိုလ်, အကုသိုလ်တို့၏အကျိုးပင်ဖြစ်သော်လည်း ဝိပါက်ဟူသောအမည်ကို မရသောကြောင့် မကောက်ရ။ ဥပမာ– သလေးစေ့ကိုစိုက်၍ မျိုးစေ့နှင့်တူသော ဝိပါက်ကိုသာ ကောက်၍၊ အကိုင်း,အခက်, အရွက်နှင့် တူသော ကမ္မဇရုပ်ကို မကောက်ရပါ။] ((ဋီကာကျော်))

? ပဉ္ဘာဝါရနှင် သုဒ္ဓသချာ် တူ, မတူ၊ ခြားနားမှုရှိက ဖော်ပြပါ။

ပစ္စယနိဒ္ဒေသ "ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော"ဟုသာဟောသဖြင့် ဝိပါက်နာမ် အချင်းချင်းသာ ကျေးဇူးပြုပါသည်။ ကမ္မဇရုပ်များကို ကျေးဇူးမပြုပါ။

ပဉ္ဘာဝါရသုဒ္ဓသချာ်နှင့် မတူပါ။ ပဉ္ဘာဝါရ၌ ပစ္စယုပွန် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် များပါရှိသော်လည်း ပစ္စယနိဒ္ဒေသ၌ ရုပ်မပါ။ အချင်းချင်းအားတပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဟူ၍ နာမ်သက်သက်သာ ရှိပါသည်။ ထို့ကြောင့် ပစ္စည်းရေ၌လည်း နာမ်သက်သက်ရသော အညမညနှင့် သမ္ပယုတ္တ ၂–ခု တိုးလာပြီး ပစ္စည်းရေ–၇ ဖြစ်လာပါသည်။ ပဉ္ဘာဝါရ၌ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ ဟူ၍ တပြိုင်နက် ၅–ပစ္စည်းသာ ရပါသည်။

၁၅။ အာဟာရပစ္စည်း

အာဟာရ = ထောက်ပံ့ခိုင် စေတတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ဒေါက်တိုင်သည် အိမ်အို၊ ကျောင်းအိုတို့အား ထောက်ပံ့သကဲ့သို့ ပစ္စယုပွန်ရုပ်,နာမ် တို့အား ထောက်ပံ့တတ်သော ရုပ်အာဟာရ၊ နာမ်အာဟာရတို့သည် အာဟာရပစ္စည်း မည်၏။

* ရုပ်အာဟာရ၊ နာမ်အာဟာရ ဟူ၍ ၂–မျိုး ရှိပါသည်။

www.dhammadownload.com

(က) **ရုပ်အာဟာရပစ္စည်း**

စတုသမုဋ္ဌာနိကသြဇာသည် အာဟာရ မည်ပါသည်။ စတုသမုဋ္ဌာနိကသြဇာသည် အလုတ်အလွေး ပြု၍မျိုအပ်သည့် ခဲဘွယ်ဘောဇဉ်လျှင် တည်ရာရှိသဖြင့် "ကဗဋ္ဌီကာရာဟာရ"အရ စတုသမုဋ္ဌာနိကသြဇာကို ကောက်ယူရပါသည်။ *(မျိုမှသာ အာဟာရကိစ္စပြီး၊)*

ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
စတုသမုဋ္ဌာနိကသြဇာ	ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်	(၁) ရုပ်အာဟာရသတ္တိဖြင့်သာ

(ခ) **နာမ်အာဟာရပစ္စည်း**

ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ဖဿ, စေတနာ, ဝိညာဉ်ဟုဆိုအပ် သောနာမ်အာဟာရ တရားကိုယ်သုံးပါး။	သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.၁၂) ကြီး၊လတ်၊ ဓိ,ကံ, ဟာ,ဣ

အာဟာရပစ္စယောတိ– ကဗဋ္ဌီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။ အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

အာဟာရပစ္စည်း အရကောက်– ရုပ်အာဟာရ

ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ကဗဋ္ဌီကာရော အာဟာရော	**ဣမဿ ကာယဿ**	၁ ရုပ်အာဟာရ သတ္တိဖြင့်သာ
စတုသမုဋ္ဌာနိကသြဇာ	ကလာပ်တူ သြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်	

(ပဉ္ဍာဝါရ၌ကရိုဏ်းပစ္စည်းနှင့် မတူပါ။)

ပစ္စယနိဒ္ဒေသ အတ္ထိ၊ အဝိဂတတွင် ရုပ်အာဟာရကို မဟောသဖြင့်၊ ပဉ္ဍာဝါရ၌ အာဟာရ၊ အတ္ထိ၊ အဝိဂတ ၃-ပစ္စည်းရသော်လည်း၊ ပစ္စယနိဒ္ဒေသ၌ အာဟာရ ၁-ပစ္စည်းသာ ရပါသည်။

နာမ်အာဟာရ

ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
အရူပိနော အာဟာရာ	**သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	(ပြိုင်.ယ.၁၂) ကြီး၊ လတ် ဓိ,ကံ, ဟာ,ဣ
ဖဿ၊ စေတနာ၊ ဝိညာဏ် နာမ်အာဟာရ ၃-ပါး	စိတ်-၈၉၊ စေတသိက်-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်	

ကိုယ်စိတ်အာဟာရ၊ လွန်ပြည့်ဝ၊ သုခပွားရန်ဖြစ်စေသော်။

www.dhammadownload.com

၁၆။ ကွန်ဒြိယပစ္စည်း

ကွန်ဒြိယ = ပစ္စယုပ္ပန်တရားတို့ကို မိမိသို့အစဉ်လိုက်စေခြင်းဟုဆိုအပ်သော အစိုးရသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

စစ်သူကြီးသည် စစ်တပ်ကိုအစိုးရသကဲ့သို့၊ ဆိုင်ရာ ရုပ်,နာမ်တို့အား အစိုးရသော ရုပ်ကွန်ဒြေ၊ နာမ်ကွန်ဒြေတို့သည် ကွန်ဒြိယပစ္စည်း မည်၏။ ဤ **သံကိလိဋ္ဌတိက်တွင်** ကွန်ဒြိယပစ္စည်း ၃-မျိုး ရှိပါသည်။

(၁) ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း၊ (၂) ရူပဇီဝိတိန္ဒြိယပစ္စည်း၊ (၃) သဟဇာတိန္ဒြိယပစ္စည်း

ဝတ္ထုပုရေဇာတိန္ဒြိယ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဝ(ကရိဏ်း)
မဖျိုမာယုကဖြစ်၍ အတိတဘဝဝင်နှင့် ဥပါဒ်ပြိုင်သော ပဋိန္ဒြေ	ဒွေပဉ္စဝိညာဏ်-၁၀	ပြိုင်.၆ - နိ, ပု, ကွ, ဝိပ်, အတ်, အဝိ

ရူပဇီဝိတိန္ဒြိယ

ရုပ်ဇီဝိတိန္ဒြေ၊	ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉-ခု၊	(၁) **ရုပ်ဇီဝိတိန္ဒြေ**

သဟဇာတိန္ဒြိယ

ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဈာန်၊ ပညာဟုဆိုအပ်သော နာမ်ကွန်ဒြေတရားကိုယ် ၈-ပါး	စိတ်-၈၉၊ စေ-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.ယ.၁၄) ကြီး၊ လတ် ဟေ,ဓိ,ဟာ, စျာ,မဂ်

ကွန်ဒြိယပစ္စည်း အရကောက်

*	ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဝ(ကရိဏ်း)
ဝတ္ထုပုရေ	**စက္ခုန္ဒြိယ ။(ပ)။**	**စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	(ပြိုင်. ၆) နိ, ပု, ကွ်, ဝိပ်, အတ်, အဝိ
	* မဖျိုမာယုက..အတိတဘဝဝင်နှင့်.. စက္ခုန္ဒြေ၊ * မရဏာသန္နအခါစုတိစိတ်မှ..ရေသော် (၁၇) စိတ်နှင့်အတူဥပါဒ်သော စက္ခုန္ဒြေ	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တ-သာဓာရဏစေ ၇-ခု၊	
	(သော, ဃာ, ဇိ, ကာယတနံ တို့ကို နည်းမှီ၍ သိနိုင်ပါသည်။)		
ရူပ	**ရူပဇီဝိတိန္ဒြိယ**	**ကဋတ္တာရူပါနံ**	**ရူပဇီဝိတိန္ဒြိယ**
	ရုပ်ဇီဝိတိန္ဒြေ	ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉-ခု	
သဟဇ	**အရူပိနော ကွန်ဒြိယာ**	**သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	(ပြိုင်.ယ.၁၄) ကြီး၊ လတ် ဟေ,ဓိ,ဟာ,ကွ်,စျာ,မဂ်
	ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဈာန ပညာဟုဆိုအပ်သော နာမ်ကွန်ဒြေ-၈	စိတ်-၈၉၊ စေ-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	

www.dhammadownload.com

အဋ္ဌကထာဖွင့်ဆိုချက်များ

ဝတ္ထုပုရေဇာတိန္ဒြိယ– ဝတ္ထုရုပ် ၅-ပါး ရှေ့ကဖြစ်နှင့်ပြီး ပစ္စယုပွန် ဝိညာဏဓာတ် ၅-ပါးကို ဥပါဒ်မှ ဘင်တိုင်အောင် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်ဟုဆိုရာတွင် "ဘင်တိုင်အောင်"အရ ဘင်ကိုမယူဘဲ **'ဌီ'**ကိုသာ ယူရ၏။ ဘင်ခဏ၌ ပစ္စယုပွန်တရားများတို့ ချုပ်နေသဖြင့် ကျေးဇူးမပြုနိုင်ပါ။

ရူပဇီဝိတိန္ဒြိယ– ကရိုဏ်းပစ္စည်းရေ ၃-ဟု အရကောက်ကျမ်း၌ ပြထားသော်လည်း ပစ္စယနိဒ္ဒေသ၌ အတ္ထိ၊ အဝိဂတ သည် ရုပ်ဇီဝိတိန္ဒြေကို မဟောသဖြင့် ဣန္ဒြိယ ၁-ပစ္စည်းသာ ရပါသည်။

(တစ်နည်းကားကောက်ပုံ– ကမ္မဇကလာပ် ၉-စည်းတို့တွင် ဇီဝိတနဝကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူကမ္မဇရုပ် ၈-ခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ..စသည်)

သဟဇာတိန္ဒြိယ– နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး ပစ္စည်းတရားတွင် နာမ်ဇီဝိတိန္ဒြေပါဝင်၍ ဘာဝိန္ဒြေ ၂-ပါးကို မဟောပါ။ *(ကလလရေကြည်ဟုဆိုအပ်သော ပဋိသန္ဓေတည်စ၌ ဣတ္ထိလိင်္ဂစသည် မထင်ရှား၍ မဟောပါ။)*

စိတ်ကိစ္စိုးပိုင်၊ အမြဲနိုင်၊ ကြံ့ခိုင်သန်စွမ်းပါစေသော်။

၁၇။ ဈာနပစ္စည်း

ဈာန = အာရုံကို ကပ်၍ရှုခြင်း၊ စူးစူးစိုက်စိုက်ရှုခြင်းသဘောအားဖြင့် ကျေးဇူးပြုတတ်သောတရား။

မုဆိုးသည် မိမိပစ်လိုသောသားကောင်ကို စူးစူးစိုက်စိုက်ချိန်ရွယ်ပစ်မှ ထိမှန်သကဲ့သို့ ကသိုဏ်းစသော အာရုံ၊ တေဘူမက ရုပ်,နာမ်သင်္ခါရအာရုံတို့သို့ ကပ်၍ကြံ့စည်တတ်ကုန်သော ဝိတက်စသောတရားတို့သည် ဈာနပစ္စည်း မည်၏။

(တစ်နည်း) ဈာနဆိုသည်မှာ ဆန့်ကျင်ဘက် အဆီးအတား၊ အနှောက်အယှက် (နီဝရဏတရား)တို့ကို လောင်မြိုက်ဖျက်ဆီးတတ်သောတရား ဖြစ်ပါသည်။

သမ္မယုတ်တရားများကို အာရုံသို့ရှေ့ရှုတင်တတ်သော 'ဝိတက်'သည် အလိုရှိရာအာရုံသို့ စိတ်ကိုဖြောင့်မတ်စွာသွားနိုင်ရန် ချိန်ရွယ်မှုမည်ပါသည်။ အာရုံမှာတရစ်ဝဲဝဲနေသော 'ဝိစာရ'၊ အာရုံကိုနှစ်သက်တတ်သော 'ပီတိ'၊ အာရုံ၏အရသာကိုခံစားတတ်သော 'ဝေဒနာ'၊ တိုက်ဆိုင်ရာကိစ္စကိုဆောင်ရွက်ဖို့ အာရုံမှာစိတ်ကို တည်ငြိမ်စွာ ထိန်းချုပ်ထားတတ်သော 'ဧကဂ္ဂတာ'တို့သည် အာရုံမှာ စိတ်ကိုချုပ်ထိမ်းမှုများ ဖြစ်ကြပါသည်။

□ *စိတ်စိတ်စူးစူး အထူးမြဲမြံ ရှုအားသန် ဈာန်ဟုခေါ်သတတ်။ ထို၏အင်္ဂါ၊ အစိတ်မှာမူ ဈာနင်ယူ။*

ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္မဒါန်)	သဘာဂ(ကရိုဏ်း)
ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ	ဒွေပဉ္စဝိညာဏ်–၁၀ ကြဉ် စိတ် ၇၉-ခု၊	(ပြိုင်.ယ. ၁၁)
ဟုဆိုအပ်သော	စေတသိက်–၅၂၊	လတ်+ကြီး
ဈာနင်တရားကိုယ် ၅-ပါး	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	ဣ, ဈာ, မဂ်

www.dhammadownload.com

ဈာနပစ္စည်း အရကောက်

ဈာနင်္ဂါနိ	ဈာနသမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ. ၁၁) လတ်+ကြီး ဣ, ဈာ, မဂ်
ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး	ဒွေပဉ္စဝိညာဏ် တစ်ဆယ်ကြဉ်စိတ် ၇၉-ခု၊ စေ-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	

အဋ္ဌကထာက ➤➤➤ ဒွေပဉ္စဝိညာဏ်တစ်ဆယ်သည် ရူပါရုံစသည်၌ ရှေးရှုကျကာမျှဖြစ်၍ ကသိုဏ်းစသည့် အာရုံကိုကပ်၍ရှုခြင်း၊ ကြံခြင်းကဲ့သို့ ဝိတက်၊ ဝိစာရ မရှိသဖြင့် ဈာနင် မထိုက်၊ ဒွေပဉ္စ-၁၀ သည်ဈာနင်မရ၍ ကြွင်းအဟိတ်စိတ်များ၌လည်း ဈာနင်မရအပ်၊

မူလဋီကာက ➤➤➤ ကြွင်းအဟိတ်စိတ် ၈-ခု၌ ဈာနင်ရသင့်ပါသည်။

ဓမ္မသင်္ဂဏီ စိတ္တုပ္ပါဒကဏ္ဍ၌ဟောသည့်အတိုင်း ပဋ္ဌာန်း၌လည်းယူသင့်ပါသည်ဟု ဆိုပါသည်။

ဈာနနှင့် မဂ္ဂအထူး

* ဈာန်သည် အာရုံ၌မြဲအောင်,ဖြောင့်အောင်ပြုလုပ်သည့်အပြင် အပွနာသို့ရောက်အောင် လည်းပြုလုပ်ပါသည်။
* မဂ်သည် သံသရာခရီးလမ်းမှာ စေတနာကံကိုငှင်း၊ သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်ခရီးမှာ ဘာဝနာကံကိုငှင်း၊ ဖြောင့်အောင်,ခိုင်မြဲအောင် ပြုလုပ်ပါသည်။ ကမ္မပထမြောက်အောင် ကြီးပွားစည်ပင်အောင် ဘုံအထူးသို့ရောက်အောင်လည်း ပြုလုပ်ပါသည်။ ဤသို့ထူးကြပါသည်။

၁၈။ **မဂ္ဂပစ္စည်း**

မဂ္ဂ = အမှန်နှင့်အမှား တစ်ပါးပါးအားဖြင့် ထွက်မြောက်စေတတ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

လှေ၊ သင်္ဘောတို့သည် စီးနင်းလိုက်ပါသူတို့အား တစ်ဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်တတ်သကဲ့သို့ သုဂတိဘဝမှလည်းကောင်း၊ ကောင်းမှုမှလည်းကောင်း၊ ဒုဂ္ဂတိဘဝမှလည်းကောင်း၊ မကောင်းမှုမှလည်းကောင်း၊ ထွက်မြောက်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော ကုသိုလ်မဂ္ဂင်၊ အကုသိုလ်မဂ္ဂင်တို့သည် မဂ္ဂပစ္စည်း မည်၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္မဒါန်)	သဘာဂ(ကရိုဏ်း)
ပညာ၊ ဝိတက်၊ ဝိရတီ-၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး၊	သမ္မယုတ္တန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.ယ. ၁၃) လတ်+ကြီး ဟေ,ဓိ,ဣ,ဈာ,မဂ်

မဂ္ဂပစ္စည်း အရကောက်

မဂ္ဂင်္ဂါနိ	မဂ္ဂသမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ. ၁၃) လတ်+ကြီး ဟေ,ဓိ, ဣ,ဈာ,မဂ်
ပညာ၊ ဝိတက်၊ ဝိရတီ-၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး၊	သဟိတ်စိတ်-၇၁၊ စေ-၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	

www.dhammadownload.com

အဋ္ဌကထာဖွင့်ဆိုချက်များ

မဂ္ဂ = လမ်းဟု အဓိပ္ပာယ်ရသည်။ လမ်းဆိုရာ၌ ဒုဂ္ဂတိခေါ်သောအပါယ်လေးပါးဘုံသို့ ရောက်စေနိုင်သောလမ်းဖြစ်သကဲ့သို့ နိဗ္ဗာန်သို့လည်း ရောက်စေတတ်သောလမ်း ဖြစ်နိုင်ပါသည်။

* မဂ္ဂပစ္စည်းသည် ဟေတုပစ္စည်း၏နောက်လိုက်ဖြစ်၍-
အဟိတ်စိတ်များသည် မဂ္ဂင်မထိုက်၊ မဂ္ဂပစ္စည်း မဟုတ်ပါ။

* **အဋ္ဌကထာက** သဟိတ်စိတ်များရှိ သမ္မာမဂ္ဂင် ၈-ပါးနှင့် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ ပေါင်း မဂ္ဂင် ၁၂-ပါးဟု ပြဆိုသည်။
မူလဋီကာကမူ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝတို့၏ တရားကိုယ်များသည် အကုသိုလ် စေတနာဖြစ်သဖြင့် မဂ္ဂင်မထိုက် ဆိုပါသည်။
မူလဋီကာဆရာကြီး၏ ရှင်းလင်းချက်ဆိုလိုရင်းမှာမှာ- သုတ္တန်မှာဟောသော (မဂ္ဂင် ၈-ပါးအနက်) မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာသတိတို့သည် အကုသိုလ်စေတနာနှင့် အကုသိုလ်နာမက္ခန္ဓာတို့သာဖြစ်၍ မဂ္ဂင်တရားကိုယ် သီးခြားမဟုတ်သောကြောင့် မဂ္ဂပစ္စည်း၌ မဟောပါ။

? မဂ်သည် နိဗ္ဗာန်၏အကြောင်းလော၊ မဂ်သည် နိဗ္ဗာန်၏အကြောင်းဟုတ်-မဟုတ် စိစစ်ပြပါ။
နိဗ္ဗာန်သည် အကြောင်းတရားတို့ မပြုပြင် မစီရင်အပ်သော 'အသင်္ခတတရား' ဖြစ်၏။ မိမိကပြီးစေတတ်သော တစ်စုံတစ်ခုသောအကြောင်းမရှိသော 'အပ္ပစ္စယတရား' ဖြစ်၏။
- မဂ်တရားတို့သည် နိဗ္ဗာန်ကိုပြီးစေတတ်သောအကြောင်းမဟုတ်၊ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်သာ ဖြစ်သည်။

၁၉။ သမ္မယုတ္တပစ္စည်း

သမ္မယုတ္တ = ဧကုပ္ပါဒစသော သမ္မယောဂလက္ခဏာတို့ဖြင့် ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။
ဗျားရည်၊ ထောပတ်၊ သကာ၊ ဆီဟူသော စတုမဓု(အချိုလေးမျိုး)သည် အချင်းချင်း ခွဲခြားမရအောင် ပေါင်းစပ်ယှဉ်တွဲနေသကဲ့သို့ ဧကုပ္ပါဒစသော သမ္မယောဂလက္ခဏာတို့ဖြင့် ယှဉ်တွဲလျက် အပြန်အလှန် ကျေးဇူးပြုနေသော နာမ်ခန္ဓာလေးပါးတို့သည် သမ္မယုတ္တပစ္စည်း မည်၏။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဂ(ကရိယာ)
အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊	အချင်းချင်း	(ပြိုင်,ယထာ) ၇ ကြီး-၄၊ ည၊ဝိ၊သံ၊

သမ္မယုတ္တပစ္စည်း အရကောက်

စတ္တာရော ခန္ဓာ အရူပိနော	အညမညံ	(ပြိုင်,ယထာ) ၇ ကြီး ၄ ည၊ ဝိ၊ သံ၊
တစ်ပါး၊တစ်ပါးသော နာမက္ခန္ဓာ	သုံးပါး၊သုံးပါးသော နာမက္ခန္ဓာ	
သုံးပါး၊သုံးပါးသော နာမက္ခန္ဓာ	တစ်ပါး၊တစ်ပါးသော နာမက္ခန္ဓာ	
နှစ်ပါး၊နှစ်ပါးသော နာမက္ခန္ဓာ	နှစ်ပါး၊နှစ်ပါးသော နာမက္ခန္ဓာ	

www.dhammadownload.com

သမ္မယုတ္တသည် ခဏတူ သဟဇာတမျိုးဖြစ်ခြင်း

နာမ်တရားအချင်းချင်းကျေးဇူးပြုသော ၆-ပစ္စည်းတွင် အနန္တရပစ္စည်းစသည်ကဲ့သို့ ပစ္စည်း-နာမ်က စိတ္တက္ခဏတစ်ခု၊ ပစ္စယုပွန်-နာမ်က စိတ္တက္ခဏတစ်ခု ဖြစ်နေလျှင်လည်း သမ္မယုတ္တသတ္တိ မရနိုင်ပါ။

သမ္မယုတ္တသည် ပစ္စည်း,ပစ္စယုပွန် စိတ္တက္ခဏတစ်ခုအတွင်း(ခဏတူ)အတူတကွဖြစ်သော သဟဇာတမျိုး ပစ္စည်းသာ ဖြစ်ပါသည်။ (သမ္မ,အာသေ၊ ဝိဂတေနှင့်၊ နတ္ထိ,အနန်၊ သမနန်- နာမ်သည်နာမ်အား၊ ခြောက်။)

ဧကုပ္ပါဒါ နိရောဓာ စ၊ ဧကာလမ္မဏ ဝတ္ထုကာ။ (ဖြစ်, ချုပ်, မြို, အာ၊ တူလေးဖြာ၊ အင်္ဂါယှဉ်နိမိတ်၊)

ဧကုပ္ပါဒ-၌ နာမက္ခန္ဓာတို့နှင့်အတူတကွဖြစ်ကာမျှဖြင့်-ဆိုသော် စိတ္တဇရုပ်,ကမ္မဇရုပ်တို့သည် နာမက္ခန္ဓာတို့နှင့် အတူတကွဖြစ်ကြသောကြောင့် သမ္မယုတ္တ မည်၏-အဖြစ်ကို မဖြစ်စေခြင်းငှါ ဧကနိရောဓ-သဒ္ဒါဖြင့် နာမက္ခန္ဓာတို့၏ အတူတကွချုပ်ခြင်း လက္ခဏာကိုထပ်ဆိုရခြင်း ဖြစ်ပါသည်။

[စိတ္တဇရုပ်, ကမ္မဇရုပ်တို့သည် စိတ်နှင့်အတူတကွဖြစ်ကြလည်း စိတ်နှင့်အတူ မချုပ်။]

နာမက္ခန္ဓာတို့နှင့် အတူတကွဖြစ်ခြင်း,ချုပ်ခြင်း လက္ခဏာ ၂-ပါး၏အဖြစ်ကို ဆိုပါမူ၊ (နာမက္ခန္ဓာတို့သို့ အစဉ်လိုက်၍ဖြစ်ကုန်သော)ဝိညတ်ရုပ် ၂-ပါး၊ (ရှေးစိတ်၏ဥပါဒ်ခဏ၌ အတူဖြစ်ပြီး ၁၇-ချက်မြောက် နောက်စိတ်၏ဘင်ခဏမှာချုပ်သော) ကမ္မဇရုပ်တရားတို့သည် သမ္မယုတ္တမည်၏-အဖြစ်ကို တားမြစ်ခြင်းအကျိုးငှါ ဧကာလမ္မဏ သဒ္ဒါဖြင့် နာမက္ခန္ဓာတို့၏ တူသောအာရုံရှိခြင်းလက္ခဏာကို ထပ်ဆိုရခြင်း ဖြစ်ပါသည်။

[ဝိညတ်ရုပ်,ကမ္မဇရုပ်တို့သည် နာမက္ခန္ဓာတို့နှင့် ဖြစ်,ချုပ်တူကြလည်း ရုပ်ဖြစ်၍ အာရုံမယူနိုင်။]

ဧကုပ္ပါဒ,ဧကနိရောဓ,ဧကာလမ္မဏ ဟူသောလက္ခဏာ ၃-ပါးနှင့်ပြည့်စုံသော နာမက္ခန္ဓာတို့သည် မြဲသောအားဖြင့် တူသောမှီရာဝတ္ထုရုပ်ရှိကုန်သည်-ဟုပြခြင်းငှာ ဧကဝတ္ထုက-သဒ္ဒါကိုထပ်ဆိုရခြင်း ဖြစ်ပါသည်။

[နာမက္ခန္ဓာတို့၏တူသော ဖြစ်မှု,ချုပ်မှု၊ တူသောအာရုံ,မှီရာရှိခြင်း ဤအင်္ဂါ ၄-ပါးပြည့်စုံမှ 'သမ္မယုတ္တ' မည်၏။]

၂၀။ ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တ = သမ္မယောဂလက္ခဏာအားဖြင့် မယှဉ်သောကြောင့် မနှီးနှောသောအားဖြင့် ထူးခြားစွာကျေးဇူး ပြုတတ်သောတရား၊

'ချို၊ ချဉ်၊ စပ်၊ ဖန်၊ ငံ၊ ခါး'ဟူသော အရသာ ၆-ပါးသည် အတူတကွ ပေါင်းစပ် တည်နေသော်လည်း အရသာချင်း မရောနှောသကဲ့သို့ပင်၊ အတူတကွ ပေါင်းစပ်တည် နေပြီး မရောနှောဘဲ အပြန်အလှန် ကျေးဇူးပြုတတ်သော ရုပ်တရားနှင့်နာမ်တရားတို့သည် ဝိပ္ပယုတ္တပစ္စည်းမည်၏။

သမ္မယုတ္တ ဝိပ္ပယုတ္တ လက္ခဏာ

နာမက္ခန္ဓ၊ ချင်းချင်းရ၊ မှတ်ကြ သမ္မယုတ်။ သမ္မယောဂ၊ လက္ခဏလေး၊ ညီတုံရေး၊ သိရေး သမ္မယုတ်။
နိဗ္ဗာန်နှင့်နာမ်၊ ရုပ်နှင့်နာမ်၊ ဧကန် ဝိပ္ပယုတ်။ စိတ်ဓာတ်ခုနစ်၊ ချင်းချင်းဖြစ်၊ စင်စစ် ဝိပ္ပယုတ်။
နိဗ္ဗာန်နှင့်ရုပ်၊ ရုပ်ချင်းရုပ်၊ သမ္မယုတ် ဝိပ္ပယုတ် မဆိုရာ။
ဘုံ-ကာ-ဇာတ်-သန်၊ ဤလေးတန်၊ မှတ်ရန် ဝိပ် အချုပ်။

စိတ်၊ စေတသိက်(ဝေ,သဉ်,သင်)၊ ⇔ ရုပ်၊ နိဗ္ဗာန်၊

* နိဗ္ဗာန်နှင့်နာမက္ခန္ဓာလေးပါး၊ ရုပ်နှင့်နာမက္ခန္ဓာလေးပါး တို့သည် ဧကန်ဝိပ္ပယုတ္တ၊

www.dhammadownload.com

ဝိပွယုတ္တပစ္စည်းသည်- (၁) သဟဇာတဝိပွယုတ္တ၊ (၂) ဝတ္ထုပုရေဇာတဝိပွယုတ္တ၊ (၃) ပစ္ဆာဇာတဝိပွယုတ္တ ဟူ၍ ၃-မျိုး ရှိပါသည်။ *(ဝတ္ထာရမ္မဏ ထည့်လိုက်လျှင် ဝိပွယုတ္တ ၄-မျိုး ရှိ၏။)*

ပဝတ္တိအခါ စိတ်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့သည် အတူတကွဖြစ်ကြသော်လည်း သမ္ပယုတ်မဟုတ်၊ ဝိပွယုတ်သာ ဖြစ်ကြသည်။

(၁) သဟဇာတဝိပွယုတ္တ

ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူဝိ-၄, ဒွေပဋ္ဌ-၁၀၊ ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်	၁။သဟဝိပ်(ပြိုင်.ယ. ၆ ကြီး+ ည,ဝိပ် ၂။ပုရေဝိပ်(ပြိုင်.ယ. ၉) အာမျိုး+ဣ
ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း	၁။သဟဝိပ်(ပြိုင်.ယ.၆)ကြီး၄+ည,ဝိပ် ၂။ပစ္ဆာဝိပ် (ပြိုင်.၂) **ပစ်, ဝိပ်**

* ဝိပါကပစ္စည်း- ပစ္စယနိဒ္ဒေသ၌ နာမ်အချင်းချင်းသာဟောသဖြင့် နာမ်နှင့်ရုပ် ကျေးဇူးပြုသော ဝိပွယုတ္တ ပစ္စည်းနှင့်မဆိုင်။ အရကောက်ကျမ်း၌ ပဉာဝါရအတိုင်းထည့်ထားခြင်း ဖြစ်သည်။

(၂) **ပစ္ဆာဇာတဝိပွယုတ္တ** = ပစ္ဆာဇာတနှင့်တူ၏။ *(နောက်မှဖြစ်၍၊)*

(၃) **ပုရေဇာတဝိပွယုတ္တ** = ဝတ္ထုပုရေဇာတနှင့်တူ၏။ *(ရှေးဖြစ်၊ မှီရာလည်းဖြစ်၍၊)*

ဝိပွယုတ္တပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ရူပိနော ဓမ္မာ	**အရူပိနံ ဓမ္မာနံ**	
သဟဇာတဝိပွယုတ္တ ဖြစ်အံ့-		
ပဋ္ဌဝေါကာရ ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊	ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ စေတသိက် ပဋ္ဌတိ်သ	(ပြိုင် ၆) ကြီး-၄၊ ည,ဝိပ်
ဝတ္ထုပုရေဇာတဝိပွယုတ္တ ဖြစ်အံ့-		
ဆဝတ္ထု	အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်၊ စေတသိက်-၅၂	(ပြိုင်.ယ.၉) အာ,ဓိ,နိ,ဥ၊ ပု, ဣ, ဝိပ်,အတ်,အဝိ၊

အရူပိနော ဓမ္မာ	**ရူပိနံ ဓမ္မာနံ**	
သဟဇာတဝိပွယုတ္တ ဖြစ်အံ့-		
ပဋ္ဌဝေါဘုံ၌ အရူဝိ-၄၊ ဒွေပဋ္ဌ-၁၀၊ ရဟန္တာတို့စုတိကြဉ်စိတ်-၇၅၊စေ-၅၂	စိတ္တရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်	(ပြိုင် ၆) ကြီး-၄၊ ည,ဝိပ်
ပစ္ဆာဇာတဝိပွယုတ္တ ဖြစ်အံ့-		
ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူဝိ-၄ ကြဉ်သော ပဌမဘဝင် အစရှိသောနောက်.စိတ်-၈၅၊စေ-၅၂၊	ပဋိသန္ဓေအစ..ရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက် သော **ဇ၊ ဒွိ၊ တိ၊ စ**တုဇကာယ	(ပြိုင်.၂) **ပစ္ဆာဇာတ, ဝိပွယုတ္တ**

www.dhammadownload.com

အဋ္ဌကထာဖွင့်ဆိုချက်များ

? ရူပါရုံစသော ရုပ်တရားတို့က ဝိညာဏာဓာတ် နာမ်တရားတို့အား ကျေးဇူးပြုမှုကို ဝိပွယုတ္တပစ္စည်း ၌သာ ဟောပါသလား။ ဝတ္ထုရုပ်များက နာမ်တရားတို့အားကျေးဇူးပြုမှုကို ဝိပွယုတ္တပစ္စည်း၌ ဟောပါသလား။

* ရူပါရုံစသော အာရုံရုပ်တရားများက ဆိုင်ရာအာရမ္မဏိက နာမ်တရားတို့ကို ကျေးဇူးပြုမှုသည် ဧကန် ဝိပွယုတ္တဖြစ်သဖြင့် သမွယုတ္တများဖြစ်မလားဟု ယုံမှားစရာမရှိသောကြောင့် ဝိပွယုတ္တပစ္စည်း၌ မဟောပါ။

နာမက္ခန္ဓာလေးပါးဖြစ်သော နာမ်တရားများသည် စက္ခုစသောရုပ်များ၏အတွင်းမှ ထွက်လာသကဲ့သို့ ဖြစ်၍ ဝတ္ထုရုပ် ၆-ပါးနှင့် နာမက္ခန္ဓာတရားများသည် သမွယုတ္တဖြစ်မလားဟု ယုံမှားဖွယ်ရှိ၍ ဝတ္ထုပုရေဇာတ ဝိပွယုတ္တကို ဟောရပါသည်။ (စင်စစ်အမှန်မှာ ဟဒယဝတ္ထုသည်သာ ဝိပွယုတ္တပစ္စည်းဖြစ်ကြောင်း "ဝတ္ထု ကုသလာနံ ခန္ဓာနံ ဝိပွယုတ္တပစ္စယေန ပစ္စယော"စသည်ဖြင့် ပဋ္ဌာဝါရကိုကိုးကားလျက် အဋ္ဌကထာကဆို၏။)

? နိဗ္ဗာန်သည် နာမ်တရားဖြစ်၍ "အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ"အရ ရုပ်တရားတို့ကို ဝိပွယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသလော။

* နိဗ္ဗာန်သည် ရုပ်တို့ကို ဝိပွယုတ္တသတ္တိဖြင့် ကျေးဇူးမပြုပါ။

ဓာတုကထာကျမ်း၌- သမွယုတ် ၄-ပါး၊ ဝိပွယုတ် ၄-ပါး၊ 'စတူဟိ သမွယောဂေါ၊' 'စတူဟိ ဝိပွယောဂေါ'ဟု ဟောရာ နာမ်ခန္ဓာလေးပါးအချင်းချင်း သမွယုတ်။ နာမ်နှင့်ရုပ်, နာမ်နှင့်နိဗ္ဗာန်, ရုပ်အချင်းချင်း, စိတ် အချင်းချင်းတို့သည် ဝိပွယုတ်။ ရုပ်နှင့်နိဗ္ဗာန်တို့သည် သမွယုတ်၊ ဝိပွယုတ် မဟုတ်ဟုဟောပါသည်။

(အဖြေမှာ- ပဋ္ဌာန်း သမွယုတ္တ၊ ဝိပွယုတ္တပစ္စည်းတို့၌ဟောမူတို့သည် 'သန်တတရား' များသာဖြစ်သည်။ နိဗ္ဗာန်သည် 'အသန်တတရား'ဖြစ်သည့်အပြင် စိတ်,စေတသိက် တို့၏အာရုံပြုရာအနေဖြင့်သာ အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ပစ္စည်းဖြစ်၍ ဝိပွယုတ္တပစ္စည်း၌မဟောပါ။ ပဋ္ဌာန်းကျမ်းတွင် သမွယုတ် စီစစ်မှုမှာ နာမ်အချင်းချင်းဖြစ်သော သဟဇာတ၊ အညမည၊ သမွယုတ္တစသည့် ပစ္စည်းများ၌ ဖြစ်၏။ ဝိပွယုတ္တ စီစစ်မှုမှာ သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတပစ္စည်းတို့၌ ဖြစ်၏။

နိဗ္ဗာန်သည် 'အသန်တ'ဖြစ်၍ ထိကဲ့သို့ စီစစ်ဘွယ်မရှိ၍ မဟောပါ။

၂၁။ အတ္ထိပစ္စည်း

(သာဝသေသဒေသနာ- ပ.ဝ.အတ်.အဋ္ဌ)

အတ္ထိ = ထင်ရှားရှိဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ *(ဤတိက်၏ပဋ္ဌာဝါရ၌ အတ္ထိ ၉-မျိုး)*

ဟိမဝန္တာတောင်ကြီးသည် ထင်ရှားရှိနေပြီး တော, တောင်, ရေ, မြေ, သမုဒ္ဒရာတို့အား ကျေးဇူးပြုသကဲ့သို့ မိမိထင်ရှားရှိနေဆဲ၌ပင် ထင်ရှားရှိနေဆဲသော ပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့တတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော ရုပ်တရား၊ နာမ်တရားတို့သည် အတ္ထိပစ္စည်း မည်၏။

ဤ သံကိလိဋ္ဌတိက်-ပဋ္ဌာဝါရ၌ အတ္ထိ ၉-မျိုးဟောသော်လည်း ပစ္စယနိဒ္ဒေသ၌ မကျဉ်းမကျယ်ဟောသော **သာဝသေသဒေသနာ** ဖြစ်သဖြင့် ၃-မျိုးသာ ဖြစ်ပါသည်။ *(သာဝသေသ = အကြွင်းရှိ၊)*

ၦင်းတို့မှာ- **သဟဇာတတ္ထိ** = (သဟဇာတအတိုင်း၊)
ဝတ္ထုပုရေဇာတတ္ထိ = (ဝတ္ထုပုရေဇာတနိဿယအတိုင်း၊)
အာရမ္မဏပုရေဇာတတ္ထိ = (အာရမ္မဏပုရေဇာတအတိုင်း၊)

www.dhammadownload.com

အတ္ထိပစ္စည်းအရကောက် သဟဇာတတ္ထိ

(အညမညနှင့်စပ်၍ ဟောမှု ၂-မျိုး)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဝ(ကရိဏ်း)	
စတ္တာရော ခန္ဓာ အရူပိနော	**အညမညံ**	(ပြိုင်,ယထာ) ၇ ကြီး ၄ **ည**၊ ဝိ၊ သံ၊	၄-ပြိုင်ဆိုင်ညီညွတ်
တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ သုံးပါးသုံးပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	သုံးပါးသုံးပါးသော နာမက္ခန္ဓာ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ		
စတ္တာရော မဟာဘူတာ	**အညမညံ**	(ပြိုင်) ၅ ကြီး ၄၊ **ည**၊	
တစ်ပါးတစ်ပါးသော မဟာဘုတ် သုံးပါးသုံးပါးသော မဟာဘုတ် နှစ်ပါးနှစ်ပါးသော မဟာဘုတ်	သုံးပါးသုံးပါးသော မဟာဘုတ် တစ်ပါးတစ်ပါးသော မဟာဘုတ် နှစ်ပါးနှစ်ပါးသော မဟာဘုတ်		
ဩက္ကန္တိက္ခဏေ နာမရူပံ	**အညမညံ**	(ပြိုင်) ၆ ကြီး ၄၊ **ည**၊ ဝိပ်	
ပဋိသန္ဓေနာမက္ခန္ဓာ၊ဟဒယဝတ္ထု	ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု		
စိတ္တစေတသိကာ ဓမ္မာ	**စိတ္တသမုဋ္ဌာနာနံ ရူပါနံ**	(ပြိုင်) ၅ ကြီး ၄၊ ဝိပ်၊	၂-ညီညွတ် ၃
ပဋိသန္ဓေ.အခါ အရူပဝိ-၄၊ ဒွေ-၁၀၊ ရဟန္တာစုတိကြဉ်စိတ်-၇၅၊ စေ-၅၂၊	စိတ္တဇရုပ်		
မဟာဘူတာ	**ဥပါဒါ ရူပါနံ**	(ပြိုင်) ၄ ကြီး ၄	
မဟာဘုတ် ၄-ပါး၊	ဥပါဒါရုပ် ၂၄-ပါး၊		

အညမညနှင့်စပ်၍ အတ္ထိပစ္စည်းဟောမှု ၂-မျိုး

အတ္ထိပစ္စည်းတွင် အညမညနှင့် နအညမညဟူ၍ ၂-မျိုး ဟောပါသည်။

အညမညအတ္ထိ- စတ္တာရော ခန္ဓာ အရူပိနော = နာမ်အချင်းချင်း ကျေးဇူးပြုပါသည်။
စတ္တာရော မဟာဘူတာ = မဟာဘုတ် ၄-ပါး ရုပ်အချင်းချင်း ကျေးဇူးပြုပါသည်။
ဩက္ကန္တိက္ခဏေ နာမရူပံ = ရုပ်၊ နာမ် အချင်းချင်း ကျေးဇူးပြုပါသည်။

နအညမညအတ္ထိ- စိတ္တစေတသိကာ ဓမ္မာ .. ရူပါနံ = နာမ်ကရုပ်ကို ကျေးဇူးပြုပါသည်။ (ပဋ္ဌာန်းဘုံ)
မဟာဘူတာ ဥပါဒါရူပါနံ = ရုပ်ကရုပ်ကို ကျေးဇူးပြုပါသည်။
စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ = ရုပ်ကနာမ်ကို ကျေးဇူးပြုပါသည်။

ဝတ္ထုပုရေဇာတတ္ထိ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သဘာဝ(ကရိဏ်း)
စက္ခာယတနံ	**စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	(ပြိုင်) ၆ နိ, ပု, ကွဲ ဝိပ်, အတ်, အဝိ
မဇ္ဈိမာယုက.အတီတဘွင်. စက္ခုဝတ္ထု။ မရဏာ ၁၇-ချက်မြောက်.စက္ခုဝတ္ထု၊	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေ ၇-ခု	
**** သော၊ ဃာ၊ ဖိ၊ 'ကာယာယတနံ' ဆိုင်ရာတို့ကို နည်းမှီ၍ သိနိုင်ပါသည်။		

www.dhammadownload.com

အာရမ္မဏပုရေဇာတတ္ထိ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဗဒါန်)	သဘာဂ(ကရိဏ်း)
ရူပါယတနံ ။ပ။ ဖော	**စက္ခုဝိညာဏာ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ။ပ။**	(ပြိုင်) ၄
ပစ္စုပ္ပန် ရူပါရုံ ။ပ။ ပ,တေ,ဝါ	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာ.. စေ-၇ ။ပ။	
ရူပါယတနံ ။ပ။ ဖောဋ္ဌဗ္ဗာယတနံ	မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	အာ, ပု, အတ်, အဝိ
ပစ္စုပ္ပန် ပဋ္ဌာရုံ	မနောဓာတ် ၃-ခု၊ ဆန္ဒ၊ပီ၊ဝီကြဉ်အညသမာန်းစေ-၁၀၊	

ယံ ရူပံ	**နိဿာယ မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊**	(ပြိုင်.ယ ၈)
'ယံ ရူပံ ဖြင့်.အနိယမအားဖြင့် ပဋ္ဌိသန္ဓေအစ .. အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ...	နိဿ.ဝတ္တန္တိ-ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ-၄ ကြဉ်သောပဋ္ဌမဘဝင်အစရှိသော မနောဓာတ်-၃၊ မနောဝိညာဏဓာတ်-၇၂၊ စေ-၅၂	အာ, ဓိ, နိ, ဥ, ပု ဝိပ်,အတ်,အဝိ
တံ ရူပံ	**မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	
'တံ ရူပံ ဖြင့်. နိယမအားဖြင့် ယံ ရူပံဖြင့်မှတ်အပ်ပြီးသော ပဋ္ဌိသန္ဓေအစ.. ဟဒယဝတ္ထု။	မနောဓာတုယာ စ ဓမ္မာနံဖြင့်... မနောဓာတ်-၃၊ အရူပဝိ-၄ ကြဉ်..... မနောဝိညာဏဓာတ်-၇၂၊ စေ-၅၂၊	

အဋ္ဌကထာဖွင့်ဆိုချက်များ

အတ္ထိပစ္စည်း၏ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိဟု နှစ်မျိုးရှိရာ ဥပါဒ်အခိုက်၊ ဘင်အခိုက်၌ ပစ္စည်းထင်ရှားရှိသော်လည်း ဖြစ်နေခိုက်၊ ပျက်နေခိုက်ဖြစ်၍ မထင်ရှားဘဲ ဌီအခိုက်၌သာ ပို၍ထင်ရှားသဖြင့် ဇနကသတ္တိရှိသော်လည်း ဥပတ္ထမ္ဘကသတ္တိက ပြဋ္ဌာန်းသည်ဟု အဋ္ဌကထာ၊ ဋီကာများက ဆိုကြပါသည်။

? အတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံကို သိနားလည်ပြီး လောဘစသည်ကင်းပျောက်အောင် မည်သို့ဆင်ခြင်သင့်ပါသနည်း။ *(မူလပဋ္ဌာန်းဆရာတော် ပဋ္ဌာဝါရအသံဖမ်းကျမ်း)*

ရုပ်နာမ်တရားတို့သည် ပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားရှိဆဲ၌ တခုနှင့်တခုဖွဲ့စပ်၍ ကျေးဇူးပြုထားခြင်းကြောင့် အထူးထူးသော နိမိတ်သဏ္ဌာန် ဟန်ပန်ပုံပန်း အဆန်းတကျယ် ဖြစ်နေကြ၏။ ထိုရုပ်နာမ်တရားတို့၏ အစဉ်ဖြစ်နေသော သန္တတိ၊ သမူဟ၊ သဏ္ဌာန၊ ပညတ်သုံးပါးတို့၏အစွမ်းဖြင့် နိမိတ္တရှိနေလျှင် "ထိုဝတ္ထုသည် တင့်တယ်၏၊ မင်္ဂလာရှိ၏၊ ကောင်းမြတ်၏၊ ချစ်ခင်ဘွယ် ရှိ၏။"စသည်ဖြင့် **လောဘ** တရားများ ပွားများကြ၏။ မူလဖြစ်သောနိမိတ်မရှိလျှင် လောဘလည်း မရှိနိုင်။ အတ္ထိပစ္စည်းဖြင့် ရုပ်နာမ်အချင်းချင်း ကျေးဇူးပြုပုံကို အထင်အရှားမြင်လျှင် နိမိတ်လည်းမရှိတော့သည့်အတွက် လောဘစသည် တရားများလည်း ကင်းပျောက်နိုင်ပါသည်။

www.dhammadownload.com

နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပုံ၊ နတ္ထိပစ္စည်းမထိုက်ပုံ

နိဗ္ဗာန်သည် မဂ်ဖိုလ်စသည်တို့၏ အာရုံအားဖြင့် အသင်္ခံတတရား၊ အမြဲ နိစ္စ ထင်ရှားရှိနေသောတရား ဖြစ်၏။ ဥပါဒ် ဌီ ဘင်မှကင်းသဖြင့် ကာလဝိမုတ်တရား ဖြစ်၏။ အတ္ထိပစ္စည်းသည် ထင်ရှားရှိဆဲ ကျေးဇူးပြုသည်ဆိုရာ၌ ပစ္စယုပ္ပန်အား ထင်ရှားရှိဆဲသာဖြစ်ပြီး ဖြစ်မှုချုပ်မှုနှင့်ဆက်စပ်နေသော အနိစ္စတရား၊ သင်္ခံတတရား၊ သပ္ပစ္စယတရား သာဖြစ်ပါသည်။ နိဗ္ဗာန်သည် ဖြစ်မှုချုပ်မှုမရှိပဲ အမြဲထာဝရရှိနေသောတရား ဖြစ်၍ အတ္ထိပစ္စည်း မထိုက်ပါ။

နတ္ထိပစ္စည်းသည် ဖြစ်မှုချုပ်မှုနှင့်စပ်၍ ချုပ်သည့်အခါမှ မရှိသည်ဖြစ်၍ ပစ္စယုပ္ပန် နာမ်တရားတို့ကို ကျေးဇူးပြုခြင်းဖြစ်ရာ နိဗ္ဗာန်သည် အမြဲနိစ္စရှိ၍ ချုပ်မှုမရှိသောတရား ဖြစ်သဖြင့် နတ္ထိပစ္စည်းလည်း မထိုက်ပါ။

❁ နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း၊ ကျယ်သနည်း။

▣ *အာ, ဥ, ကမ်, အတ်၊ လေးရပ် ဤတွင်၊ အကုန်ဝင်၊ ကုန်စင် ခွဲစိတ်ဖြာ။*

အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။

* စိတ်,စေတသိက်တို့၏ အာရုံအဖြစ်သို့မရောက်သော တစ်စုံတစ်ခုသောပစ္စည်းမည်သည် မရှိသောကြောင့်လည်းကောင်း၊
* မိမိတို့၏ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရား၏ အားကြီးသောမှီရာအကြောင်း၏အဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသောပစ္စည်းမည်သည် မရှိသောကြောင့်လည်းကောင်း၊
* သင်္ခါရလောက၏ ဖြစ်ခြင်းသည် ကုသိုလ်,အကုသိုလ်ကံသာလျှင် အကြောင်းရင်းရှိသောကြောင့် လောက ပဝတ္တိအကျိုး၌ အကြောင်း ကံသဘော၊ ကံအဖြစ်ကို မလွန်နိုင်သောကြောင့်လည်းကောင်း၊
* ထိုပစ္စည်းအားလုံးတို့သည် ပရမတ္ထအားဖြင့်ဖြစ်စေ, လောကသမုတိ၏အစွမ်း ဖြင့်ဖြစ်စေ, ထင်ရှား ကုန်သည်သာဖြစ်သောကြောင့်လည်းကောင်း၊

အလုံးစုံသောပစ္စည်းတို့သည် အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်းတို့၌ ပေါင်းယူနိုင်ခြင်းသို့ရောက်ကုန်သောကြောင့် ယင်း ၄-ပစ္စည်းကို အရာကျယ်သည်ဟု ဖြေဆိုဆုံးဖြတ်တော်မူသည်။

[လက်သန်း အဌကထာဆရာ မိန့်ဆိုသည့်အတိုင်း ကြီးသဲလေးထပ်ဆရာတော် ဖြေဆို၊]

+

၂၂။ နတ္ထိပစ္စည်း

နတ္ထိ = ထင်ရှားမရှိသောအားဖြင့် ကျေးဇူးပြုသောတရား။

ဆီမီးငြိမ်းခြင်းသည် အမှောင်ဖြစ်စေရန် ကျေးဇူးပြုသကဲ့သို့၊ မိမိတည်ရှိနေခြင်းကြောင့် ဖြစ်ခွင့်မရ ကုန်သော မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက်တို့အား ဖြစ်ခွင့်ပေးသည့်အစွမ်းဖြင့် ကျေးဇူးပြုတတ်သော၊ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်,စေတသိက်တရားတို့သည် နတ္ထိပစ္စည်း မည်၏။

(သုဒ္ဓသင်္ချာ = အနန္တရနှင့် တူ၏။)

www.dhammadownload.com

နတ္ထိပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ	**ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ**	(ပြိုင်.ယ. ၇)
ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော စိတ်-၈၉၊ စေ-၅၂၊	ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ်-၈၉၊ စေ-၅၂၊	နံ၊သနံ၊ ဥ၊**သေ**၊**ကံ**၊ နတ်၊ ဝိဂ

အတ္ထိပစ္စည်းနှင့် နတ္ထိပစ္စည်း အထူး

အတ္ထိ **ပစ္စည်း** = ခဏသုံးပါးသို့ ရောက်သောရုပ်,နာမ်တရား၊
ပစ္စယုပ္ပန် = ဖြစ်ဆဲ ခန္ဓာငါးပါး၊
နတ္ထိ **ပစ္စည်း** = ရှေ့စိတ်ချုပ်ခြင်းဖြင့် နောက်စိတ်ကို ဖြစ်ခွင့်ပေးခြင်း၊
ပစ္စယုပ္ပန် = ထိုထိုအကြောင်းကိုစွဲ၍ ခဏသုံးပါးသို့ရောက်ဆဲဖြစ်သော ပစ္စုပ္ပန် ခန္ဓာငါးပါး၊

၂၃။ ဝိဂတပစ္စည်း

ဝိဂတ = ကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

နေဝင်ခြင်းသည် လထွက်ခြင်းကို ကျေးဇူးပြုသကဲ့သို့၊ နောက်ဖြစ်သော စိတ်, စေတသိက်တို့အား ကင်းကွာသည်အဖြစ်ကျေးဇူးပြုတတ်သော ရှေ့ဖြစ်သော (ချုပ်ကုန်ပြီးသော) စိတ်, စေတသိက်တို့သည် ဝိဂတပစ္စည်း မည်၏။

(**တစ်နည်း**- မိမိသဘောကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော နတ္ထိပစ္စည်းတရား တို့သည်ပင် ဝိဂတပစ္စည်း မည်၏။)

(သုဒ္ဓသဏ္ဍာ= နတ္ထိနှင့် တူ၏။)

(ဝိဂတပစ္စည်းအရကောက်သည် နတ္ထိနှင့် တူပါသည်။) (ဤ ၇-ပစ္စယသတ္တိတို့တွင် ဝိဂတသတ္တိ ဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။)

* သမနန္တရဝိဂတဆိုသည်မှာ ကောင်းစွာအခြားမဲ့၌သာ ကင်းကုန်သော ဖြစ်ပါသည်။
* ပါဠိအရ ဝိဂတပစ္စည်း၏ ကင်းသည့်သဘောဖြင့် ကျေးဇူးပြုသည်ကို ပြပါသည်။
* နတ္ထိနှင့် ဝိဂတသည် သဒ္ဒါသာထူးပြီး ပစ္စည်း ပစ္စယုပ္ပန် အနက် မထူးပါ။
  (အနည်းငယ်ထူးကြောင်းကို ပဥာဝါရက ပြောခဲ့ပြီး။)

၂၄။ အဝိဂတပစ္စည်း

(သာဝသေသဒေသနာ- ပု.ဝိ.အတ်.အဝိ)

အဝိဂတ = မကင်းကွာသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊

သမုဒ္ဒရာသည် မြစ်ချောင်းတို့အား မကင်းကွာသောသဘောဖြင့် ကျေးဇူးပြုသကဲ့သို့၊ ဖြစ်ပေါ်ဖြစ်ဘက်တရားတို့အား မကင်းကွာသည်ဖြစ်၍ ကျေးဇူးပြုတတ်သော ရုပ်,နာမ်တရားတို့သည် အဝိဂတပစ္စည်း မည်၏။

(**တစ်နည်း**) ချုပ်ခြင်းသို့ မရောက်သည့်အစွမ်းဖြင့် ကျေးဇူးပြုတတ်သော အတ္ထိပစ္စည်းတရားတို့သည်ပင် အဝိဂတပစ္စည်း မည်၏။

www.dhammadownload.com

(သုဒ္ဓသန်ဂျာ= အတ္ထိနှင့် တူ၏။)

* ပါဠိတော် အားလုံး အတ္ထိပစ္စည်းအတိုင်း၊
* အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် သဒ္ဒါသာထူးပြီး ပစ္စည်း ပစ္စယုပ္ပန် အနက် မထူးပါ။ (နဲနဲထူးပုံကို ပဋ္ဌာဝါရဋ္ဌကြောခဲ့ပြီး ဖြစ်ပါသည်။)

(အဝိဂတပစ္စည်း အရကောက်သည် အတ္ထိပစ္စည်းနှင့် တူပါသည်။)

အတ္ထိ နှင့် အဝိဂတ အထူး

* ပရမတ္ထသဘာဝ ခဏိက ပစ္စုပ္ပန် မဖေါက်မပြန် မိမိသဘောထင်ရှားရှိနေမှုသည် အတ္ထိပစ္စည်း၏ သတ္တိ ဖြစ်ပါသည်။
* ပရမတ္ထသဘာဝ မကင်းသေး ချုပ်ခြင်းသို့မရောက် သေးသောသဘောသည် အဝိဂတ ပစ္စည်း၏ သတ္တိ ဖြစ်၏။ ဤသို့ထူးပါသည်။

ယုဂဠပစ္စယ

ပဋ္ဌာန်းပစ္စည်းများတွင် 'ယုဂဠပစ္စယ'ဟူသော အစုံအစုံပစ္စည်းအစွမ်းများ ရှိပါသည်။ အစုံအစုံပစ္စည်းများ၏ ဆန့်ကျင်ဘက်များကိုဖော်ပြ၍ နှစ်ပစ္စည်းစီတွဲ၍သာ ရုပ်တရား, နာမ်တရားတို့၏ အကြောင်း, အကျိုး၊ ဖြစ်ပုံ,တည်ပုံ၊ ကျေးဇူးပြုပုံအထူး(အထူး)များကို အပြန်အလှန်ထောက်ပံ့သောအစွမ်းဖြင့် ပြည့်စုံစေရန် 'ယုဂဠပစ္စယ'အစွမ်းအားဖြင့် ဝိဂတပစ္စည်း၏အခြားမဲ့၌ အဝိဂတပစ္စည်းကို ဟောတော်မူပါသည်။

သံကိလိဋ္ဌတိက် ပစ္စယနိဒ္ဒေသ ပြီး၏။

TTV

နာနာပွကာရဋ္ဌာနာနိ၊ ဗောဓိတာနေတ္ထ မုနိနာ၊
အနန္တနယ ပဋ္ဌာန်၊ ဝန္ဒေ အနန္တ ဂေါစရံ။

ဇတ္ထ– ဤ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌၊ **မုနိနာ**– မုနိထွတ်တင်၊ ဘုရားရှင်သည်၊ **နာနာပွကာရဋ္ဌာနာနိ**– ဟေတု, အာရမ္မဏစသည်များစွာ၊ အကြောင်းအရာတို့ကို၊ **ဗောဓိတာနိ**– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျန၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူအပ်ခဲ့လေကုန်ပြီ၊ **အနန္တဂေါစရံ**– အဆုံးမရှိ၊ ကုန်အောင်သိသည့်၊ ဉာဏ်တော်၏သာ၊ ကျက်စားရာဖြစ်တော်မူသော၊ **တံ အနန္တနယပဋ္ဌာန်**– မြားမြောင်ပေါယယ်၊ နည်းစုံကြွယ်သား၊ ကြီးကျယ်မြင့်မော်၊ ထို ပဋ္ဌာန်းကျမ်းတော်ကြီးကို၊ **ဝန္ဒေ**– တစ်သက်တစ်ခါ၊ ကြဲခဲစွာဖြင့်၊ ကြဲလာသည့်ခိုက်၊ ဦးဖြင့်တိုက်၍၊ နှစ်ချိုက်လှစွာ၊ ရှိခိုးကန်တော့ပါ၏ ဘုရား။ ။

ပဋ္ဌာန်းဒေသနာ ကျမ်းရွေစာ၊ ရှည်စွာအဓွန့်၊ တည်စေသော်၊

ဦးတင်ဝင်း(ဒိုက်ဦး–သုံးခွ)

UTW

+UTW

www.dhammadownload.com

အခန်း(၅)

ဆဝါရဝိဘင်

ဆဝါရဝိဘင် အနုလုံ သုဒ္ဓသင်္ချာ

သုဒ္ဓသင်္ချာများသည် ဆိုင်ရာ တိက်,ဒုက်အားလျော်စွာ ဆဝါရသုဒ္ဓသင်္ချာ ပဥ္စဝါရ သုဒ္ဓသင်္ချာ ဟူ၍ ရှိပါသည်။ သုဒ္ဓသင်္ချာများကိုလည်း ဆိုင်ရာ တိက်,ဒုက် အားလျော်စွာ ပြုလုပ်သွားကြရမှာ ဖြစ်ပါသည်။ ဝေဒနာတိက်တွင် ဝေဒနာ၊ ရုပ်၊ နိဗ္ဗာန် တို့သည် တိက်မုတ်ဖြစ်သည့်အတွက် ကုသလတိက် သုဒ္ဓသင်္ချာ အတိုင်းတွင် ပစ္စည်း ပစ္စယုပ္ပန်တရားများမှ ဝေဒနာ၊ ရုပ်၊ နိဗ္ဗာန်ကိုချန်ထား၍ နာမ်သက်သက်ကိုသာယူရပါမည်။ ဤ သံကိလိဋ္ဌတိက်သည် ကုသလတိက်, ဝိပါကတိက်, ဥပါဒိန္နတိက်တို့ကဲ့သို့ "နိပ္ပဒေသတိက်" ဖြစ်၍ **ဆဝါရ၏အနုလုံအတွက် ပဥ္စဝါရ၏ပစ္စယုပ္ပန်တရားတို့ကို ဟောရပါမည်**။ ပါဠိတော်တွင် ပဋိစ္စဝါရ ဖြင့်သာ ဟောထားမှုရှိပါသည်။ ဤ သံကိလိဋ္ဌတိက်မှတ်စုတွင် **ကုသလတိက်က နည်းပေးသည့်အတိုင်းသာ တူရာ ဝါရများကိုတွဲစပ်၍** တင်ပြပူဇော်ပါမည်။

ပဥ္စဝါရ	သူသည်	သူ့အား	ကျေးဇူးပြု၏။
	အကြောင်း၊ ပစ္စည်း၊ (ကတ္တား)	အကျိုး၊ ပစ္စယုပ္ပန်၊ သမ္မဒါန်၊	ပစ္စယသတ္တိ ကရိဏ်းသတ္တိ
ဆဝါရ	ပစ္စည်း၊ ကံ	အကျိုး၊ ပစ္စယုပ္ပန်၊ (ကတ္တား)	အကြောင်း ဟိတ်ပါဠိသတ္တိ
	သူ့ကို စွဲ၍	သူသည်	သူ့ကြောင့်ဖြစ်၏။

"ပဥ္စ ကတ္တား၊ ဆဟိတ်ထား၊ တရားအရတူ။"

	ပဥ္စဝါရ	ဆဝါရ
၁။	အာရမ္မဏစသည်ဖြင့် မျိုးစဉ်အလိုက်ဟောသည်။	ပဋိစ္စဝါရစသည်ဖြင့် ၆-ဝါရ ဟောသည်။
၂။	ဇနကသတ္တိရသည့်ပစ္စည်းများကို အဓိကထား၍ ဟောသည်။	**ပဥ္စဝါရမှ ဇနကသတ္တိရသောပစ္စည်းများ၏ ပစ္စယုပ္ပန်တရားများကို ဤဆဝါရ အနုလုံ၌ဟောသည်။**
၃။	ကတ္တား၊ သမ္မဒါန်၊ ကရိဏ်း ဟောသည်။	ကံ၊ ကတ္တား၊ ဟိတ်ပါဠိ ဟောသည်။
၄။	ကရိဏ်းသတ္တိ ကောက်ပါသည်။	ဟိတ်ပါဠိသတ္တိ ကောက်ပါသည်။
၅။	ဝိဘင် **အနုလုံ**ဟောသည်။	ဝိဘင် **အနုလုံ**နှင့် **ပစ္စနိုက်**ဟောသည်။



www.dhammadownload.com

ဝိဿဇ္ဇနာဝါရကြီး ၇-မျိုး ဆက်သွယ်ပုံ (ဝါရ = အလှည့်, အစဉ်)

၁။ ပဋ္ဌိစ္စဝါရ — ကိုစွဲ၍ဖြစ်သော၊
၂။ သဟဇာတဝါရ — နှင့်တကွဖြစ်သော၊
၃။ ပစ္စယဝါရ — သဟ-နိဿယ ပစ္စည်းပြ၍ဖြစ်သော၊ ပုရေ-နိဿယ ပစ္စည်းပြ၍ဖြစ်သော၊
၄။ နိဿယဝါရ — မှီ၍ဖြစ်သော၊
၅။ သံသဋ္ဌဝါရ — နှီးနှော၍ဖြစ်သော၊
၆။ သမ္ပယုတ္တဝါရ — ယှဉ်၍ဖြစ်သော၊

→ ကံ နှင့် ကတ္တား နှစ်ပုဒ်ကြားဝယ် ဝါရခြယ် မှတ်ဖွယ် ဆဝါရ။

၇။ ပဉ္ဉာဝါရ (ထိုထို ပဉ္ဉာတို့ကိုထုတ်ဆောင်၍ အရှပ်အထွေးမရှိအောင် ဝေဖန်ဟောကြား)

'ဆဝါရ'ဆိုသည်မှာ ပဋ္ဌိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ အားဖြင့် ဝါရ ၆-ပါးကို ဆိုပါသည်။

⇉ ပဋ္ဌိစ္စဝါရနှင့် သဟဇာတဝါရသည် တူ၏။ ပဋ္ဌိစ္စသဒ္ဒါဖြင့်၊ သဟဇာတသဒ္ဒါဖြင့် ဟောမှုသာထူးပါသည်။ ပဉ္ဉာဝါရမှ သဟဇာတပစ္စည်းကို ဟောပါသည်။

⇉ ပစ္စယဝါရနှင့် နိဿယဝါရသည် တူ၏။ ပစ္စယသဒ္ဒါဖြင့်၊ နိဿယသဒ္ဒါဖြင့် ဟောမှုသာထူးပါသည်။ ပဉ္ဉာဝါရမှ သဟဇာတနိဿယ၊ ပုရေဇာတနိဿယပစ္စည်းကို ဟောပါသည်။

⇉ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရသည် တူ၏။ သံသဋ္ဌသဒ္ဒါ၊ သမ္ပယုတ္တသဒ္ဒါဖြင့် ဟောမှုသာထူးပါသည်။ ပဉ္ဉာဝါရမှ သမ္ပယုတ္တပစ္စည်းကို ဟောပါသည်။

➦ **ပဉ္ဉာဝါရ၌ ပစ္စည်း**ကို ပဓာနထား၍ဟောပါသည်။ သုဒ္ဓသင်္ချာမှာလည်း ပစ္စည်း, ပစ္စယုပွန် တွဲဖက်ပြဆို/ဟောတော်မူပါသည်။ ဆိုင်ရာ.. ပစ္စည်း,ပစ္စယုပွန်တို့ကိုတွဲစပ်၍ ပဒ-ပဒါဝသာန ခွဲပြီး သင်္ချာထုတ်ရုံမျှသာဖြစ်ပါသည်။ (ပစ္စယုပွန် အားတပ်သော ပစ္စည်း)

➦ **ဆဝါရ၌**မူကား- **ပစ္စယုပွန်**ကို ပဓာနထား၍ ဟောတော်မူပါသည်။
သုဒ္ဓသင်္ချာမှာလည်း ပစ္စယုပွန်မျှကိုသာ ပြဆိုထားပါသည်။ ပဒ-ပဒါဝသာနခွဲရန်အတွက်- ???

ကုသလတိက်နှင့် ဝေဒနာတိက်၊ ဝိပါကတိက်၊ ဥပါဒိန္နတိက်တို့နှင့် နှိုင်းယှဉ်ချက်

* (**ကျေးဇူးရှင်အကြီးကြီး/ကျေးဇူးအများဆုံး**)ကုသလတိက်သည် ပဋ္ဌာန်းသရုပ်ကို ပြည့်စုံစွာထုတ်ပြနိုင်ပြီး အထက်ဖြစ်သောတိက်များ၊ ဒုက်များအတွက် နည်းပေးနိုင်ခဲ့ပါသည်။ ကြံဆမှုတို့ကိုညွှန်ပြနေသကဲ့သို့ နည်းမှီနိုင်ပါသည်။ ကုသိုလ်,ဝိပါက်တို့ကို သီးခြား(တစ်)ပဒစီနှင့် ရုပ်ကို(တ-ပဒ)အတွင်း၌ (အထူး-စိတ္တဇရုပ်)ဟောထားမှုရှိပြီး သင်္ချာထုတ်ပုံတို့ကိုလည်း ပေါ်လွင်စေပါသည်။
= (ပ-အုပ် ပါဋ္ဌိတော် ၁၉ မှ ၁၃၁ အထိ)= **၁၁၂**၊ ဆဝါရသင်္ချာ (၉-၁၇-၃)(မူ) ဖြစ်ပါသည်။

www.dhammadownload.com

* ဝေဒနာတိက်သည် ဝေဒနာ၊ ရုပ်၊ နိဗ္ဗာန် တို့ကို တိက်မှတ်(ကြွင်း)ထုတ်ထားသော 'သပွဒေသတိက်' ဖြစ်ပါသည်။ ရုပ်ကိုမဟောသဖြင့် ပဥ္စာဝါရ၏အနုလုံတွင် (ပုရေ,ပစ္ဆာ,ဝိပ် ကြဉ်) ၂၁-ပစ္စည်းသာဟောထားမှုရှိပြီး ရုပ်နှင့်ဆိုင်သောသင်္ချာများ လုံးဝမရနိုင်တော့ပါ။ အထူးအားဖြင့် "ဆဝါရ"တွင် ရုပ်မရှိလျှင် ပစ္စယဝါရစသည်ကို အထူးမဟောရတော့ဘဲ 'ပဋိစ္စဝါရ'ဖြင့်သာ ဆဝါရကိုပြီးစေနိုင်ပါသည်။
= ဝေဒနာကို တိက်မှတ်ထုတ်ထားသဖြင့် နာမက္ခန္ဓာ ၃-ပါးသာ ရပါသည်။
= (ပ-အုပ် ပါဠိတော် ၂၉၄ မှ ၃၀၅ အထိ)= **၁၁**
ဆဝါရသင်္ချာ (၃)(မူ) ဆဝါရလုံးဆိုင်ရာအတွက်ဖြစ်ပါသည်။
(အထက်တိက်/ဒုက်များ ဆက်လက်ချီတက်ရန် အားပေးနေသကဲ့သို့ ဖြစ်ပါသည်။)

* ဝိပါကတိက်သည်လည်း "နိပ္ပဒေသတိက်"ဖြစ်၍ ကုသလတိက်ကနည်းပေးထားသည့်အတိုင်းသာဖြစ်ပြီး ကုသိုလ်,ဝိပါက်တို့ကို ဆိုင်ရာ(တစ်)ပဒအတွင်းဟောမှုနှင့် ရုပ်အားလုံးသည် တတိယပဒ၌သာရှိနေပေးသည့်အတွက် ကျေးဇူးတင်ရပါသည်။
= (ပ-အုပ် ပါဠိတော် ၃၃၄ မှ ၃၆၃ အထိ)= **၂၉**၊ ဆဝါရသင်္ချာ (၁၃-၁၇-၃)(မူ) ဖြစ်ပါသည်။

* ဥပါဒိန္နတိက်သည် "နိပ္ပဒေသတိက်"ဖြစ်သော်လည်း ကုသိုလ်,ဝိပါက်တို့ကို နှစ်ပဒခွဲထားမှု၊ ရုပ်ကိုလည်း နှစ်ပဒခွဲထား(ကမ္မဇရုပ်ကိုထပ်မံ၍နှစ်ပဒခွဲထား)မှုတို့ရှိနေခဲ့သဖြင့် သင်္ချာများခွဲဝေမှုအတွက် ကျေးဇူးများပြန်ပါသည်။
= (ပ-အုပ် ပါဠိတော် ၃၈၇ မှ ၄၀၆ အထိ)= **၁၉**၊ ဆဝါရသင်္ချာ (၉-၁၁-၃)(မူ) ဖြစ်ပါသည်။

*** ဤ သံကိလိဋ္ဌတိက်သည် "နိပ္ပဒေသတိက်"ဖြစ်ပြီး ကုသိုလ်,ဝိပါက်တို့ကို နှစ်ပဒခွဲထားမှုရှိနေပါသော်လည်း ကုသလတိက်ကဲ့သို့ ရုပ်အားလုံး(စိတ္တဇရုပ်)ကိုတို့ တစ်ပဒ(၃)အတွင်းသာဟောထားပေးပါသည်။
= (ပ-အုပ် ပါဠိတော် ၄၄၂ မှ ၄၄၄ အထိ)= **၃**၊ ဆဝါရသင်္ချာ (၉-၁၇-၃)(မူ) ဖြစ်ပါသည်။
* ဆဝါရဝိဘင်္ဂ(နှ,နိက်)+ဆဝါရသင်္ချာ(၄-နယ) တို့ကို **စာမျက်နှာ-၃ သာ**ဟောထားမှု ရှိပါသည်။

ပါဠိတော်စာမျက်နှာ-(ကုသလတိက်-**၁၁**/ ဓေ-**၁၁**/ ဝိ-**၂၉**/ ဥပါဒိန္နတိက်-**၁၉**/ သံကိလိဋ္ဌတိက်-**၃**)
(ယထာ ကုသလတ္တိကေ ဝိဘတ္တံ၊ ဧဝံ ဝိဘဇိတဗ္ဗံ။) ←

ဤ သံကိလိဋ္ဌတိက်တွင် ၁-ပဋိစ္စဝါရ၊ ၁-ပစ္စယာနုလောမ ၁-ဝိဘင်္ဂဝါရတွင် ဟေတုပစ္စည်း၏ပါဠိတော်သင်္ချာ(၉)ချက်သာဟောထားမှုရှိပြီး ၂-သင်္ချာဝါရတွင်လည်း သုဒ္ဓသာ ဟောမှုရှိပါသည်။
မှတ်ချက်။ ။ စာ-၄၄၃၌ ဝိမိ နှင့် အနုဝါဒပါဠိတော်တို့တွင် အနုဝါဒပါဠိကို သင်္ချာတပ်၍သာထုတ်ပါမည်။

သံကိလိဋ္ဌတိက် ဆဝါရ ဝိဘင်္ဂ အနုလုံ ပါဠိတော်ကို ကြုံဆခြင်း

➡ (ပဥ္စာဝါရတွင်ဟောသော ၂၃-ပစ္စည်း(ပစ္ဆာဇာတကြဉ်)တို့၏ ပစ္စယုပ္ပန်တရားကို ကံ,ကတ္တား ခွဲ၍ ထို"ကံ"ကို ပစ္စည်း၊ "ကတ္တား"ကို ပစ္စယုပ္ပန်ဟု ကောက်ပါသည်။)

ပါဠိထုတ်ပုံ

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော ကုသိုလ်စိတ်-၂၁၊ စေတသိက်-၃၈ တို့အတွက် ပါဠိတော်အဘယ်သို့ထုတ်၍ ဟောမည်နည်း။ **?**

www.dhammadownload.com

ကုသိုလ်စိတ် တစ်ခုတည်းရှိသည်ဖြစ်စေ၊ ကုသိုလ်စိတ် ၂၁-ခုရှိသည်ဖြစ်ပါစေ ပါဠိမှာ အတူတူပင် ဖြစ်ပါလိမ့်မည်။ ထိုကုသိုလ်စိတ် စေတသိက်တို့ကို ခန္ဓာဖွဲ့လျှင် နာမက္ခန္ဓာ ၄-ပါးရှိပါမည်။ ကံပုဒ်တွင် ခန္ဓာတစ်ပါးပါးနေလျှင် ကတ္တားပုဒ်၌ ကြွင်းခန္ဓာ သုံးပါးနေပါမည်။ တစ်ပါးတစ်ပါး၊ သုံးပါးသုံးပါး၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာတို့ ကံပုဒ်ဖြစ်လျှင်ကြွင်းနာမက္ခန္ဓာတို့ ကတ္တာပုဒ်၌ ဖြစ်ကြရပါသည်။

* ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

* ကုသလေ၊ ကုသိုလ်ဖြစ်ကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ ပဋိစ္စ၊ စွဲ၍။ စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော။ ရူပံ၊ ရုပ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

* ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ ကုသလော၊ ကုသိုလ် ဖြစ်သော။ ဓမ္မော စ၊ တရားသည်၎င်း။ အဗျာကတော၊ အဗျာကတဖြစ်သော။ ဓမ္မော စ၊ တရားသည်၎င်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

*** ကုသိုလ်နည်းတူ အကု/ဝိပါက်/ကြိယာတို့ကိုလည်း ပါဠိတော်ထုတ်ရပါမည်။

*** စိတ္တဇရုပ်၊ ဝတ္ထုရုပ်တို့၏ သန္ဓိကို ချယ်လှယ်မှု၊ သရုပ်ဖော်မှုတို့သည်လည်း အရေးပါလှပါသည်။
(<u>စိတ္တဇရုပ်ရနေလျှင် သန္ဓိများနေခြင်းက သက်သေပြနေပါသည်</u>။)
မဟာဘုတ်တို့နှင့်ဆိုင်ရာသတ္တိအတွက်ကိုလည်း ပါဠိထုတ်ပေးရပါမည်။
ဝတ္ထုက် = ဝတ္ထုရုပ်ကို ကံပုဒ်ဘက်ကထား၍ ဟောခြင်းကြောင့် "ဝတ္ထုက်" ဟုခေါ်သည်။
ဆဝတ္ထုသည် ကံပုဒ်-ပစ္စည်းဖြစ်၍ သတ္တဝိညာဏဓာတ်သည် ကတ္တားပုဒ်-ပစ္စယုပ္ပန်။
သန္ဓိ ၁၇-ချက်ဟောမှုတွင် (ဝတ္ထုက်အတွက်) သုဒ္ဓသန္ဓိတွင် ဒွေပဉ္စ-၁၀ ရ/မရ သတိပြု၍ဟော ရပါမည်။ (အရတရားများပေါ်တွင်မူတည်၍ ဝတ္ထုရုပ်ကိုမှီမှုသည်လည်း သန္ဓိများစေပါသည်။)

*** ဆိုင်ရာအရတရားတို့တွင် <u>ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်, ဝတ္ထုက်</u> ဟူ၍ ၄-မျိုး ရှိပါသည်။ အနုလုံပါဠိတော်ဇယားတွင် ပြထားဆိုထားမှု ဆိုင်ရာပါဠိတော် ဆိုင်ရာဝါရတို့ကိုသာ ပူဇော်ကြရပါမည်။

❸⇉ ပဋိစ္စဝါရနှင့် သဟဇာတဝါရမှာ သဟဇာတပစ္စည်းကိုသာဟော၍ ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက် ဟူ၍ ၃-မျိုး ရပါသည်။

❹⇉ ပစ္ဆာယဝါရနှင့် နိဿယဝါရတို့တွင် သဟဇာတပစ္စည်း, ဝတ္ထုပုရေဇာတပစ္စည်းကို ဟောသဖြင့် ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်နှင့် ဝတ္ထုက် ဟူ၍ ၄-မျိုးလုံး ရပါသည်။

❷⇉ သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရတို့တွင် သမ္မယုတ္တပစ္စည်းကိုဟောသဖြင့် ပဝတ္တိနှင့်ပဋိသန္ဓေ နာမ်ဆိုင်ရာ ၂-မျိုးသာ ရပါသည်။

မှတ်ရန်-

သုဒ္ဓသန္ဓိ ➥ ပဋ္ဌာန်းတော်မြောက်လို၍ သင်ကြားသင်ယူသူတို့သည် သုဒ္ဓသန္ဓိများကို ကျေကျေညက်ညက် သိရှိရပေမည်။ ထိုသုဒ္ဓသန္ဓိများအရ ဆိုင်ရာပစ္စည်းတို့၏ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတရား များကို ပိုင်နိုင်စွာသရုပ်ခွဲ၍ မှတ်သားရပေမည်။ ထို <u>သုဒ္ဓသန္ဓိသရုပ်အားလျော်စွာ ပါဠိထုတ်၊ ကတ္တား ပုဒ်ကောက်၊ ဟိတ်ပါဠိကောက်</u> ရပါမည်။

သုဒ္ဓသန္ဓိအားလျော်စွာ ပါဠိတော်ပေါ်ထွက်လာအောင် ကြံစည်ကြိုးစား အားထုတ်နိုင်ပါရန်..

www.dhammadownload.com

သံကိလိဋ္ဌတိက် ဆဝါရအနုလုံ ဝိဘင်ပါဠိတော်ဗေယျား (ဆိုင်ရာဝါရ၊ ဆိုင်ရာဝိတင်း) (* ပစ္စယဝါရ)

| ပဒ | ပဒါဝသာန | က်=ပစ္စည်း | | |

www.dhammadownload.com

သံကိလိဋ္ဌတိက် ဆဝါရဝိဘင်္ အနုလုံ သုဒ္ဓသချ်ာ ဖြစ်လာပုံ

ပဉ္ဉာဝါရမှ ဆဝါရ၏သုဒ္ဓသချ်ာထုတ်ယူပုံတင်ပြခြင်းသည်
ဆဝါရဟိတ်ပါဌ်သတ္တိ ကောက်ရန်အတွက် ရာနှုန်းပြည့် ကျေးဇူးများလှပါသည်။

သုဒ္ဓသချ်ာသဘော ➡ ပဉ္ဉာဝါရမှ ဇနကသတ္တိရသောပစ္စည်းများ၏ ပစ္စယုပွန်တရားများကို ဤဝါရ **အနုလုံ၌** ဟောသည်။ အနုလုံမှကျန်သောတရားများသည် **ပစ္စနိက်**တရားများဖြစ်ပါသည်။

ဟေတု ပစ္စယနိဒ္ဒေသ+ပဉ္ဉာဝါရ

အားတပ်သော

ပစ္စည်း	ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သချ်ာ	ပစ္စည်းရေ
ဟေတု	**ဟိတ် ၆-ပါး**	သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၂ (ဟေဓိကျက်မှာ)

ပစ္စည်း	**နာမ်**	**ရုပ်**	**သချ်ာ**
ဟေတု	သဟိတ်-၇၁၊ မောဒွေမောကြဉ်စေ-၅၂ သဟိတ်-ပဝတ္တိ,ပဋိ နာ.နွာ-၄	သဟိတ်-စိတ္တဇ၊ သ-ပဋိကမ္မဇ 2	၉.၁၇.၃

အာရမ္မဏစသည် ၇-ပစ္စည်း(အာ-အနံ-သနံ-ဥ-သံ-နတ်-ဝိဂ၊)တို့၏ **ပစ္စယနိဒ္ဒေသ+ပဉ္ဉာဝါရ သုဒ္ဓသချ်ာ** ပစ္စည်း/ပစ္စယုပွန်တို့တွင် ပစ္စယုပွန္နဓမ္မတို့သည် နာမ်သက်သက်သာရသဖြင့် ဤဆဝါရ၌-

အာ 7	စိတ်-၈၉၊ စေ-၅၂၊ ပဝတ္တိ,ပဋိ နာ.နွာ-၄	×	၃.၇.၃

* အကျဉ်းချုပ်မှတ်ရန်- ပစ္စယုပွန်ဘက်မှာ စိတ္တဇရုပ် ပါ/မပါ၊ ကုသိုလ် အကုသိုလ် အဗျာကတတရား များ ရ/မရ ကြည့်ရပါသည်။ (**စိတ္တဇရုပ်** မရသဖြင့်လျှင် သချ်ာနည်း၊) ပုံသေနည်း ←

အဓိပတိ ပစ္စယနိဒ္ဒေသ+ပဉ္ဉာဝါရ

* ဆဝါရသုဒ္ဓသချ်ာထုတ်ရာတွင် သဟာဓိကိုသာ ကြည့်၍ထုတ်ရပါသည်။
* ဟိတ်ပါဌ်၌သာ ၂-မျိုးလုံးအတွက် အဓိပတိပစ္စယာကို ပြည့်စုံစွာကောက်ယူပါသည်။

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သချ်ာ	ပစ္စည်းရေ
၁။	အာဓိ(အဓိပတိ) အာရမ္မဏူ (ဥပနိဿယ)	အလေးအမြတ်ပြုအပ်သော ဣဋ္ဌ ဖြစ်သော နိပ္ပန္နရုပ်-၁၈၊ဒေါ-၂၊မော-၂၊ ဒုက္ခ.ကာဝိညာဉ်ကြဉ်-၈၄၊ ဒေါစတုက်,ဝိစိကြဉ်စေ-၄၇၊ နိဗ္ဗာန်၊	အလေးအမြတ်ပြုတတ်သော လောဘမူ ၈၊ မဟာကု ၈၊ မဟာကြိသံ ၄၊ ကုတ် ၈၊ 8848	၅	၃
၂။	**သဟာဓိ**	အဓိပတိတရားကိုယ် ၃-ပါး ၄-ပါး တို့တွင် တစ်ပါးပါး၊	သမ္ပယုတ္တခန္ဓာ၊ (ဓိ×ပဋိ) သာဓိပတိစိတ္တဇရုပ်၊	၇	၁၃ (ဟေဓိဟာကျက်မှာ)

အဓိပတိ	ဓိ.ရခါ-ဓိကိုယ်ကြဉ် သာဓိဇော-၅၂-နာ.နွာ	သာဓိပတိစိတ္တဇရုပ်	၉.၁၇.၃

* ပစ္စနိက်ထုတ်ရာတွင်လည်း အနုလုံ-သဟာဓိတွင် မဟောသောတရားသာ ထုတ်ပါရန်။

www.dhammadownload.com

သဟကြီး-၄ ပစ္စယနိဒ္ဒေသ+ပဥ္စဝါရ

အားတပ်သော

ပစ္စည်း	ပစ္စည်း(ကတ္တား)		ပစ္စယုပ္ပန်(သမ္မဒါန်)	သရုပ်	ပစ္စည်း
သဟဇာတ အကြီး ၄	၁။	အလုံးစုံသော ပဝတ္ထိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊	အချင်း၂၊ အချင်း၂နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်	၉	၄
	၂။	မဟာဘုတ် ၄-ပါး၊	အချင်း၂၊ ဥပါဒါရုပ်အားငင်း		
	၃။	ပဋ္ဌဝေါ-ပဋိ နာမက္ခန္ဓာ ဟဒယဝတ္ထု၊	အချင်း၂၊		

ပစ္စည်း	နာမ်	ရုပ်	သရုပ်
သဟကြီး 4	အလုံးစုံ ပဝတ္ထိ,ပဋိ နာ.ခ္ခာ-၄ (နာမ်ကုန်)	ရုပ်စုံ (ရုပ်ကုန်) 7	၉.၁၇.၃

✓ ပစ္စယုပ္ပန္နဓမ္မ၌ အလုံးစုံသော နာမ်,ရုပ် ရနေ၍ ပါဠိတော်၌ စံနမူနာပြု၍ လေ့လာရပြီး၊

✓ သဟကြီး-၄ အား တပြိုင်နက်တင်ပြရာတွင် ပဋိစ္စ/သဟဇာတဝါရတို့တွင် သရုပ်-၉၊ ပစ္စယ/နိဿယဝါရတို့တွင် သဟ-နိ အပြင် ပုရေ-နိ ဝင်လာသဖြင့် သရုပ်-၁၇၊ သံသဋ္ဌ/သမ္မယုတ္တဝါရတို့တွင် နာမ်သက်သက်သာရ၍ သရုပ်-၃ ရမှုတို့ကို ပါဠိတော်ထုတ်ပုံနှင့်တကွ ပဥ္စကတ္တား၊ ဆဟိတ်ထားလျှင် **ဆဝါရ ကြေ၏**။

✗ အနုလုံတွင် တရားအပြည့်ဟောထားသဖြင့် ပစ္စနိက်တွင် တရားမကျန်ပါ။

အညမည ပစ္စယနိဒ္ဒေသ+ပဥ္စဝါရ

အားတပ်သော ✗ (စိတ္တဇရုပ် မရ)

အညမည	အလုံးစုံသော ပဝတ္ထိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊	အချင်း၂အားငင်း၊ အချင်း၂ နာမက္ခန္ဓာ **ဟဒယဝတ္ထု** အားငင်း	၃	၁
	အလုံးစုံသော မဟာဘုတ် ၄-ပါး၊	အချင်း၂		
	ပဋ္ဌဝေါ ပဋိ-နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်း၂		

အညမည	အလုံးစုံ ပဝတ္ထိ,ပဋိ နာ.ခ္ခာ ၄-ပါး၊ (နာမ်ကုန်)	ပဋိ-နံခံမှထောက်-ဟဒယဝတ္ထု၊ အချင်း-စိတ္တဇုတ်၊ ဋီကံ(ပ)ပ.ကံဘုတ်	၃.၇.၃

* လိုရင်းဖြစ်သော စိတ္တဇရုပ် မရသဖြင့် သရုပ်နည်းရခြင်း ဖြစ်ပါသည်။

ပုရေဇာတ ပစ္စယနိဒ္ဒေသ+ပဥ္စဝါရ

အားတပ်သော

ဝတ္ထုပုရေဇာတ	ဆဝတ္ထု	ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော.. အရူပဝိ-၄ ကြဉ်သတ္တဝိညာဏဓာတ်	၃	၁

ပစ္စည်း	နာမ်	ရုပ်	သရုပ်
ပုရေဇာတ	အရူဝိ-၄ ကြဉ် ပဋ္ဌဝေါ.ပဝတ္ထိ-နာ.ခ္ခာ-၄	✗	၃.၇.၃

(ဓိ ပု အာသေ ဤသုံးထွေ သန္နေ မရှိမှတ်)

* ပုရေဇာတပစ္စည်း၏ အနုလုံ၌ ပုရေ-ပဝတ္ထိ-ပဋ္ဌဝေါသာ ရ၏။ (ပုတဲ့သူပြော ပ.ပ.ပ.ပ)

www.dhammadownload.com

* **ဆဝါရအနုလုံ၌ ပစ္ဆာဇာတကို အဘယ့်ကြောင့် မဟောပါသနည်း?။**
(ဆဝါရဝိဘင်္ဂ် အနုလုံ၌ ၂၃-ပစ္ဆည်းသာဟောရခြင်း၊)

ပစ္ဆာဇာတပစ္ဆည်းသည် မိမိ၏ပစ္စယုပ္ပန်တရားဖြစ်သော စတုဇကာယအား ဥပတ္ထမ္ဘကသတ္တိအဖြစ်သာ ကျေးဇူးပြုပါသည်။ **ဇနကသတ္တိဖြင့်ကျေးဇူးမပြု**၊ ထို့ကြောင့် ပစ္ဆာဇာတကို ဆဝါရ-အနုလုံ၌ မဟောပါ။
(အနုလုံတွင် မဟောသဖြင့် ပစ္ဆနိက်၌ ရုပ်,နာမ် အပြည့်ဟောမည်၊)
တစ်နည်း။ ။ ပစ္ဆာဇာတပစ္ဆည်းသည် ရုပ်အား ဥပါဒ်ဆဲခဏ၌ ကျေးဇူးမပြု၊ ဌီသို့ရောက်မှသာ ကျေးဇူးပြု သောကြောင့် "ဥပ္ပဇ္ဇတိ"ဟူသောကြိယာဖြင့် ဟောရန်မတန်သောကြောင့် မဟောပါ။
မှတ်ချက်။ ။ [အနုလုံမှကျန်သောတရားများ၊ ပစ္စယုပ္ပန်နှင့်ဆန့်ကျင်ဘက်ဖြစ်သောတရား များသည် ပစ္ဆနိက်တရားများ ဖြစ်ကြပါသည်။]

အာသေဝန ပစ္စယနိဒ္ဒေသ+ပဉ္စဝါရ

အားတပ်သော

ပစ္စည်း	ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္မဒါန်)	သင်္ချာ	ပစ္စည်းရေ
အာသေဝန	အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော (၄၇)	ပဌမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော (၅၁)	၃	၆
အာသေဝန	အကု-၁၂, ဟသိ, မဟာကု,ကြို **ဒုဒိ-ဇော** မဟင်္ကု,ကြို၊ မင်္-၄ နာ.နှာ	×		၃.၇.၃

* ပဌမဇောကြဉ်ထားသော ဒုတိယာဒိ(ကာမ)ဇော(၆-ချက်)တို့နှင့် မဟင်္ကုသိုလ်,ကြိယာ၊ မင်္-၄ နာမက္ခန္ဓာတို့ကို ဆိုင်ရာသင်္ချာ ၃-၇-၃ ထုတ်ရပါသည်။

ကမ္မ ပစ္စယနိဒ္ဒေသ+ပဉ္စဝါရ

အားတပ်သော

သဟဇာတကမ္မ (သဟဇာတမျိုး)	စိတ်-၈၉ ရှိစေတနာ	စိတ်၈၉၊ စေတနာကြဉ်စေ.၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၀ (ကံ,ဟာ)
အနန္တရကမ္မ(အနန္တရမျိုး)	မင်္-၄ ခုရှိစေတနာ	မဂ္ဂင်္ဂနန္တရဖိုလ် ၄-ခု၊	၁	၆
ဗလဝနာနာက္ခဏိက ကမ္မ(ပကတူမျိုး)	ဗလဝကုသိုလ်-၂၁၊ အကု-၁၂ ရှိစေတနာ	ဝိပါက်-၃၆၊ စေတသိက် ၃၈၊	၃	၂
ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မ (ကမ္မမျိုး)	ကာမကု,အကု စေတနာ (ဒုဗ္ဗလနာနာက္ခဏိကကမ္မ)	ကာမဝိပါက်-၂၃၊ ရူပဝိ-၅ နာမက္ခန္ဓာ	၂	၁
	ပဋ္ဌဝေါ. ကု, အကု စေတနာ (ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ)	ကဋတ္တာရုပ်		

ပစ္စည်း	နာမ်	ရုပ်	သင်္ချာ
ကမ္မ	ကု,အကု,ကြို စေတနာကြဉ် အလုံးစုံ ပဝတ္တိ,ပဋိ နာ.နှာ-၄	စိတ္တဇ၊ ပဋိကမ္မဇ 4 အသည.ကမ္မဇ၊ ပဝတ္တိ.ကမ္မဇ	၉.၁၇.၃

(မှတ်ချက်။ ။ ဝိပါက်စေတနာရနေသဖြင့် ပစ္ဆနိက်တွင် ၎င်းပြန်မရတော့ပါ။)

www.dhammadownload.com

ဝိပါက ပစ္စယနိဒ္ဒေသ+ပဉ္ဘာဝါရ

အားတပ်သော

ပစ္စည်း	ပစ္စည်း(ကတ္တား)	ပစ္စယုပွန်(သမ္ပဒါန်)	သင်္ချာ	ပစ္စည်းရေ
ဝိပါက	အလုံးစုံသော ဝိပါက် ပဝတ္တိ,ပဋိ နာမက္ခန္ဓာလေးပါး	အချင်း၂အား၎င်း၊ အချင်း၂ နာ.နွာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား၎င်း	၄	၅
	ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊	ဟဒယဝတ္ထု၊		

ဝိပါက	အလုံးစုံ ဝိပါက် ပဝတ္တိ,ပဋိ နာ.နွာ–၄	ဝိ.ပြုအပ်သော စိတ္တဇ၊ ပဋိကမ္မဇ 2	၅.၉.၂

အာဟာရ ပစ္စယနိဒ္ဒေသ+ပဉ္ဘာဝါရ

အားတပ်သော

၁။	နာမ်ဟာ	ဖဿ, စေတနာ, ဝိညာဉ် ဟုဆို အပ်သော နာမ်အာဟာရ ကိုယ် ၃–ပါး၊	သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၂ (မိုက်ဟာကို)
၂။	ရုပ်ဟာ	ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇြေဇာ	အာဟာရဇရုပ်	၁	၃

အာဟာရ	အလုံးစုံ ပဝတ္တိ,ပဋိ နာ.နွာ–၄ (နာမ်ကုန်)	စိတ္တဇ၊ ပဋိကမ္မဇ၊ အာဟာရဇရုပ် 3	၉.၁၇.၃

ဣန္ဒြိယ ပစ္စယနိဒ္ဒေသ+ပဉ္ဘာဝါရ

အားတပ်သော

၁။	သဟဇာတိန္ဒြိယ	ဇီဝိတ,စိတ်,ဝေ,သ,ဝီ,သ,ဓိ,ပဉ် ..သော နာမ်ဣန္ဒြေကိုယ် ၈–ပါး၊	သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၄ (၁၅–ကံ)
၂။	ရုပ်ဇီဝိတိန္ဒြေ	ရုပ်ဇီဝိတိန္ဒြေ	ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခု၊	၁	၃ ဣ.အ.အ

ဣန္ဒြိယ	အလုံးစုံ ပဝတ္တိ,ပဋိ နာ.နွာ–၄ (နာမ်ကုန်)	စိတ္တဇ၊ ပဋိကမ္မဇ၊ ရုပ်ဇီဝိတိန္ဒြေကြဉ် အသည.ကမ္မဇ၊ ပဝတ္တိ.ကမ္မဇ	၉.၁၇.၃

ဈာန ပစ္စယနိဒ္ဒေသ+ပဉ္ဘာဝါရ

အားတပ်သော

ဈာန	ဝိတက်,စာ,ပီ,ဝေဒနာ,ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်ကိုယ် ၅–ပါး၊	သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၁ (ဣ့ဈာမဂ်)

ဈာန	ဒွေပဋ္ဌ ၁၀.ကြဉ် အလုံးစုံ ပ.ဋိ နာ.နွာ–၄	စိတ္တဇ၊ ပဋိကမ္မဇ 2	၉.၁၇.၃

မဂ္ဂ ပစ္စယနိဒ္ဒေသ+ပဉ္ဘာဝါရ

အားတပ်သော

မဂ္ဂ	ပညာ,ဝိတက်,ဝိရတီ–၃,ဝီရိယ,သတိ, ဧကဂ္ဂတာ,ဒိဋ္ဌိ ဟု..မဂ္ဂင်.. ၉–ပါး၊	သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	၇	၁၃ (ဟေမိဣ့ဈာမဂ်)

မဂ္ဂ	သဟိတ်–၇၁၊ စေ–၅၂၊ ပဝတ္တိ,ပဋိ နာ.နွာ–၄	သဟိတ်–စိတ္တဇ၊ သဟိတ်–ပဋိကမ္မဇ 2	၉.၁၇.၃

www.dhammadownload.com

ဝိပ္ပယုတ္တ ပစ္စယနိဒ္ဒေသ+ပဉ္ဉာဝါရ

အားတပ်သော

ပစ္စည်း	ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သင်္ချာ	ပစ္စည်းရေ
သဟဇာတ ဝိပ္ပယုတ္တ	ပဋ္ဌာဝေါ-ခါ အရူပဝိပါက် ၄-ခု, ဒွေ-၁၀, ရဟန္တာစုတိကြဉ် ပဝတ္တိ,ပဋိ နာ-နွာ-၄	စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်	၃	၅
	ပဋ္ဌာဝေါ. ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း၊		
ပုရေဝိပ်	ဆဝတ္ထု	ပဋ္ဌ.. အရူပဝိ ၄ ကြဉ်သောသတ္တဝိညာဏဓာတ်	၃	၅
ပစ္ဆာဇာတ ဝိပ္ပယုတ္တ	ပဋ္ဌာဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ ၄-ခု ကြဉ်သော ပထမဘဝင်အစ ရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါး၊	ပဋိသန္ဓေအစ. ရှေးရှေးသော စိတ်နှင့်အတူဥ.ရုပ်၏ဌီသို့ရောက် ဧကဇကာယ, ဒွိ, တိ, စတု	၃	၄
ဝိပ္ပယုတ္တ	အရူဝိ.၄ကြဉ် ပဋ္ဌာဝေါကာရ ပ,ဋိ နာ.နွာ-၄	စိတ္တဇ၊ ပဋိကမ္မဇ 2	၉.၁၇.၃	

ဆဝါရ အနုလုံ သင်္ချာဇယား

ဝါရ	သင်္ချာ	(ပ)ပဒ-၃			(ဒု)ပဒ-၅					(တ)-၃			(တဒု)-၃			(ပဒု)-၃		
		ပ			ဒု					တ			တဒု			ပဒု		
		၁	၈	၁၈	၈	၁	၆	၁၈	၆၈	၆	၈	၆၈	၆	၈	၆၈	၁	၈	၁၈
ပဋိစ္စ/သဟ	၉	✓	✓	✓	✓					✓	✓	✓		✓			✓	
ပစ္စယ/နိ	၁၇	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓
သံသဋ္ဌ/သမ်	၃	✓			✓					✓								

* လေ့လာမှု လွယ်ကူစေရန်အတွက် ပစ္စည်း/ပစ္စယုပ္ပန်တူသောပစ္စည်းများကို ပေါင်းပြီး သုဒ္ဓသင်္ချာကို ပူဇော်သောအခါမှာ တစ်ကြိမ်တည်းနှင့်ပြီးပါသည်။ သို့မဟုတ်လျှင် ထပ်ခါထပ်ခါ ဆိုနေရပါလိမ့်မည်။

အသိချင်းကတော့ တူပါသည်၊ မထူးပါ။ ထို့ကြောင့် အာရမ္မဏစသည်နှင့်တူသော အနန္တရစသည်များကိုပေါင်းပြီး သုဒ္ဓသင်္ချာကို ပူဇော်ထားပါသည်။

✖ ပစ္ဆာဇာတသည် ဇနကသတ္တိ မရသောကြောင့် မဟောပါ။

✓ ဆဝါရမှာ ပစ္စယုပ္ပန်တရားကို ကျေးဇူးပြုနိုင်သမျှ အကုန်ကောက်ရပါသည်။

ပဉ္ဉာဝါရဝိဘင်္ဂမှ ဇနကသတ္တိရသောပစ္စည်းများ၏ ပစ္စယုပ္ပန်တရားများကို ဤဆဝါရ အနုလုံ၌ ဟောထားခြင်းဖြစ်သောကြောင့် ဆဝါရ၏ သုဒ္ဓသင်္ချာအား သဘောသက်ဝင် ကြံဆ မှတ်သား လွယ်ကူစေခြင်း အကျိုးငှာ (ပစ္စယနိဒ္ဒေသ)+ပဉ္ဉာဝါရတို့၏ သုဒ္ဓသင်္ချာကို တင်ပြ၍ ၎င်းတရားတို့မှ ပစ္စယုပ္ပန္နဓမ္မများသည် ဆဝါရ၏အနုလုံသုဒ္ဓသင်္ချာဖြစ်လာပုံ ဖြစ်ပါသည်။

www.dhammadownload.com

သံကိလိဋ္ဌတိက် ဆဝါရဝိဘင်္ဂ အနုလုံ သုဒ္ဓသချိုာ

ပစ္စယာနုလောမ သချိုာဝါရ သုဒ္ဓ

(ပါ.ပ-၄၄၃)

ဟေတုယာ နဝ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ နဝ၊ အနန္တရေ တီဏိ၊ သမနန္တရေ တီဏိ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ နဝ၊ ဥပနိဿယေ တီဏိ၊ ပုရေဇာတေ တီဏိ၊ ×၊ အာသေဝနေ တီဏိ၊ ကမ္မေ နဝ၊ ဝိပါကေ ပဉ္စ၊ အာဟာရေ နဝ၊ ဣန္ဒြိယေ နဝ၊ ဈာနေ နဝ၊ မဂ္ဂေ နဝ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ နဝ၊ အတ္ထိယာ နဝ၊ နတ္ထိယာ တီဏိ၊ ဝိဂတေ တီဏိ၊ အဝိဂတေ နဝ။ (သံခိတ္တံ)

(ယထာ ကုသလတ္တိကေ ဝိဘတ္တံ၊ ဧဝံ ဝိဘဇိတဗ္ဗံ။)

ဖ်ာ	ဣ	ဝ	ဒ်န	ဒ်ဂ	ဂ	ဃ	ဝန	ဃ	၁	၂	ဂ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ
၉	၃	၉	၃	၃	၉	၃	၉	၃	၃	×	၃	၉	၅	၉	၉	၉	၉	၃	၉	၉	၃	၃	၉

ပါဠိတော်တွင် ပဋိစ္စ, သဟဇာတ စသည် ဝါရအလိုက်ဟောထားမှု ရှိပါသည်။ ဤ သံကိလိဋ္ဌတိက် မှတ်စုတွင် **ကုသလတိက်က နည်းပေးသည့်အတိုင်းသာ တူရာဝါရများကိုတွဲစပ်၍သာ** တင်ပြပူဇော်ပါမည်။

သံကိလိဋ္ဌတိက်ပစ္စယာနုလောမ (ဆဝါရ)သချိုာဝါရ သုဒ္ဓ

ဖ်ာ	ဣ	ဝ	ဒ်န	ဒ်ဂ	ဂ	ဃ	ဝန	ဃ	၁	၂	ဂ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ
၉	၃	၉	၃	၃	၉	၃	၉	၃	၃	×	၃	၉	၅	၉	၉	၉	၉	၃	၉	၉	၃	၃	၉
၁၇	၇	၁၇	၇	၇	၁၇	၇	၁၇	၇	၇	×	၇	၁၇	၉	၁၇	၁၇	၁၇	၁၇	၇	၁၇	၁၇	၇	၇	၁၇
၃	၃	၂	၃	၃	၃	၃	၃	၃	၃	×	၃	၃	၂	၃	၃	၃	၃	၃	၃	၃	၃	၃	၃

ဟေတုယာ နဝ သတ္တရသ တီဏိ၊ အာရမ္မဏေ တီဏိ သတ္တ တီဏိ၊ အဓိပတိယာ နဝ သတ္တရသ တီဏိ၊ အနန္တရေ တီဏိ သတ္တ တီဏိ၊ သမနန္တရေ တီဏိ သတ္တ တီဏိ၊ သဟဇာတေ နဝ သတ္တရသ တီဏိ၊ အညမညေ တီဏိ သတ္တ တီဏိ၊ နိဿယေ နဝ သတ္တရသ တီဏိ၊ ဥပနိဿယေ တီဏိ သတ္တ တီဏိ၊ ပုရေဇာတေ တီဏိ သတ္တ တီဏိ၊ အာသေဝနေ တီဏိ သတ္တ တီဏိ၊ ကမ္မေ နဝ သတ္တရသ တီဏိ၊ ဝိပါကေ ပဉ္စ နဝ ဒွေ၊ အာဟာရေ နဝ သတ္တရသ တီဏိ၊ ဣန္ဒြိယေ နဝ သတ္တရသ တီဏိ၊ ဈာနေ နဝ သတ္တရသ တီဏိ၊ မဂ္ဂေ နဝ သတ္တရသ တီဏိ၊ သမ္ပယုတ္တေ တီဏိ သတ္တ တီဏိ၊ ဝိပ္ပယုတ္တေ နဝ သတ္တရသ တီဏိ၊ အတ္ထိယာ နဝ သတ္တရသ တီဏိ၊ နတ္ထိယာ တီဏိ သတ္တ တီဏိ၊ ဝိဂတေ တီဏိ သတ္တ တီဏိ၊ အဝိဂတေ နဝ သတ္တရသ တီဏိ။

ကြီးငယ်သဟ၊ ဝိပ်သချိုး၊ ၉-၁၇-၃ (၁၂)။ အာ-အနံ-သနံ၊ ည-ဥ-ပ္ပ-သေ-သံ၊ နတ်-ဝိဂတံ ၃-၇-၃၊ (၁၀) ၅-၉-၂ ဝိပါ မှတ်လေထူးသချိုး။

www.dhammadownload.com

ပစ္စည်း	သံကိလိဋ္ဌတိက် ဆဝါရ-အနလုံ-သုဒ္ဓသင်္ချာ (ပစ္စယုပွန္ဓမ္မေ)		
	နာမ်	ရုပ်	သင်္ချာ
ဟေတု	သဟိတ်-၇၁၊ မောဒွေမောကြဉ်စေ-၅၂ သဟိတ်-ပဝတ္တိ,ပဋိ နာ.နွာ-၄	သဟိတ်-စိတ္တဇ၊ သ-ပဋိကမ္မဇ 2	၉.၁၇.၃
အာ 7	စိတ်-၈၉၊ စေ-၅၂၊ ပဝတ္တိ,ပဋိ နာ.နွာ-၄	×	၃.၇.၃
အဓိပတိ	ဓိ.ရခါ-ဓိကိုယ်ကြဉ် သာဓိဇော-၅၂-နာ.နွာ	သာဓိပတိစိတ္တဇရုပ်	၉.၁၇.၃
သဟ 4	အလုံးစုံ ပဝတ္တိ,ပဋိ နာ.နွာ-၄ (နာမ်ကုန်)	ရုပ်စုံ (ရုပ်ကုန်) 7	၉.၁၇.၃
အညမည	အလုံးစုံ ပဝတ္တိ,ပဋိ နာ.နွာ-၄ (နာမ်ကုန်)	ပဋိ-နံခံမှထောက်-ဟဒယဝတ္ထု၊ အချင်း-စိဇဘုတ်၊ ပဋိကံ(ပ)ပ.ကံဘုတ်	၃.၇.၃
ပုရေဇာတ	အရူဝိ.၄ ကြဉ် ပဉ္စဝေါ.ပဝတ္တိ-နာ.နွာ-၄	×	၃.၇.၃
ပစ္ဆာဇာတ	×	×	×
အာသေဝန	အကုဝ၂,ဟသိ, မဟာကု,ကြီ ဒုဒီ-ဇော မဟင်ကု,ကြီ၊ မင်.၄ နာ.နွာ	×	၃.၇.၃
ကမ္မ	ကု,အကု,ကြီ စေတနာကြဉ် အလုံးစုံ ပဝတ္တိ,ပဋိ နာ.နွာ-၄	စိတ္တဇ၊ ပဋိကမ္မဇ 4 အသည.ကမ္မဇ၊ ပဝတ္တိ.ကမ္မဇ	၉.၁၇.၃
ဝိပါက	အလုံးစုံ **ဝိပါက်** ပဝတ္တိ,ပဋိ နာ.နွာ-၄	ဝိ.ပြုအပ်သော စိတ္တဇ၊ ပဋိကမ္မဇ 2	၅.၉.၂
အာဟာရ	အလုံးစုံ ပဝတ္တိ,ပဋိ နာ.နွာ-၄ (နာမ်ကုန်)	စိတ္တဇ၊ ပဋိကမ္မဇ၊ အာဟာရဇရုပ် 3	၉.၁၇.၃
ဣန္ဒြိယ	အလုံးစုံ ပဝတ္တိ,ပဋိ နာ.နွာ-၄ (နာမ်ကုန်)	စိဇ၊ ပဋိကံဇ၊ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသည.ကမ္မဇ၊ ပ.ကမ္မဇ 4	။
ဈာန	ဒွေပဉ္စ ၁၀.ကြဉ် အလုံးစုံ ပဝတ္တိ,ပဋိ နာ.နွာ-၄	စိတ္တဇ၊ ပဋိကမ္မဇ 2	။
မဂ္ဂ	သဟိတ်-၇၁၊ စေ-၅၂၊ ပဝတ္တိ,ပဋိ နာ.နွာ-၄	သဟိတ်-စိတ္တဇ၊ သဟိတ်-ပဋိကမ္မဇ 2	။
ဝိပ္ပယုတ္တ	အရူဝိ.၄ ကြဉ် ပဉ္စဝေါ ပဝတ္တိ,ပဋိ နာ.နွာ-၄	စိတ္တဇ၊ ပဋိကမ္မဇ 2	။

ကြီးငယ်သဟ၊ ဝိပ်သင်္ချာ၊ ၉-၁၇-၃ (၁၂)။ အာ-အနံ-သနံ၊ ည-ဥ-ပ-သေ-သံ၊ နတ်-ဝိဂတံ ၃-၇-၃၊ (၁၀) ၅-၉-၂ ဝိပါ မှတ်လေထူးသင်္ချေ။

အာ 7 = အာ-အနံ-သနံ-ဥ-သံ-နတ်-ဝိဂ၊ **သဟ 4** = သဟ-နိ-အတ်-အဝိ

ရုပ်စုံ 7 = စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် /ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ် / အသည်သတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ (ပဋ္ဌာန်းကျမ်း၌ဟောသော ရုပ် ၇-ပါး)

+

www.dhammadownload.com

သံကိလိဋ္ဌတိက် ဆဝါရဝိဘင် ပစ္စနိက် သုဒ္ဓသရီရာ ဖြစ်လာပုံ

* အနုလုံမှကျန်သောတရားများ၊ ပစ္စယုပ္ပန်နှင့်ဆန့်ကျင်ဘက်ဖြစ်သောတရားများသည် ပစ္စနိက်တရားများ ဖြစ်ကြပါသည်။ ကျန်ပုံကား-

အနုလုံ-ဟေတုတွင် မောဟမူဇွေဋ္ဌမောဟကိုကြည့်၍ → ပစ္စနိက်တွင် ဉင်းမောဟကိုရ၏။
အနုလုံတွင် သဟိတ်နာမ်ကိုရ၍ → ပစ္စနိက်တွင် အဟိတ်နာမ်ကိုရ၏။
အနုလုံတွင် သဟိတ်ရုပ်ကိုရ၍ → ပစ္စနိက်တွင် အဟိတ်ရုပ်ကိုရ၏။
ဤသို့ အနုလုံ-ပစ္စယုပ္ပန်မှကျန်သောတရားများသည် ပစ္စနိက်ဖြစ်လာကြောင်းကြံဆရပါသည်။

ပစ္စည်း	သံကိလိဋ္ဌတိက် ဆဝါရ-ပစ္စနိက်-သုဒ္ဓသရီရာ (ပစ္စယုပ္ပန်)		
နဟေတု	မောဒွေမော၊ အဟိတ်-ပဝတ္တိ,ပဋိ နာ.နှာ-၄	အဟိတ်-စိဇ (ပ) ပဝတ္တိ.ကမ္မဇ	၂.၄၂
နအာ 7	×	ရုပ်စုံ 7	၅.၅
နာမိ	မိ.ရဓါ-မိကိုယ်၊ မိ.မရဓါ- အကုသ, အဟိတ်ကြို, မဟာကု,ကြို, လောကီဝိ-ပဝတ္တိ,ပဋိ နာ.နှာ-၄	နိရာမိပတိစိဇ, ပဋိကမ္မဇ ဗာ (ပ) ပဝတ္တိ.ကမ္မဇ	၆.၈.၃
နသဟ 4	×	×	×
နအညမည	×	နံခံထောက်-စိဇ၊ ဟ.မှတပါး-ပဋိက်ဇ ဘုတ်ထောက်-စိတ္တဇဥပါဒါ, ပဋိက်ဥပါဒါ (ပ) ပ.ကမ္မဇဥပါဒါရုပ်	၅.၅
နပုရေ	အရူဝိ.၄ ပ,ဋိ နာ.နှာ-၄။ အရူဘုံဖြစ် လောမူ,မောမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကု,ကြို၊ အရူပကု,ကြို၊ ထက်မင်.၃, ဖိုလ်.၄၊ ပဋ္ဌ.ဋီ-နာ.နှာ-၄	ရုပ်စုံ 7	၇.၇.၃
နပစ္ဆာ	အလုံးစုံ ပဝတ္တိ,ပဋိ နာ.နှာ-၄ (နာမ်ကုန်)	(ရုပ်ကုန်) ရုပ်စုံ 7	၉.၁၇.၃
နာသေ	အကု-၁၂,ဟသိ, မဟာကု,ကြို ပ-စော အာဝဇ္ဇန်းဒွေ၊ ဝိ.၃၆ ပဝတ္တိ,ပဋိ နာ.နှာ-၄	ရုပ်စုံ 7	॥
နကမ္မ	ကု,အကု,ကြို စေတနာ	ဗာ, ဟာ, ဥ	၃.၇.၃
နဝိပါက	ကု,အကု,ကြို နာ.နှာ	ကု,အကု,ကြို.ပြု-စိတ္တဇ၊ ဗာ(ပ)ပ.ကမ္မဇ	၉.၁၇.၃
နဟာ	×	ဗာ၊ဥ အသည.ကမ္မဇ၊ ပ.ကမ္မဇ 4	၁.၁
နကြန်္ဒြိယ	×	ဗာ.ဟာ.ဥ သညသတ်ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ	॥
နစျာန	ဒွေပဉ္စဝိညာဉ်-၁၀ နာ.နှာ-၄	ဗာ၊ (ပ) ပဝတ္တိ.ကမ္မဇ 5	၁.၁.၁
နမဂ္ဂ	အဟိတ် ပဝတ္တိ,ပဋိ နာ.နှာ-၄	အဟိတ် စိတ္တဇ (ပ) ပဝတ္တိ.ကမ္မဇ	၁.၁.၁
နဝိပ္ပယုတ္တ	အရူဝိ.၄ ပ,ဋိ နာ.နှာ-၄။ အရူဘုံဖြစ် လောမူ၊ မောမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကု,ကြို၊ အရူပကု,ကြို၊ ထက်မင်.၃, ဖိုလ်.၄ နာ.နှာ	ဗာ၊ (ပ) ပဝတ္တိ.ကမ္မဇ 5	၃.၃.၃

ရုပ်စုံ 7 = စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်/ဗာ၊ ဟာ၊ ဥတုဇရုပ်/အသညသတ်ကမ္မဇရုပ်/ပဝတ္တိကမ္မဇရုပ်၊ .

www.dhammadownload.com

* ပဋ္ဌာန်း ဆဝါရဝိဘင်္ဂ် အနုလုံသဒ္ဒသန်္နိဿကိုအခြေခံ၍ ပစ္စနိက်, အနုလောမပစ္စနိက်, ပစ္စနီယာနုလောမ ဟူ၍ သတ်သတ်စီ ပါဠိတော်မှလာသည့်အစီအစဉ်အတိုင်း ပူဇော်ပါမည်။

ပစ္စနိက်(ပဋိစ္စဝါရ/သဟဇာတဝါရ)သန်္နိဿဝါရ သုဒ္ဓ (ပါ.ပ-၄၄၄)

ဟာ	ကွံ	စ္စာန်	မဂ်	ဇော	ဣန္ဒြေ	ဈာန်	မဂ္ဂင်	ပညာ	ဝီရိယ	သဒ္ဓါ	သတိ	သမာဓိ	ဆန္ဒ	ဝီရိယ	စိတ်	ဝီမံသာ	ဒုက္ခ	ဒုက္ခ	ဒုက္ခ	ဒုက္ခ
၂	၅	၆	၅	၅	✗	၅	✗	၅	၇	၉	၉	၃	၉	၁	၁	၁	၁	၅	၃	✗

ပစ္စနိက်(ဆဝါရ)သန်္နိဿဝါရ သုဒ္ဓ

ဟာ	ကွံ	စ္စာန်	မဂ်	ဇော	ဣန္ဒြေ	ဈာန်	မဂ္ဂင်	ပညာ	ဝီရိယ	သဒ္ဓါ	သတိ	သမာဓိ	ဆန္ဒ	ဝီရိယ	စိတ်	ဝီမံသာ	ဒုက္ခ	ဒုက္ခ	ဒုက္ခ	ဒုက္ခ
၂	၅	၆	၅	၅	✗	၅	✗	၅	၇	၉	၉	၃	၉	၁	၁	၁	၁	၅	✗	✗
၄	၅	၈	၅	၅	✗	၅	✗	၅	၇	၁၇	၁၇	၇	၁၇	၁	၁	၁	၁	၅	✗	✗
၂	✗	၃	✗	✗	✗	✗	✗	✗	၃	၃	၃	၃	၃	✗	✗	၁	၁	✗	✗	✗

ဟာ,ကွံ,စ္စာန်,မဂ်၊ ဇော်ထွက်၊ နဟေတုနေ၊ ဒွေ,စက်,ဒွေနှင့် ဝိပွယုတ္တေ၊ တိသုံးထွေ၊ ပစ္ဆိ,သေ,ဝိပါကေ အပြည့်နေ(၉-၁၇-၃)၊ နာမ် ဆ,ဋ္ဌ,တိ၊ ပုရေ့သတ္တ,သတ္တ,တိ၊ ကမ္မေ တိသတ်တိ၊ အနန်ဂါး၀၊ အာ,သမ်,ညာ၊ ပဋ္ဌ-ပဋ္ဌ သိ။

နဟေတုယာ ဒွေ စတ္တာရိ ဒွေ၊ နအာရမ္မဏော ပဋ္ဌ ပဋ္ဌ၊ နအဓိပတိယာ ဆ အဋ္ဌ တိဏိ၊ နအနန္တရေ ပဋ္ဌ ပဋ္ဌ၊ နသမနန္တရေ ပဋ္ဌ ပဋ္ဌ၊ နအညမညေ ပဋ္ဌ ပဋ္ဌ၊ နဥပနိဿယေ ပဋ္ဌ ပဋ္ဌ၊ နပုရေဇာတေ သတ္တ သတ္တ တိဏိ၊ နပစ္ဆာဇာတေ နဝ သတ္တရသ တိဏိ၊ နအာသေဝနေ နဝ သတ္တရသ တိဏိ၊ နကမ္မေ တိဏိ သတ္တ တိဏိ၊ နဝိပါကေ နဝ သတ္တရသ တိဏိ၊ နအာဟာရေ ဧကံ ဧကံ၊ နက္ကန္ဒြိယေ ဧကံ ဧကံ၊ နစျာနေ ဧကံ ဧကံ ဧကံ၊ နမဂ္ဂေ ဧကံ ဧကံ ဧကံ၊ နသမ္မယုတ္တေ ပဋ္ဌ ပဋ္ဌ၊ နဝိပ္ပယုတ္တေ တိဏိ တိဏိ တိဏိ၊ နောနတ္ထိယာ ပဋ္ဌ ပဋ္ဌ၊ နောဝိဂတေ ပဋ္ဌ ပဋ္ဌ။

သံသဋ္ဌဝါရ။ ။ ရုပ်သက်သက်ကတ္တားနေသော နာရမ္မဏစသော ၁၀-ပစ္စည်းတို့ကို မဟောရပါ။ နဟေတုစသော ၁၀-ပစ္စည်းကိုဟောပါသည်။ ပဋိစ္စဝါရအတိုင်းတွင် နာမ်သက်သက်ကိုသာရွေး၍ ဟောရပါသည်။

ဆဝါရ-ပစ္စနိက်-ဝိဘင်္ဂပါဠိတော်ထုတ်ပုံ

သဒ္ဒသန်္နိဿတရားကိုကြည့်၍ ပါဠိတော်များကို ထုတ်ရပါမည်။ အနုလုံမှ ထူးရာပါဠိများကိုသာ ပစ္စနိက် ဆဝါရနှင့် ရောရွေပြထား၏။ အစိတ်အစိတ်, အစိတ်အပေါင်းဖြစ်သင့်သည့် အားလျော်စွာ ပါဠိထုတ်ပါ။ ရုပ်သက်သက်သော်၎င်း၊ စေတသိက်တရားများသော်၎င်း၊ ကံဖြစ်စေ, ကတ္တားဖြစ်စေနေလျှင် "အစိတ်အပေါင်း" ဖြစ်၍ "ဧကံ ခန္ဓံ"စသည်ကို မထုတ်ရပဲ "**ခန္ဓေ**"ဟု ထုတ်ရပါမည်။ အဟိတ်နာမ်ဖြစ်လျှင် "**အဟေတုက**"သဒ္ဒါ၊ အရူပဘုံဖြစ်လျှင် "**အရူပေ**"သဒ္ဒါကို ထည့်ရပါသည်။

ဒွေပဋိစ္စဝိညာဉ်-၁၀ ရလျှင် "စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ"စသည်ကို ဟောပါသည်။

သံသဋ္ဌဝါရ။ ။ သမ္မယုတ္တပစ္စည်းကိုဟောသော ဤဝါရ၌ ရုပ်သက်သက်ကတ္တားနေသော

နာရမ္မဏစသော ၁၀-ပစ္စည်းတို့ကို မဟောရပါ။ ✗ (အာ-၇၊ ည၊ ဟာ၊ ကွံ၊)

နဟေတုစသော ၁၀-ပစ္စည်းကိုဟောပါသည်။ ✓ [၂၄-(၄+၁၀)]

= ပဋိစ္စဝါရအတိုင်းတွင် နာမ်သက်သက်ကိုသာရွေး၍ ဟောရပါသည်။

www.dhammadownload.com

ပစ္စနိက်–ကတ္တားကောက်

ဆဝါရဝိဘင်္ဂ ပစ္စနိက်သုဒ္ဓသင်္ချာ၌– အနုလုံတွင် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတို့သည် နာမ်ကုန်, ရုပ်ကုန်ရခဲ့သောကြောင့် ဤပစ္စနိက်မှာ မဟောတော့ပါ။ ကျန်ပစ္စည်းပေါင်း–၂၀ ကို စတုဝါရ၌ရပြီး၊ ဒွေဝါရတွင် ရုပ်တရားများမရ၍ ၁၀–ပစ္စည်း ရပါသည်။
(နာအာရမ္မဏ စသည် ၇–ပစ္စည်း၊ နအညမည၊ နအာဟာရ၊ နက္ကန္ဒြိယ ပစ္စည်း။)

ဤပစ္စနိက်–ကတ္တားကောက်ပုံများကိုလည်း အနုလုံနည်းအတိုင်း သုဒ္ဓသင်္ချာကိုကြည့်၍ ဝါရအားလျော်စွာ ကောက်ရပေသည်။ (နာဓိပတိ နှစ်ချက်ခွဲသင့် မခွဲသင့် စဉ်းစားပါ။)

ပစ္စနိက်–ဟိတ်ပါဠ်ကောက်ပုံ

အနုလုံ–ဟိတ်ပါဠ်ကောက်များမှာ မိမိတို့၏သက်ဆိုင်ရာသတ္တိကိုသာ ကောက်ရပါသည်။ ဤပစ္စနိက်၌ကား "နဟေတုပစ္စယာ"ဟုဆိုသဖြင့် ဟေတုသတ္တိမှတပါးသော အာရမ္မဏအစရှိသော ၂၂–ပစ္စည်းတို့၏သတ္တိကိုရသင့် သလိုကောက်ရပါသည်။ (ပစ္ဆာဇာတ မပါ။)

၂၃–ပစ္စည်းအားဖြင့်ကောက်နည်း ←

ဤ၌ ၂၃–ပစ္စည်းအားဖြင့်ကောက်နည်းကိုသာ တင်ပြပါမည်။ သဘောမှာကား–
ပစ္စယုပွန်တရားတို့အား ကျေးဇူးပြုနိုင်သမျှသော ပစ္စည်းတို့၏သတ္တိများကို သုဒ္ဓသင်္ချာကြည့်၍ ကောက်ရပါမည်။ သုဒ္ဓသင်္ချာကို ကြေညက်ခြင်း၊ ပဥာဝါရ–ကတ္တားကောက်၊ ဆဝါရ–အနုလုံ ဟိတ်ပါဠ်ကောက်များကို ကြံဆ၊ နှလုံးသွင်း၍ ကောက်နိုင်ပါသည်။

"ပဋ္ဌာန်းပါရဂူကျမ်း" စာမျက်နှာ–၃၇ ဇယားနှင့် ရှင်းလင်းချက်များကိုတိုက်၍ ပစ္စည်းရေကောက်ပုံကို ကုသလတိက်အတွက် ကောက်ပြထားသည်ကို နည်းယူ၍ ကောက်နိုင်ပါသည်။

မှတ်ချက်။ ။ ရုပ်တရားရနိုင်သမျှသော ပစ္စည်းအရေအတွက်ကို ကုသလတိက် ပဥာဝါရ–သဟဇာတမျိုး ၁၅–ပစ္စည်းမှ သမ္မယုတ္တကိုကြဉ်၍ ၁၄–ပစ္စည်းဖြင့် အလွယ်မှတ်နိုင်ပါသည်။

(ဟေဓိသဟံ၊ အဉ်နိကမ်၊ ဝိဟာဏ္ဂံစျာန်၊ မဂ်သမ်ဝိပ်အတ်၊ အဝိ မှတ်၊ သဟတ်ဆယ့်ငါးတန်။)

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ

ဆဝါရဝိဘင်္ဂလေ့လာနည်း

(ဟိတ်ပါဠ်ကောက်– ပဥာဝါရ ပစ္စယုပွန်ကို အာရုံပြုရန်။)

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ပထမသြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်း ဆရာတော်သည် ပဋ္ဌာန်းကျမ်းကြီးကို ပို့ချပေးခဲ့သော နည်းနာနိဿယအတိုင်းနှင့် ဆရာအစဉ်အဆက်များက သင်ကြားပို့ချပေးသော နည်းများကိုမှီ၍ ပဋ္ဌာန်းပစ္စည်းများကို **ဆဝါရအလိုက်** (ဝါရ ၆–ပါးလုံး)ယှဉ်စပ်၍ ပြိုးပြွမ်းသော လေ့လာနည်းများအတိုင်း ပစ္စည်းများကို သုဒ္ဓသင်္ချာဆို၊ ပါဠိထုတ်၊ အနက်ပေး၊ ကတ္တားပုဒ်ကောက်၊ ဟိတ်ပါဠ်သတ္တိကောက် စသည်ဖြင့် ပူဇော်လေ့လာပါမည်။

ပြည့်စုံသောအခါ ဒေသနာက္ကမအစဉ်အတိုင်း လေ့ကျင့်ကျက်မှတ်ရပါမည်။

www.dhammadownload.com

ကြီးငယ်သဟ၊ ဝိပ်သန်၂၊ ၉-၁၇-၃

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်း သုဒ္ဓသင်္ခါ

ပစ္စည်း	ဆဝါရ-အနုလုံ-သုဒ္ဓသင်္ခါ (ပစ္စုပ္ပန္နဓမ္မ)		
	နာမ်	ရုပ်	သင်္ခါ
သဟ 4	အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမကွန်ရှာလေးပါး၊ (အလုံးစုံ ပ.ဋိ နာ.ရှာ-၄) (နာမ်ကုန်)	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ရုပ်စု(ရုပ်ကုန်) 7	၉.၁၇.၃

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်း၏ **သုဒ္ဓသင်္ခါဝါရ**၌ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမကွန်ရှာလေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ။ ဤတရားတို့သည် **သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ**ပစ္စည်း၏ **ပစ္စယုပ္ပန္နဓမ္မ**ဖြစ်သောတရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို **အနုလုံ**၌ **နယ**သို့လိုက်၍၎င်း၊ **ဝါရ**သို့လိုက်၍၎င်း၊ **တိက်ပုဒ်**၏ အရသို့လိုက်၍၎င်း၊ **ကံ, ကတ္တား**နေဟန်သို့လိုက်၍၎င်း၊ သဟဇာတေ နဝ သတ္တရသ တီဏိ၊ နိဿယေ နဝ သတ္တရသ တီဏိ၊ အတ္ထိယာ နဝ သတ္တရသ တီဏိ၊ အဝိဂတေ နဝ သတ္တရသ တီဏိ- ဟုသင်္ခါတပ်၍ ဟောအပ်ကုန်၏။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စည်းတို့၏ **ပစ္စယုပ္ပန္နဓမ္မ** တို့သည် **အရတူကုန်သဖြင့်** ကိစ္စပြီးလွယ်အောင် ပေါင်း၍တစ်ကြိမ်တည်း ဆိုလိုက်ပါသည်။ ထို ၄-ပစ္စည်းကို တစ်ပစ္စည်းစီလည်းဆိုနိုင်ပါသည်။ ဤတရားကိုပင် ဆိုရမည်ဖြစ်သည်။ ၄-ကြိမ်ဆိုရရုံသာ ထူးမည်။ အချိန်သက်သာမှု ကိစ္စပြီးလွယ်မှုကိုထောက်ရှု၍ ယခုကဲ့သို့ ဆိုလိုခြင်းဖြစ်ပါသည်။

➦ **အရတရားတူကြသော ပစ္စည်းများကို ဤနည်းအတိုင်း ပေါင်း၍လေ့လာပါမည်။**

➦ **နောက်ပစ္စည်းများကို ဤ ၄-ပစ္စည်းဖြင့် "ဟောမြဲ"စသည် ညွှန်းပါမည်။**

ဤသုဒ္ဓသင်္ခါ၌ **"အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမကွန်ရှာလေးပါး"**ဟုဆိုရာဝယ်- နာမ်တရားအတွက် စိတ်-၈၉၊ စေတသိက်-၅၂ ကိုမှတ်ယူရပါမည်။

ကာလ- ပဝတ္တိကာလ၊ ပဋိသန္ဓေကာလအားဖြင့် ကာလနှစ်ပါးကို ပြဆိုထားသည်။

ရုပ်တရားအတွက်- သင်္ကြိုဟ်ကျမ်း၌ ရုပ် ၂၈-ပါးကို ပြဆိုပါသည်။ ထိုရုပ် ၂၈-ပါးကိုပင် **ပဋ္ဌာန်းကျမ်း၌ ရုပ် ၇-မျိုး**ဖြင့် (စိတ်,ပဋိသန်၊ ဗာ,ဟာ,ဥ၊ ည,ပဝတ္တိကံ) ပြဆိုပါသည်။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤ ၄-ပစ္စည်း၌ အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမကွန်ရှာလေးပါး၊ ရုပ် ၇-မျိုးလုံး ရပါသည်။ ထို့ကြောင့် ဤ ၄-ပစ္စည်း၌ **နာမ်ကုန်၊ ရုပ်ကုန်** ရကြပါသည်။

တနည်းဆိုသော် စိတ်-၈၉၊ စေတသိက်-၅၂၊ ရုပ် ၂၈-ပါးပင်တည်း။

ပရမတ္ထတရား ၄-ပါးတို့တွင် စိတ်၊ စေတသိက်၊ ရုပ်တရားတည်းဟူသော ပရမတ္ထ တရားသုံးပါးတို့သည် သခ်ိတတရားများဖြစ်သည့်အားလျော်စွာ အကြောင်းနှင့် မကင်းကြကုန်။ အကြောင်းအားလျော်စွာ ဖြစ်ကုန်သော အကျိုးတရားများလည်း ဖြစ်ကြသည်။ ဆိုခဲ့သော သုဒ္ဓသင်္ခါအရ စိတ်-၈၉၊ စေ-၅၂၊ ရုပ် ၇-မျိုးတို့သည်

www.dhammadownload.com

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတို့၏ အကျိုး–ပစ္စယုပ္ပန်တရားများဖြစ်ကြောင်းကို 'ဤတရားတို့သည် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်း၏ **ပစ္စယုပ္ပန္နဓမ္မ**ဖြစ်သောတရားတို့ မည်ကုန်၏။" ဟုဆို၏။

နယ ➦ ပဋ္ဌာန်းကျမ်း၌ **"အနုလုံ၊ ပစ္စနိက်၊ အနုလောမပစ္စနိက်၊ ပစ္စနိယာလောမ"** ဟူ၍ နယ ၄–ပါး ရှိရာ ဤသုဒ္ဓသန်းခေါ်သည် **အနုလုံ**အတွက် သုဒ္ဓသန်းခေါ်ဖြစ်သည်။ ထို့ကြောင့် နယသို့ လိုက်၍ငင်းဟု ဆိုပါသည်။

ဝါရ ➦ ပဋ္ဌာန်းတွင် အစရှိသောအားဖြင့် ၇–ဝါရရှိရာတွင် **ပဋ္ဌာန်း**ဝါရအစရှိသော ဆဝါရ အတွက် သုဒ္ဓသန်းခေါ်များဖြစ်၍ ဝါရသို့ လိုက်၍ငင်းဟု ဆိုပါသည်။

တိက်ပုဒ် ➦ ကုသလတိက်အစရှိသောအားဖြင့် ၂၂–**တိက်**ရှိရာတွင် **သဲကိလိဋ္ဌတိက်**၏ သုဒ္ဓသန်းခေါ်ဖြစ်၍ တိက်ပုဒ်၏ အရသို့ လိုက်၍ငင်းဟု ဆိုပါသည်။

ကဲ့ပုဒ်၊ ကတ္တားပုဒ် ➦ ဤဆဝါရ၌ ကဲ့၊ ကတ္တား၊ ဟိတ်ပါဌ်ဟု ဟောတော်မူရာ ကဲ့ပုဒ်၊ ကတ္တားပုဒ် နေဟန်သို့လိုက်၍ သန်းခေါ်ရပုံကို ပြဆိုပါသည်။

ဝါရနှင့် သန်းခေါ်

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတို့တွင် ပစ္စည်းတစ်ခုတစ်ခု၌ ဝါရ ၆–ပါးစီ ရ၏။

⇉ ပဋ္ဌာန်းဝါရ နှင့် သဟဇာတဝါရတို့တူပါသည်။ သန်းခေါ်–**နဝ** စီရပါသည်။
နဝဟူသော်ကား– ပ–ပ၊ ပ–ဒု၊ ပ–ပဒု / ဒု–ဒု၊ / တ–တ၊ တ–ဒု၊ တ–ဒုတ၊ / တဒု–ဒု၊ / ပဒု–ဒု၊

⇉ ပစ္စယဝါရနှင့် နိဿယဝါရ တို့တူပါသည်။ သန်းခေါ်–**သတ္တရသ** စီရပါသည်။
သတ္တရသဟူသော်ကား– ပ–ပ၊ ပ–ဒု၊ ပ–ပဒု / ဒု–ဒု၊ ဒု–ပ၊ ဒု–တ၊ ဒု–ပဒု၊ ဒု–တဒု / တ–တ၊ တ–ဒု၊ တ–ဒုတ၊ / တဒု–တ၊ တဒု–ဒု၊ တဒု–တဒု / ပဒု–ပ၊ ပဒု–ဒု၊ ပဒု–ပဒု

(ဤဝါရ၌ အဝိုရသော သန်းခေါ် ၈–ချက်)

⇉ သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရတို့တူပါသည်။ နာမ်တရားသာရ၍ သန်းခေါ်–**တိဏိ** စီရပါသည်။
တိဏိဟူသော်ကား– ပ–ပ၊ ဒု–ဒု၊ တ–တ၊

➚ ထို သန်းခေါ်– နဝ၊ သတ္တရသ၊ တိဏိ–တို့၏ သရုပ်ကိုလည်း သိရပါမည်။ ➘

ဆဝါရအနုလုံ သုဒ္ဓသန်းခေါ်အားလျော်စွာ ပါဠိတော်ပေါ်ထွက်လာအောင် ကြံစည်ကြိုးစား အားထုတ်နိုင်ရန် ဆဝါရအနုလုံ ဝိဘင်္ဂပါဠိတော်ဖေယျသည် နာမ်အကုန်, ရုပ်အကုန်ရကြသော **သဟဇာတပစ္စည်း ပါဠိတော်** အတွက် ပဋ္ဌာန်းဝါရနှင့် သဟဇာတဝါရတို့အတွက် သန်းခေါ်–**နဝ**။ ပစ္စယဝါရနှင့် နိဿယ ဝါရတို့ သန်းခေါ်–**သတ္တရသ**။ သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရတို့အတွက် နာမ်တရားသာရကြသော သန်းခေါ်–**တိဏိ** ရမှုကို သုဒ္ဓသန်းခေါ်အား အာရုံပြု၍ ပါဠိတော်ထုတ်ယူရပါမည်။ သဟဇာတပစ္စည်း ပါဠိတော်၌ပင် ကြွင်းသော ပစ္စည်းများ၏ သုဒ္ဓသန်းခေါ်အားလျော်စွာ ပါဠိတော်ပေါ်ထွက်လာအောင် ကြံစည်ကြိုးစား အားထုတ်နိုင်ရန် ဖြစ်ပါသည်။ ရထိုက်သမျှသောပစ္စည်းတို့တွင် ထပ်တူပင်ဖြစ်လျှင် ထူးခြားမှုမရှိလျှင် **"ဟောမြဲပါဠိတော်"** ဟူ၍ (ဤမှတ်စုတွင်) ရေးသားတင်ပြပူဇော်ပါမည်။

(ဖေယျတွင် ဝါရအားလျော်စွာ ထိုးထွင်း၍ကြံဆရပါမည်။)

www.dhammadownload.com

ဝါရအားလျော်စွာ သင်္ချာအလိုက်တင်ပြခြင်း

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စည်း၏ ပါဋ္ဌိတော်၊ အနက်ပေး၊ ကတ္တားကောက်၊ ဟိတ်ပါဌ်သတ္တိတို့ကို ဝါရအားလျော်စွာ ဝါရ ၆-ပါးလုံးအတွက် ရသမျှဝါရကို သင်္ချာအလိုက် ယှဉ်စပ်၍ တင်ပြပူဇော်သွားပါမည်။ *(သံ/သမ်-ဝါရတို့တွင် ရုပ်ကိုကြဉ်၍ ဟော/ကောက်ပါမည်။)*

ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရုပ်သက်သက်, ဝတ္ထုကံ ဟူ၍ ၄-မျိုးတို့တွင် အနုလုံ ပါဋ္ဌိတော်ဇယားတွင် ဆိုင်ရာဝါရတို့၏ ဆိုင်ရာပါဋ္ဌိတော်ကိုသာ ပူဇော်ကြရပါမည်။

❸⇉ ပဋ္ဌိစ္စဝါရနှင့် သဟဇာတဝါရမှာ သဟဇာတပစ္စည်းကိုသာဟော၍ ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရုပ်သက်သက် ဟူ၍ ၃-မျိုး ရပါသည်။

❹⇉ ပစ္စယဝါရနှင့် နိဿယဝါရတို့တွင် သဟဇာတပစ္စည်း, ဝတ္ထုပုရေဇာတပစ္စည်းကို ဟောသဖြင့် ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရုပ်သက်သက်နှင့် ဝတ္ထုကံ ဟူ၍ ၄-မျိုးလုံး ရပါသည်။

❷⇉ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့တွင် သမ္ပယုတ္တပစ္စည်းကိုဟောသဖြင့် ပဝတ္တိနှင့်ပဋ္ဌိသန္ဓေ နာမ်ဆိုင်ရာ ၂-မျိုးသာ ရပါသည်။

* ပဝတ္တိ၌ နာမ်တရားများသာရပြီး ရုပ်တရားများ မရ။ "စိတ္တသမုဋ္ဌာနဥ္စ ရူပံ" မရ။
* ပဋ္ဌိသန္ဓေအတွက် (၁-၃-၂ / ၃-၁-၂) နာမ်ဆိုင်ရာကိုသာ ဟောရပါမည်။ 'ကဋ္ဌတ္တာစ ရူပံ' 'ခန္ဓေ-ဝတ္ထု၊' 'ဝတ္ထုံ-ခန္ဓာ'တို့နှင့် လုံးဝမဆိုင်ပါ။

၁။ (ပ-ပ) ပထမော ပထမဿ =(၆-ဝါရ)

ပါဋ္ဌိတော်

(ပါ.ပ-၄၄၂-ဟေတု ၌သာရှိ)

၁။ (ပ-ပ) သံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋ္ဌိစ္စ သံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ သံကိလိဋ္ဌသံကိလေသိကံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စည်း၏ ဝါရ ၆-ပါးလုံး ပါဋ္ဌိများ တူပါသည်။ အဖျားသတ် ပစ္စယသတ္တိကိုသာ ပစ္စည်းအားလျော်စွာ ဆိုရပါမည်။ ဥပမာ-သဟဇာတပစ္စည်း အတွက် သဟဇာတပစ္စယာ-ဟုဆိုပါရန်။ နိဿယပစ္စည်း၌ နိဿယပစ္စယာ၊ အတ္ထိပစ္စည်း၌ အတ္ထိပစ္စယာ၊ အဝိဂတ ပစ္စည်း၌ အဝိဂတပစ္စယာ ဟုဆိုရပါသည်။

ဝါရအားလျော်စွာလည်း ပဋ္ဌိစ္စဝါရ၌ ပဋ္ဌိစ္စသဒ္ဒါ၊ သဟဇာတဝါရ၌ သဟဇာတသဒ္ဒါ၊ ပစ္စယဝါရ၌ ပစ္စယသဒ္ဒါ၊ နိဿယဝါရ၌ နိဿယသဒ္ဒါ၊ သံသဋ္ဌဝါရ၌ သံသဋ္ဌသဒ္ဒါ၊ သမ္ပယုတ္တဝါရ၌ သမ္ပယုတ္တသဒ္ဒါ ဖြင့်ဟောရပါမည်။

သံသဋ္ဌဝါရ- (ဝိဓိ-တွင် သံသ**ဋ္ဌော**၊ အနုဝါဒ-တွင် **ဋ္ဌာ-ဋ္ဌော-ဋ္ဌာ** ဖြင့်ဟော။)

သမ္ပယုတ္တဝါရ-(ဝိဓိ-တွင် သမ္ပယု**တ္တော**၊ အနုဝါဒ-တွင် **တာ-တော-တာ** ဖြင့်ဟော။)

www.dhammadownload.com

အနက်ပေး

(ဝိဓိ)- သံကိလိဋ္ဌသံကိလေသိကံ ခမ္မံ ပဋိစ္ဆ သံကိလိဋ္ဌသံကိလေသိကော ခမ္မော ဥပဂ္ဆတိ သဟဓာတပစ္စယာ။ သံကိလိဋ္ဌသံကိလေသိကံ၊ ပုဂ္ဂလဿတော် နိပ်စက်တတ်သောကိလေသာတို့သည် ပုဂ္ဂလဿအပ်နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ပုဂ္ဂလဿတော်နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာထိုက်သော။ ခမ္မံ၊ တရားကို။ ပဋိစ္ဆ၊ စွဲ၍။ သံကိလိဋ္ဌသံကိလေသိကော၊ ပုဂ္ဂလဿတော်နှိပ်စက်တတ်သော ကိလေသာတို့သည် ပုဂ္ဂလဿအပ်နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ပုဂ္ဂလဿတော်နှိပ်စက်တတ်သော ကိလေသာတို့ကိုရခြင်းငှာထိုက်သော။ ခမ္မော၊ တရားသည်။ သဟဓာတပစ္စယာ၊ သဟဓာတပစ္စည်းကြောင့်။ ဥပဂ္ဆတိ၊ ဖြစ်၏။

ဝိဓိပါဠိတော်၌- * "သံကိလိဋ္ဌသံကိလေသိကံ ခမ္မံ"ဟူသောပါဠိသည် ကံပုဒ်တည်း။
* "သံကိလိဋ္ဌသံကိလေသိကံ ခမ္မော"ဟူသောပါဠိသည် ကတ္တားပုဒ်တည်း။
* "သဟဓာတပစ္စယာ"ဟူသောပါဠိဖြင့် ဟိတ်ပါဋ္ဌသတ္တိကို ပြ၏။

(ဝိဓိ-ပထမ အကျဉ်း၊ အနုဝါဒ-ပထမကိုထင်ရှားရန်ထပ်မံဖွင့်ဆို)

(**အနုဝါဒ**) သံကိလိဋ္ဌသံကိလေသိကံ ဧကံ ခန္ဓံ ပဋိစ္ဆ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္ဆ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္ဆ ဒွေ ခန္ဓာ။

သံကိလိဋ္ဌသံကိလေသိကံ၊ ပုဂ္ဂလဿတော် နိပ်စက်တတ်သောကိလေသာတို့သည် ပုဂ္ဂလဿအပ်နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ပုဂ္ဂလဿတော်နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာထိုက်သော။ ဧကံ၊ တစ်ပါးတစ်ပါးသော။ ခန္ဓံ၊ ဝေဒနာအစရှိသော ခန္ဓာကို။ ပဋိစ္ဆ၊ စွဲ၍။ တယော၊ သုံးပါးသုံးပါး ကုန်သော။ ခန္ဓာ၊ သညာအစရှိသော ခန္ဓာတို့သည်။ ဥပဂ္ဆန္တိ၊ ဖြစ်ကုန်၏။ တယော၊ သုံးပါးသုံးပါး ကုန်သော။ ခန္ဓေ၊ ဝေဒနာ အစရှိသောခန္ဓာ တို့ကို။ ပဋိစ္ဆ၊ စွဲ၍။ ဧကော၊ တစ်ပါးတစ်ပါးသော။ ခန္ဓော၊ ဝိညာဉ် အစရှိသော ခန္ဓာသည်။ ဥပဂ္ဆတိ၊ ဖြစ်၏။ ဒွေ၊ နှစ်ပါးနှစ်ပါးကုန်သော။ ခန္ဓေ၊ ဝေဒနာ၊ သညာ အစရှိသော ခန္ဓာ တို့ကို။ ပဋိစ္ဆ၊ စွဲ၍။ ဒွေ၊ နှစ်ပါးနှစ်ပါးကုန်သော။ ခန္ဓာ၊ သင်္ခါရ၊ ဝိညာဉ် အစရှိသော ခန္ဓာ တို့သည်။ ဥပဂ္ဆန္တိ၊ ဖြစ်ကုန်၏။

* ဝါရသဒ္ဒါ/ပစ္ဆည်း အားလျော်စွာ ပြောင်းလဲအနက်ပေးရမှာသာ ထူးပါမည်။

ကတ္တားကောက်

ထိုဝါကျ၌(ကုသလတိက်အတွက်တင်ပြခြင်း) ကံပုဒ်၊ ကတ္တားပုဒ်၊ ဟိတ်ပါဋ္ဌဟူ၍ရှိရာတွင် ဤဆဝါရ၌ **ထန်းတပင်**ဆရာတော်ကြီး၏ အရကောက်ကျမ်း၌ ကတ္တားပုဒ်နှင့် ဟိတ်ပါဋ္ဌကိုသာ ကောက်ပြတော်မူသည်။ ကံပုဒ်ကို ကောက်မပြပါ။ ဦးဇမ္ဗုအစရှိသော ရှေးအရကောက်ကျမ်းအချို့နှင့် မူလပဋ္ဌာန်းဆရာတော် စီစဉ်ရေးသားသော **ပဋ္ဌာန်းပါရဂူကျမ်း**၌ ကံပုဒ်ကိုလည်း ကောက်ပြပါသေး၏။ ဤဆဝါရ၌ **ပစ္စယုပ္ပန္နဓမ္မ**ကိုသာ ဟောခြင်းကြောင့် ဤ **ဆဝါရဝိဘင်္ဂ**မှတ်စု၌ ကတ္တားပုဒ် (ပစ္စယုပ္ပန်)ကို ပဓာနထား၍ ဟိတ်ပါဋ္ဌသတ္တိ ကိုလည်း တင်ပြပူဇော်ပါမည်။

[အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဆရာကြီးဦးကျော်-ပို့ချသော ဆဝါရဝိဘင်္ဂပဋ္ဌာန်း ပို့ချစဉ်ကျမ်း- သင်ရိုးကို မဏ္ဍိုင်ပြု၍] ကတ္တားပုဒ်နှင့် ဟိတ်ပါဋ္ဌသတ္တိကိုသာ ပြပါမည်။

www.dhammadownload.com

သဟဇာတပစ္စည်း၏ ကတ္တားပုဒ်ကောက်

ပဒါဝသာန	ကံ=ပစ္စည်း	ဝါရ	ကတ္တား=ပစ္စယုပ္ပန်
ပ-ပ	အကု-၁၂၊ စေ-၂၇ အစိတ်အစိတ် နာမက္ခန္ဓာ	ဖ-ဝါရ	အကု-၁၂၊ စေ-၂၇ အစိတ်အစိတ် နာမက္ခန္ဓာ

➡ ဆိုင်ရာဝါရအားလျော်စွာ တစ်ခုစီလည်း ဆိုနိုင်ပါသည်။

"ပထမေန ပထမံ"၌ "ပထမော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား အကု-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမက္ခန္ဓာကို **စွဲ၍ဖြစ်သော** (နှင့်ကကွဖြစ်သော) (သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) (နှီးနော်၍ဖြစ်သော) (ယှဉ်၍ဖြစ်သော) အကု-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

ဟိတ်ပါဠိသတ္တိ *"ပဉ္စ ကတ္တား၊ ဆဟိတ်ထား၊ တရားအရတူ။"*

ဟိတ်ပါဠိ ➡ သဟဇာတပစ္စည်းအတွက်ဟိတ်ပါဠိကို ပဉ္စဝါရကတ္တားကောက်ကိုပင် ကောက်ရပါသည်။ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့အတွက် သဟဇာတနိဿယသတ္တိကို သဟဇာတပစ္စည်းဠိကောက်သည့် အတိုင်းကောက်ရပြီး၊ ပုရေဇာတနိဿယသတ္တိအတွက်ကောက်ရ၍၊ ပေါင်း ၂-ချက်ကောက်ရပါသည်။

➡ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

သဟဇာတပစ္စည်း- ဟိတ်ပါဠိသတ္တိ

အားတပ်သော

ပဒါဝသာန	ပစ္စည်း	ပစ္စယုပ္ပန်
ပ-ပ	အကု-၁၂၊ စေ-၂၇ အစိတ်အစိတ် နာမက္ခန္ဓာ၊	= အချင်းချင်း၊

"သဟဇာတပစ္စယာ"ဟူသော **ဟိတ်ပါဠိ**၏အရကား- အချင်းချင်း အားတပ်သော အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

==> နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဠိသတ္တိ

ပ-ပ	သဟနိ= သဟဇာတအတိုင်းကောက်		
	ဝစီဘေဒ	ဝု၊ မနောဒွါ.ဇွန်း... --- ဟဒယဝတ္ထု၊	ပဋ္ဌဝေါ-နောက်နောက်သော အကု-၁၂
		စုတိ.မှပြုန်ရေ..၁၇. တူညပါဒ် ဟဒယဝတ္ထု၊	မရဏာသန္နအခါ.... အကုစေ ၅-ချက်

"နိဿယပစ္စယာ" (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)ဟူသော ဟိတ်ပါဠိ၏အရကား- အချင်းချင်း အားတပ်သော အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား တို့၏ **သဟဇာတနိဿယသတ္တိ** (သဟဇာတတ္ထိသတ္တိ) (သဟဇာတအဝိဂတသတ္တိ) ရ၏။

ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်စိတ်-၁၂ အားတပ်သော ဝုဋ္ဌော၊ မနောဒွါရဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူညပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအကုသိုလ်

www.dhammadownload.com

ဧော ၅-ချက် အားတုပ်သော့ စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက် သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **ပုရေဇာတနိဿယသတ္တိ** (ပုရေဇာတတ္ထိသတ္တိ) (ပုရေဇာတအဝိဂတသတ္တိ) ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဋ္ဌာန)အားဖြင့် ကတ္တားသာတည်း။

ကတ္တားပုဒ်၏အရကောက်၊ ဟိတ်ပါဋ္ဌသတ္တိ၏အရကောက်ဟု နှစ်ပါးကောက်ပြခဲ့ရာတွင် ဤဆဝါရ၌ ပစ္ဆာယုပ္ပန္နဓမ္မကိုဟောခြင်းကြောင့် ထိုကတ္တား(ပစ္ဆာယုပ္ပန္နဓမ္မ)နှင့်ဟိတ်ပါဋ္ဌ နှစ်ပါးတို့တွင် ကတ္တားပုဒ်သာ ပဓာန(ပဋ္ဌာန)ဖြစ်သည်ဟု ဆိုပါသည်။

⟹> နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဋ္ဌများ တူပါသည်။ နိဿယ၊ အတ္ထိနှင့် အဝိဂတ ပစ္စည်းတို့၏ ဟိတ်ပါဋ္ဌသတ္တိကို- သဟဇာတနိဿယသတ္တိ+ပုရေဇာတနိဿယသတ္တိအားဖြင့် ၂-ချက် ကောက်ရပါမည်။

၂။ **(ပ-ဒု) ပထမော ဒုတိယဿ = (၄-ဝါရ)** *(ပါ.ပ-၄၄၂-ဟေတု ဒွိသာရို)*

☑ ပဋ္ဌိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ-အားဖြင့် ၄-ဝါရသာ ရပါသည်။

×⇉ သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရတို့မရပြီ။ (∵ကတ္တားပုဒ် ရုပ်ကိုဟောသဖြင့်)

သံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋ္ဌိစ္စ အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ သံကိလိဋ္ဌသံကိလေသိကေ ခန္ဓေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။

ကတ္တားကောက်- *(ပါဋ္ဌိတော် ခန္ဓေ = အစိတ်အပေါင်း)*

ပဒါဝသာန	ကံ=ပစ္စည်း	ဝါရ	ကတ္တား=ပစ္ဆာယုပ္ပန်
ပ-ဒု	ပဋ္ဌဝေါ. အကု-၁၂၊ စေ-၂၇ အစိတ်အပေါင်း နာ.ခန္ဓာ၊	၄-ဝါရ	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊

"ပထမေန ဒုတိယံ"၌ "ဒုတိယော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား ပဋ္ဌဝေါ ကာရဘုံ၌ဖြစ်သော အခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အပေါင်းနာမက္ခန္ဓာကို **စွဲ၍ဖြစ်သော** (နှင့်တကွဖြစ်သော) (သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) အကုသိုလ်ပြုအပ်သောစိတ္တဇရုပ် ပစ္ဆာယုပ္ပန်တရား ရ၏။

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

သဟဇာတပစ္စည်း- ဟိတ်ပါဋ္ဌသတ္တိ

ပဒါဝသာန	ပစ္စည်း	ပစ္ဆာယုပ္ပန်
ပ-ဒု	ပဋ္ဌဝေါ. အကု-၁၂၊ စေ-၂၇ အစိတ်အပေါင်း နာ.ခန္ဓာ၊	အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊
	မဟာဘုတ် ၄-ပါး	အချင်းချင်းအားငင်း၊ ဥပါဒါရုပ်အားငင်း၊

www.dhammadownload.com

"သဟဇာတပစ္စယာ"ဟူသော ဟိတ်ပါဋ္ဌ၏အရကား စိတ္တဇရုပ် အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်း အားငင်း၊ ဥပါဒါရုပ်အားငင်းတပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရား တို့၏ **သဟဇာတသတ္တိ** ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဋ္ဌာန)အားဖြင့် ကတ္တားသာတည်း။

(ကတ္တားပုဒ်နှင့် ဟိတ်ပါဋ္ဌများ ကောက်ပြီးတိုင်း ရေးပါရန်။)

≡> နိဿယပစ္စည်းဖြစ်မူ သဟဇာတနိဿယသတ္တိ ရ၏။

အတ္ထိပစ္စည်းဖြစ်မူ သဟဇာတတ္ထိသတ္တိ ရ၏။

အဝိဂတပစ္စည်းဖြစ်မူ သဟဇာတအဝိဂတသတ္တိ ရ၏-ဟုပြောင်းဆိုရန်သာ ထူးပါမည်။

၃။ (ပ-ပဒု) ပထမော ပထမဒုတိယဿ =(၄-ဝါရ)

(ပါ.ပ-၄၄၂-ဟေတု ၌သာရှိ)

☑ ပဋ္ဌိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ-အားဖြင့် ၄-ဝါရသာ ရပါသည်။

သံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋ္ဌိစ္စ သံကိလိဋ္ဌသံကိလေသိကော စ အသံကိလိဋ္ဌသံကိလေသိကော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ။ သံကိလိဋ္ဌသံကိလေသိကံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ စိတ္တ-သမုဋ္ဌာနဉ္စ ရူပံ။ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။

သဟဇာတပစ္စည်း ကတ္တားကောက်

ပဒါဝသာန	ကံ=ပစ္စည်း	ဝါရ	ကတ္တား=ပစ္စယုပ္ပန်
ပ-ပဒု	ပဋ္ဌဝေါ. အကု-၁၂၊ စေ-၂၇ အစိတ်အစိတ် နာ.နွာ	၄-ဝါရ	အကု-၁၂၊ စေ-၂၇ အစိတ်အစိတ် နာ.နွာ၊ ထို နာ.နွာပြု-စိတ္တဇရုပ်၊

"ပထမေန ပထမဒုတိယံ"၌ "ပထမဒုတိယော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမက္ခန္ဓာကို **စွဲ၍ဖြစ်သော (၄-ဝါရ)** အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

သဟဇာတပစ္စည်း- ဟိတ်ပါဋ္ဌသတ္တိ

အားတပ်သော

ပဒါဝသာန	ပစ္စည်း	ပစ္စယုပ္ပန်
ပ-ပဒု	ပဋ္ဌဝေါ- အကု-၁၂၊ စေ-၂၇ အစိတ်အစိတ် နာ.နွာ၊	အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်၊
	မဟာဘုတ် ၄-ပါး	အချင်းချင်းအားငင်း၊ ဥပါဒါရုပ်အားငင်း၊

"သဟဇာတပစ္စယာ"ဟူသောဟိတ်ပါဋ္ဌ၏အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမက္ခန္ဓာ။ အချင်းချင်း အားငင်း၊ ဥပါဒါရုပ်အားငင်းတပ်သော မဟာဘုတ်လေးပါးပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

+

www.dhammadownload.com

==> နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဠိသတ္တိ ပဋိ-၀ု/မ-နိ-စုတိ

ပ-ပဒု	သဟနိ= သဟဇာတအတိုင်းကောက်		
	ဥဒ္ဒိ	၀ု၊ မနောဒွါ.ဇွန်း... -- ဟဒယဝတ္ထု၊	ပဋ္ဌဝေါ-နောက်နောက်သော အကု-၁၂
		စုတိ.မှပြန်ရေ..၁၇. တူဉပါဒ် ဟဒယဝတ္ထု၊	မရဏာသန္နအခါ.... အကုဇော ၅-ချက်

"နိဿယပစ္စယာ"(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူသောဟိတ်ပါဠိ၏အရကား– အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား့တုပ်သော့ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမက္ခန္ဓာ။ အချင်းချင်းအား့ငှင်း၊ ဥပါဒါရုပ်အား့ငှင်း့တုပ်သော့ မဟာဘုတ်လေးပါးပစ္စည်းတရား တို့၏ **သဟဇာတနိဿယသတ္တိ။** (သဟဇာတတ္ထိသတ္တိ) (သဟဇာတအဝိဂတသတ္တိ)၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်စိတ်-၁၂ အား့တုပ်သော့ ဝုဒ္ဓော၊ မနောဒွါရာဝဇ္ဇန်း အစ ရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအကုသိုလ်ဇော ၅-ချက် အား့တုပ်သော့ စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **ပုရေဇာတနိဿယသတ္တိ** (ပုရေဇာတတ္ထိသတ္တိ)(ပုရေဇာတအဝိဂတသတ္တိ) ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဌာန)အားဖြင့် ကတ္တားသာတည်း။

==> အတ္ထိနှင့် အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဠိသတ္တိကို နိဿယပစ္စည်းအတိုင်းကောက်၏။ သဟဇာတတ္ထိသတ္တိ၊ ပုရေဇာတတ္ထိသတ္တိ၊ သဟဇာတအဝိဂတသတ္တိ ပုရေဇာတအဝိဂတသတ္တိရ၏ဟု ပြောင်းလဲ၍ဆိုရသည်သာ ထူးပါသည်။

သဟကြီး ၄-ပစ္စည်း (ပ)ပဒ ၃-ချက် (တ)ပဒ ၃-ချက်နည်းတူ

ပဒ-ပဒါဝသာန		ပဋိစ္စ	သဟဇာတ	ပစ္ဆာ	နိဿယ	သံသဋ္ဌ	သမ္မယုတ္တ	ဝါရ
၁။	ပ-ပ	✓	✓	✓	✓	✓	✓	၆
၂။	ပ-ဒု	✓	✓	✓	✓			၄
၃။	ပ-ပဒု	✓	✓	✓	✓			၄

၄။ (ဒု-ဒု) ဒုတိယော ဒုတိယဿ =(၆-ဝါရ) (ပါ.ပ-၄၄၂-ဟေတု နှိဿာရှိ)

"ဒုတိယေန ဒုတိယံ"မှာ ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်, ဝတ္ထုက်ဟူ၍ ၄-မျိုး ရှိပါသည်။

အနုလုံပါဠိတော်ဇယားတွင် ပြထားပါသည်။ ကတ္တားကောက်တွင်လည်း ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်နှင့်တကွ ဝတ္ထုက်တို့ကို ပြည့်စုံစွာကောက်ရပါမည်။

ဝတ္ထုက်သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မများကို ပြဆိုထားပါသည်။

❸⇉ ပဋိစ္စဝါရနှင့် သဟဇာတဝါရမှာ သဟဇာတပစ္စည်းကိုသာဟော၍ ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက် ဟူ၍ ၃-မျိုး ရပါသည်။

❹⇉ ပစ္ဆာယဝါရနှင့် နိဿယဝါရတို့တွင် သဟဇာတပစ္စည်း, ဝတ္ထုပုရေဇာတပစ္စည်းကို ဟောသဖြင့် ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်နှင့် ဝတ္ထုက် ဟူ၍ ၄-မျိုးလုံး ရပါသည်။

www.dhammadownload.com

❷⇉ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့တွင် သမ္ပယုတ္တပစ္စည်းကိုဟောသဖြင့် ပဝတ္တိနှင့် ပဋိသန္ဓေ နာမ်ဆိုင်ရာ ၂-မျိုးသာ ရပါသည်။

* ပဝတ္တိ၌ နာမ်တရားများသာရပြီး ရုပ်တရားများ မရ။ "စိတ္တသမုဋ္ဌာနဥ္စ ရူပံ" မရ။
* ပဋိသန္ဓေအတွက် (၁-၃-၂ / ၃-၁-၂) နာမ်ဆိုင်ရာကိုသာ ဟောရပါမည်။
  'ကဋ္ဌတ္တာစ ရူပံ' 'ခန္ဓေ-ဝတ္ထု၊' 'ဝတ္ထုံ-ခန္ဓာ'တို့နှင့် လုံးဝမဆိုင်ပါ။

ပဝတ္တိ- ☙ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

ဤ ၄-ဝါရအတွက် ပါဋိတော်၊ ကတ္တားပုဒ်၊ ဟိတ်ပါဋ္ဌများကို တင်ပြပါမည်။

(∵ ပစ္စယုပ္ပန္နဓမ္မတွင် ရုပ်များပါရှိမည်ဖြစ်၍ ဤ ၄-ဝါရကိုတွဲ၍ တင်ပြပါသည်။)
၎င်းနောက် နာမ်သက်သက်သာရသော သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့ကို တင်ပြပါမည်။

၄။(၃-၃) အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋိစ္စ အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ အသံကိလိဋ္ဌသံကိလေသိကံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ။ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စ ရူပံ။ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ။

☙သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။
☙ပဋိစ္စသဒ္ဒါအစား (သဟဇာတ)(ပစ္စယ)(နိဿယ) သဒ္ဒါဖြင့် ၄-ဝါရ ဟောပါသည်။

ကတ္တားကောက်- (ပဝတ္တိ)

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
၃-၃	လောကီကု-၁၇, လောကီဝိ-၃၂, ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ အစိတ်အစိတ် နာ.နွာ၊	၄-ဝါရ	= ထို. နာ.နွာပြု-စိတ္တဇရုပ်၊

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

ဟိတ်ပါဋ္ဌသတ္တိ (သဟဇာတပစ္စည်း-ပဝတ္တိ)

ပဋိစ္စဝါရ အနုလုံ ဟိတ်ပါဋ္ဌကောက် အားတပ်သော

ပဒါဝသာန	**ပစ္စည်း**	**ပစ္စယုပ္ပန်**
၃-၃	လောကီကု-၁၇, လောကီဝိ-၃၂, ကြိ-၂၀၊ စေ-၃၈၊ အစိတ်အစိတ် နာ.နွာ၊	အချင်းချင်းအား၎င်း၊ အချင်းချင်း နာ.နွာ၊ စိတ္တဇရုပ်၊
	မဟာဘုတ် ၄-ပါး	အချင်းချင်းအား၎င်း၊ ဥပါဒါရုပ်အား၎င်း၊

"သဟဇာတပစ္စယာ"ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား အချင်းချင်းအား၎င်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား၎င်းတပ်သော လောကီကု-၁၇, လောကီဝိ-၃၂, ကြိ-၂၀၊ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ အချင်းချင်းအား၎င်း၊ ဥပါဒါရုပ်အား၎င်းတပ်သော မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။ * ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဋ္ဌာန)အားဖြင့် ကတ္တားသာတည်း။

www.dhammadownload.com

ဟိတ်ပါဠ်သတ္တိ (နိဿယ,အတ္ထိ,အဝိဂတပစ္စည်း-ပဝတ္တိ)

ပဒါ..	ပစ္စည်း		ပစ္စယုပွန်
၃-၃	သဟနိ= သဟဇာတအတိုင်းကောက်		
	ပုရေနိ	မဇ္ဈိမာယုက.အတီဘွင်.ဥပါဒ်ပြိုင်. စက္ခုဝတ္ထု၊.. မရဏာသန္နအခါ....စက်(ပ) ကာယဝတ္ထု၊	စက်ဒွေ၊ သဗ္ဗစိတ္တ.စေ-၇ အစိတ် အပေါင်း နာ.နွာ၊ (ပ) ကာဒွေ.၊10
		ပဋ္ဌိ.အစ..ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊	ပဋ္ဌဝေါ- ပ.ဘွင်အစရှိ နောက်နောက်. ကီကု-၁၇၊ (၄/၁၀ ကြဉ်)ကီဝိ-၁၈၊ ကြိ-၂၀၊ စေ-၃၈၊
		စုတိ.မှပြန်ရေ..၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	မရဏာ. ပဋ္ဌဝေါ-ဘွင်-၁၅၊ ဇွန်းဒွေ၊ စ္ဆိုင်းဒွေ၊ တီ-၃၊ ဝု၊ မ.သန္နကြိဇော-၅၊ ရုံ၊ စုတိ၊

"နိဿယပစ္စယာ"ဟူသော **ဟိတ်ပါဠ်**၏အရကား အချင်းချင်းအားငှင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် အားငှင်းတပ်သော လောကီကု-၁၇, လောကီဝိ-၃၂, ကြိယာ-၂၀၊ စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ အချင်းချင်းအားငှင်း၊ ဥပါဒါန်ရုပ်အားငှင်းတပ်သော မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ **သဟဇာတနိဿယသတ္တိ** ရ၏။

(ပုရေနိ) စက္ခုဝိညာဉ်ဒွေ အားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊ မရဏာသန္နအခါ စက္ခုဝိညာဉ်ဒွေ အားတပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက် မြောက်သောစိတ်နှင့် အတူဥပါဒ်သော စက္ခုဝတ္ထု၊ **သောတ**ဝိညာဉ်ဒွေ အားတပ်သော မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော သောတဝတ္ထု၊ မရဏာသန္နအခါ သောတဝိညာဉ်ဒွေ အားတပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော သောတဝတ္ထု၊ **ဃာန**ဝိညာဉ်ဒွေ အားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော ဃာနဝတ္ထု၊ မရဏာသန္နအခါ ဃာနဝိညာဉ်ဒွေ အားတပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဃာနဝတ္ထု၊ **ဇိဝှါ**ဝိညာဉ်ဒွေ အားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော ဇိဝှါဝတ္ထု၊ မရဏာသန္နအခါ ဇိဝှါဝိညာဉ်ဒွေ အားတပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဇိဝှါဝတ္ထု၊ **ကာယ**ဝိညာဉ်ဒွေ အားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော ကာယဝတ္ထု၊ မရဏာသန္နအခါ ကာယဝိညာဉ်ဒွေ အားတပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ကာယဝတ္ထု၊ **(10+3 ဟ)**

ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ပထမဘဝင်အစရှိသော နောက်နောက်သော လောကီကုသိုလ်-၁၇၊ (အရူပဝိပါက်-၄၊ ဒွေပဋ္ဌဝိညာဉ်-၁၀ ကြဉ်သော) လောကီဝိပါက်-၁၈၊ ကြိယာ-၂၀ အားတပ်သော ပဋ္ဌိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**၊ မရဏာသန္နအခါ ပဋ္ဌဝေါကာရဘဝင် ၁၅-ခု၊ အာဝဇွန်းဒွေ၊ သမ္ပဋ္ဌိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ မရဏာသန္နကြိယာဇော ၅-ချက်၊ တဒါရုံ၊ စုတိ အားတပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ် နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု** ပစ္စည်းတရားတို့၏ **ပုရေဇာတနိဿယသတ္တိ** ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

www.dhammadownload.com

==> အတ္ထိနှင့် အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဋ္ဌသတ္တိကို နိဿယပစ္စည်းအတိုင်းကောက်၏။ သဟဇာတတ္ထိသတ္တိ၊ ပုရေဇာတတ္ထိသတ္တိ၊ သဟဇာတအဝိဂတသတ္တိ၊ ပုရေဇာတအဝိဂတသတ္တိ ရ၏ဟု ပြောင်းလဲဆိုရသည်သာ ထူးပါသည်။

✪ သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရအတွက် ပါဠိ ကတ္တားကောက် ဟိတ်ပါဋ္ဌများမှာ- ပစ္စယုပ္ပန္နဓမ္မတွင် ရုပ်များမပါဘဲ နာမ်သက်သက်သာကောက်ရမည်ဖြစ်၍ ဖော်ပြခဲ့သော ၄-ဝါရမှ ခွဲ၍ တင်ပြပါသည်။

သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရ (ပဝတ္တိ)

အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ သံသဋ္ဌော အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ အသံကိလိဋ္ဌသံကိလေသိကံ ဧကံ ခန္ဓံ သံသဋ္ဌာ တယော ခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။

➠ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။
➠ သံသဋ္ဌသဒ္ဒါအစား သမ္မယုတ္တသဒ္ဒါဖြင့် ၂-ဝါရ ဟောပါသည်။

ကတ္တားကောက်- (ပဝတ္တိ) *(က-အချင်းချင်း၊ ဝ-အချင်းချင်း၊ ကြီ-အချင်းချင်း)*

ပဒါဝသာန	က်=ပစ္စည်း	ဝါရ	ကတ္တား=ပစ္စယုပ္ပန်
ဒု-ဒု	လောကီကု-၁၇, လောကီဝိ-၃၂, ကြီ-၂၀၊ စေ-၃၈၊ အစိတ်အစိတ် နာ.နှာ၊	နိုးနှော၍/ ယှဉ်၍	= အချင်းချင်း

"ဒုတိယေန ဒုတိယံ"၌ **ပဝတ္တိအခါ** "ဒုတိယော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား- လောကီကုသိုလ်-၁၇, လောကီဝိပါက်-၃၂, ကြိယာ-၂၀၊ စေတသိက်အဋ္ဌတီသ အစိတ်အစိတ်နာမက္ခန္ဓာကို **နိုးနှော၍ဖြစ်သော** (ယှဉ်၍ဖြစ်သော) ဝိပါက်စိတ်ဆတ္တိသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

ဟိတ်ပါဋ္ဌသတ္တိ (သဟဇာတပစ္စည်း-ပဝတ္တိ)

ပဒါဝသာန	ပစ္စည်း	ပစ္စယုပ္ပန်
ဒု-ဒု	လောကီကု-၁၇, လောကီဝိ-၃၂, ကြီ-၂၀၊ အစိတ်အစိတ် နာ.နှာ၊	အချင်းချင်း၊

"သဟဇာတပစ္စယာ"ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား အချင်းချင်းအားတပ်သော လောကီကုသိုလ်-၁၇, လောကီဝိပါက်-၃၂, ကြိယာ-၂၀၊ စေတသိက်အဋ္ဌတီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။

==> နိဿယပစ္စယာ၊ အတ္ထိပစ္စယာ၊ အဝိဂတပစ္စယာဟူသော ဟိတ်ပါဋ္ဌများကို သဟဇာတပစ္စည်း ဟိတ်ပါဋ္ဌအတိုင်းနှင့် **ပုရေဇာတနိဿယသတ္တိ**ကို ကောက်ရပါသည်။

www.dhammadownload.com

ပဋိသန္ဓေအခါ– ➲ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

ဤ ၄–ဝါရအတွက် ပါဠိတော်၊ ကတ္တားပုဒ်၊ ဟိတ်ပါဠ်များကို တင်ပြပါမည်။

(∵ ပစ္စယုပ္ပန္နဓမ္မတွင် ရုပ်များပါရှိမည်ဖြစ်၍ ဤ ၄–ဝါရကိုတွဲ၍တင်ပြပါသည်။) ၎င်းနောက် နာမ်သက်သက်သာရသော သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရတို့ကို တင်ပြပါမည်။

(အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋိစ္စ အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။) **ပဋိသန္ဓိက္ခဏေ** အသံကိလိဋ္ဌသံကိလေသိကံ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ၊ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။

➲သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

➲ပဋိစ္စသဒ္ဒါအစား (သဟဇာတ)(ပစ္စယ)(နိဿယ)သဒ္ဒါဖြင့် ၄–ဝါရ ဟောပါသည်။

ကတ္တားကောက်– (ပဋိသန္ဓေ) စာ–၄၉၀

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
၃–၃	ပဋိ–၁၉၊ စေ–၃၅ အစိတ်အစိတ်၊ အစိတ်အပေါင်း နာ.နှာ၊ ဟဒယဝတ္ထု၊	၄–၀–၄	= ကဋတ္တာရုပ်၊(ဟဒယဝတ္ထု၊)

ပဋိသန္ဓေအခါ "ဒုတိယော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား– ပဋိသန္ဓေစိတ်ဧကူနဝီသ၊ စေတသိက်ပဉ္စတိံသ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမက္ခန္ဓာ **ဟဒယဝတ္ထု**ကိုစွဲ၍**ဖြစ်သော** ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက်ပဉ္စတိံသ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမက္ခန္ဓာ **ကဋတ္တာရုပ်** ပစ္စယုပ္ပန်တရား ရ၏။

➥ ဆိုင်ရာဝါရအားလျော်စွာ တစ်ခုစီလည်း ဆိုနိုင်ပါသည်။

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

ဟိတ်ပါဠ်သတ္တိ (သဟဇာတပစ္စည်း– ပဋိသန္ဓေ)

ပဒါဝသာန	**ပစ္စည်း**	**ပစ္စယုပ္ပန်**
၃–၃	ပဋိ–၁၉၊ စေ–၃၅ အစိတ်အစိတ် နာ.နှာ၊	အချင်းချင်းအားငဲ့၊ အချင်းချင်း နာမက္ခန္ဓာ ကဋတ္တာရုပ်၊
	မဟာဘုတ် ၄–ပါး	အချင်းချင်းအားငဲ့၊ ဥပါဒါရုပ်အားငဲ့၊
	ပဋ္ဌဝေါ–ပဋိ နာ.နှာ၊ ဟဒယဝတ္ထု၊	အချင်းချင်း၊

"သဟဇာတပစ္စယာ"ဟူသော **ဟိတ်ပါဠ်**အရကား အချင်းချင်းအားငဲ့၍၊ အချင်းချင်း နာမက္ခန္ဓာ ကဋတ္တာရုပ်အားငဲ့တတ်သော ပဋိသန္ဓေစိတ်ဧကူနဝီသ၊ စေတသိက်ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားငဲ့၍၊ ဥပါဒါရုပ်အားငဲ့တတ်သော မဟာဘုတ် ၄–ပါး၊ အချင်းချင်းအားတတ်သော ပဋ္ဌဝေါကာရုပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတို့၏ **သဟဇာတသတ္တိ** ရ၏။

⟹> နိဿယပစ္စယာ၊ အတ္ထိပစ္စယာ၊ အဝိဂတပစ္စယာဟူသော ဟိတ်ပါဠ်များကို သဟဇာတပစ္စည်း ဟိတ်ပါဠ်အတိုင်း ကောက်ရပါသည်။

www.dhammadownload.com

သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရ (ပဋိသန္ဓေ)

✪ သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရအတွက် ပါဠို ကတ္တားကောက် ဟိတ်ပါဠိများမှာ- ပစ္စယုပ္ပန္နဓမ္မတွင် ရုပ်များမပါဘဲ နာမ်သက်သက်သာကောက်ရမည်ဖြစ်၍ ဖော်ပြခဲ့သော ၄-ဝါရမှ ခွဲ၍ တင်ပြပါသည်။

(အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ သံသဋ္ဌော အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။) **ပဋိသန္ဓိက္ခဏေ** အသံကိလိဋ္ဌသံကိလေသိကံ ဝိပါကာဗျာကတံ ဇကံ ခန္ဓံ သံသဋ္ဌာ တယော ခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဇကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။

✍ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

ကတ္တားကောက်- (ပဋိသန္ဓေ)

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
၃-၃	ပဋိ-၁၉၊ စေ-၃၅ အစိတ်အစိတ်၊ နာ.နှာ၊	နိုးနှော၍/ ယှဉ်၍	=

ပဋိသန္ဓေအခါ "ဒုတိယော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား- ပဋိသန္ဓေစိတ်ဇကူနဝိသ၊ စေတသိက်ပဉ္စတိ'သ အစိတ်အစိတ်နာမက္ခန္ဓာကို **နိုးနှော၍ဖြစ်သော** (ယှဉ်၍ဖြစ်သော) ပဋိသန္ဓေစိတ် ဇကူနဝိသ၊ စေတသိက်ပဉ္စတိ'သ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

ဟိတ်ပါဠိသတ္တိ (သဟဇာတပစ္စည်း- ပဋိသန္ဓေ)

သံသဋ္ဌဝါရ အနုလုံ ဟိတ်ပါဠိကောက် အားတဝ်သော

ပဒါဝသာန	**ပစ္စည်း**	**ပစ္စယုပ္ပန်**
၃-၃	ပဋိ-၁၉၊ စေ-၃၅ အစိတ်အစိတ် နာ.နှာ၊	အချင်းချင်း၊

"သဟဇာတပစ္စယာ"ဟူသော **ဟိတ်ပါဠိ**အရကား အချင်းချင်း အားတပ်သော ပဋိသန္ဓေစိတ် ဇကူနဝိသ၊ စေတသိက်ပဉ္စတိ'သ အစိတ်အစိတ် နာမက္ခန္ဓာ၊ ပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။

⟹ နိဿယပစ္စယာ၊ အတ္ထိပစ္စယာ၊ အဝိဂတပစ္စယာဟူသော ဟိတ်ပါဠိများကို သဟဇာတ ပစ္စည်းဟိတ်ပါဠိ အတိုင်း ကောက်ရပါသည်။

ရုပ်သက်သက်- ပဋိစ္စဝါရ, သဟဇာတဝါရ, ပစ္စယဝါရနှင့် နိဿယဝါရ၊

ဤ ၄-ဝါရအတွက် ပါဠိတော်၊ ကတ္တားပုဒ်၊ ဟိတ်ပါဠိများကို တင်ပြပါမည်။

✕ (∵ နာမ်သက်သက်သာဟောရသော သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရတို့ မရပါ။)

သဟကြီး-၄ သည် ရုပ် ၇-မျိုးလုံးရသဖြင့် ပါဠိတော်ဇယားအတိုင်း အားလုံးဆိုပါမည်။

www.dhammadownload.com

(ရုပ်သက်သက်) ပဋိစ္စဝါရ ➷ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

(အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋိစ္စ အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။) **ဇင်္ကံ** မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဇင်္ကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ကဋတ္တာ ရူပံ၊ ဥပါဒါ ရူပံ။ **ဗာဟိရံ** ဇင်္ကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဇင်္ကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ။ **အာဟာရသမုဋ္ဌာနံ** ဇင်္ကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဇင်္ကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ။ **ဥတုသမုဋ္ဌာနံ** ဇင်္ကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဇင်္ကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ။ **အသညသတ္တာနံ** ဇင်္ကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဇင်္ကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ **ကဋတ္တာရူပံ ဥပါဒါရူပံ**။

➷ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

ကတ္တားကောက်- (ရုပ်သက်သက်)

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
၃-၃	ပဋ္ဌာ၀ေါ-၄/၁၀/ရဟန္တာ.စုတိကြဉ်သော ကုသိုလ်,အကုသိုလ်,ဝိပါက်,ကြိုယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊	စွဲ၍	ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါရုပ်၊
	ပဋ္ဌာ၀ေါ-ပဋိ ၁၅ တို့နှင့်ယထာအတူ ဥပါဒ်သော ပဋိသန္ဓေကမ္မဇမဟာဘုတ်၊		ဘုတ်နှင့်တကွသော ပဋိသန္ဓေကမ္မဇဥပါဒါရုပ်၊
	ဗာဟိရမဟာဘုတ်၊ အာ..၊ ဥ..၊ ညက်ဇ..၊ ပဝတ္တိကမ္မဇမဟာဘုတ်၊		ဘုတ်နှင့်တကွသော ဗာ,ဟာ,ဥ ညက်,ပဝတ္တိက်-ဥပါဒါရုပ်၊

ရုပ်သက်သက်၌ "ဒုတိယော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား- ပဋ္ဌာ၀ေါကာရဘုံ၌ဖြစ်သောအခါ အရှုပဝိပါက် ၄-ခု၊ ဒွေပဋ္ဌာဝိညာဉ်-၁၀၊ ရဟန္တာတို့စုတိကြဉ်သော ကုသိုလ်,အကုသိုလ်,ဝိပါက်, ကြိုယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဋ္ဌာ၀ေါကာရ-ပဋိသန္ဓေ ပန္နရသ တို့နှင့် ယထာရဟအတူဥပါဒ်သော ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ်ကမ္မဇမဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်ကို **စွဲ၍ဖြစ်သော** (နှင့်တကွဖြစ်သော) (သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော)(မှီ၍ဖြစ်သော) ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါရုပ်၊ ပဋိသန္ဓေကမ္မဇဥပါဒါရုပ်၊ ဗာဟိရဥပါဒါရုပ်၊ အာဟာရဇဥပါဒါရုပ်၊ ဥတုဇဥပါဒါရုပ် အသညသတ်ကမ္မဇ ဥပါဒါရုပ်၊ ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

www.dhammadownload.com

ဟိတ်ပါဋ္ဌသတ္တိ (သဟဇာတပစ္စည်း- ရုပ်သက်သက်)

ပဒါဝသာန	ပစ္စည်း	ပစ္စယုပ္ပန်
၃-၃	ပဋ္ဌေါ- ၄/၁၀/ရဟန္တာ,စုတိကြဉ်သော ကု,အကု,ဝိ,ကြိ အစိတ်အပေါင်း နာ,နှာ၊	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊
	မဟာဘုတ် ၄-ပါး	အချင်းချင်းအားငင်း၊ ဥပါဒါရုပ်အားငင်း၊

"သဟဇာတပစ္စယာ" ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ပဋ္ဌေါကာရဘုံဋ္ဌဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ဒွေပဋ္ဌဝိညာဉ်-၁၀၊ ရဟန္တာတို့စုတိကြဉ်သော ကုသိုလ်, အကုသိုလ်,ဝိပါက်,ကြိယာ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်းအားငင်း ဥပါဒါရုပ်အားငင်းတပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

⟹ နိဿယ၊ အတ္ထိနှင့် အဝိဂတပစ္စည်းတို့၏ဟိတ်ပါဋ္ဌသတ္တိကို သဟဇာတပစ္စည်း အတိုင်းကောက်၏။ သဟဇာတနိဿယသတ္တိ၊ သဟဇာတတ္ထိသတ္တိ၊ သဟဇာတအဝိဂတသတ္တိ ရ၏ဟု ပြောင်းလဲဆိုရသည်သာထူး။

⇉ **အတ္ထိနှင့် အဝိဂတပစ္စည်း**တို့၏ ဟိတ်ပါဋ္ဌသတ္တိတွင် အထက်ပါ သဟဇာတတ္ထိသတ္တိ၊ သဟဇာတအဝိဂတသတ္တိတို့ကိုကောက်ရသည်သာမက ရုပ်အာဟာရတ္ထိကို ရုပ်အာဟာရအတိုင်း၊ ဣန္ဒြိယတ္ထိကို ရူပဇီဝိတိန္ဒြိယအတိုင်းလည်း ကောက်ရပါမည်။

ပဒါဝသာန		ပစ္စည်း	ပစ္စယုပ္ပန်
၅-၅	ရုပ်ဟာ	ရုပ်အာဟာရ= ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇြေဇာ	အာဟာရဇရုပ်၊
	ရုပ်ကုံ	ရူပဇီဝိတိန္ဒြိယ=ရုပ်ဇီဝိတိန္ဒြေ	ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခု၊

ဝတ္ထုကံ (၂-ဝါရ)

* **ဝတ္ထုကံ**= ဆဝတ္ထုသည် ကံပုဒ်-ပစ္စည်းဖြစ်၍ သတ္တဝိညာဏဓာတ်သည် ကတ္တား-ပစ္စယုပ္ပန်။

➦ **ဝတ္ထုရုပ်**ကို **ကံပုဒ်**ဘက်ကထား၍ဟောခြင်းကြောင့် "ဝတ္ထုကံ" ဟုခေါ်ပါသည်။

❷☑⇉ **ပစ္စယဝါရ**နှင့် **နိဿယဝါရ**တို့၌သာ ဝတ္ထုကံအတွက် ပါဠိတော်၊ ကတ္တားကောက်၊ ဟိတ်ပါဋ္ဌများဟောရသည်ကို **သေချာစွာမှတ်သားထားရပါမည်**။ (အနု, ပစ္စနိက်)
တနည်းဆိုသော် သင်္ခ်ာ- သတ္တရသ၊ သတ္တတို့၌သာ ဟောရပါမည်။ ↖

ပစ္စည်းအားလျော်စွာ သုဒ္ဓသင်္ခ်ာကိုကြည့်၍ ဒွေပဋ္ဌ-၁၀ ရပါက စက္ခာ..စသည်ဆိုနိုင်ပါသည်။
ဆဝတ္ထုသည် ကံပုဒ်-ပစ္စည်းဖြစ်၍ ဟဒယဝတ္ထုကိုမှီသည့်ကိစ္စကိုလည်း ပါဠိတော်ထုတ်ပါရန်။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ (၃-၃ ဝတ္ထုကံ)

(အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပစ္စယာ အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။)စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ၊ သောတာယတနံ ပစ္စယာ သောတဝိညာဏံ၊

www.dhammadownload.com

ဃာနာယတနံ ပစ္စယာ ဃာနဝိညာဏံ၊ ဇိဝှာယတနံ ပစ္စယာ ဇိဝှါဝိညာဏံ၊ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ။ ဝတ္ထုံ ပစ္စယာ အသံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ။

❁ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။
❁ ပစ္စယသဒ္ဒါအစား နိဿယသဒ္ဒါဖြင့် ၂-ဝါရ ဟောပါသည်။

ပစ္စယဝါရ အနုလုံ ကတ္တားကောက် ၅+(ပဋိ/ဝု.မ/နိ/စုတိ)

ပဒါဝသာန		ကံ=ပစ္စည်း	ဝါရ	ကတ္တား=ပစ္စယုပ္ပန်
၅-၄	ဝတ္ထုံ (၁၀ပုံ)	မဏ္ဍိမာယုက. အတီဘွင်.ဥပါဒ်ပြိုင်.စက္ခုဝတ္ထု၊.. မရဏာသန္နအခါ....စက်(ပ) ကာယဝတ္ထု၊	ဥပ္ပါဒဝါရ	စက်ဒွေ၊ သဗ္ဗစိတ္တ.စေ ၇ အစိတ်အပေါင်း နာ.ခန္ဓာ၊ (ပ) ကာဒွေ. . .၊ **10**
		ပဋိသန္ဓေအစ.. ရေး..အတူဥပါဒ် ဟဒယဝတ္ထု၊ ဝု၊ မနောဒွါ.ဓွန်း... -- ဟဒယဝတ္ထု၊ မရဏာသန္န. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	ဌိတိဝါရ	ပဋ္ဌဝေါ- လောကီကု-၁၇၊ (၄/၁၀ ကြဉ်)လောကီဝိ-၁၈၊ ကြီ-၂၀၊ စေ-၃၈၊ အစိတ်အပေါင်း နာ.ခန္ဓာ၊

ဝတ္ထုကံ၌ "အဗျာကတော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော **စက္ခုဝတ္ထု**ကို **ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော** စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော **စက္ခုဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော **သောတဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော သောတဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော **သောတဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော သောတဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော **ဃာနဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဃာနဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော **ဃာနဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဃာနဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော **ဇိဝှါဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဇိဝှါဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော **ဇိဝှါဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဇိဝှါဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော **ကာယဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ကာယဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ

www.dhammadownload.com

စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော **ကာယဝတ္ထု**ကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကာယဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏဧတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ။

(10+3)

ပဋိသန္ဓေအစရှိသော ရေးရေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**၊ ဝုဋ္ဌေ၊ မနောဒွါရာဝဇ္ဇန်း အစရှိသော ရေးရေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**ကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဉ်-၁၀ ကြဉ်သော လောကီဝိပါက် စိတ်-၁၈၊ စေတသိက်အဋ္ဌတိ်သ အစိတ်အပေါင်းနာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

➭ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

➭ ပစ္စယသဒ္ဒါအစား နိဿယသဒ္ဒါဖြင့် ၂-ဝါရ ဟောပါသည်။

ဟိတ်ပါဋ္ဌများကို အရကောက်ကျမ်း၌ မပြပါ။ ပဋိစ္စဝါရနှင့်တူ၏ဟုသာ မှာထား၏။

ဤ၌ ပဋိစ္စဝါရနှင့်တူ၏ဆိုရာဝယ် ပဋိစ္စဝါရကို နည်းမှီ၍ ကောက်ရမည်ဖြစ်ပါသည်။ ➭

နည်းမှီပုံ

ဝတ္ထုကံအရ ကတ္တားကောက်များသည် ဆဝတ္ထုကိုမှီ၍ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောစိတ်များဖြစ်သည်ကို သတိပြုပါရန်။ ပစ္စယုပ္ပန်တရားများသည် နာမ်တရားများသာဖြစ်ပြီး၊ ရုပ်တရားများမရပါ။ သို့ဖြစ်ပါ၍ ပဋိစ္စဝါရ၌ပြဆိုခဲ့သော ဟိတ်ပါဋ္ဌသတ္တိများကိုပင် **"ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ"**ဟု ဝိသေသနပြု၍ကောက်ရခြင်း၊ အရူပဘုံ၌ဖြစ်သော စိတ်များမရသဖြင့် **အရူပဝိပါက်ကြဉ်**ပေးရခြင်းဆိုင်ရာ ပစ္စယုပ္ပန်တရားများ၏ နာမ်တရားကိုသာ(ရုပ်များမရ) ဆိုရပါမည်။

[အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဆရာကြီးဦးကျော်-ပို့ချသော ဆဝါရဝိဘင်္ဂပဋ္ဌာန်း ပို့ချစဉ်ကျမ်း-သင်ရိုးကိုမကျွံငဲ့ပြု၍] ကတ္တားပုဒ်နှင့် ဟိတ်ပါဋ္ဌသတ္တိကိုသာ ပြပါမည်။

ဟိတ်ပါဋ္ဌသတ္တိ (သဟဇာတပစ္စည်း-ဝတ္ထုကံ)

ပဒါဝသာန	ပစ္စည်း	ပစ္စယုပ္ပန်
၃-၃	ပဋ္ဌဝေါကာရဘုံဖြစ်- ကီကု-၁၇ (အရူဝိ-၄,၁၀ ကြဉ်) ကိဝိ-၁၈၊ ကြိ-၂၀ စေ-၃၈၊ အစိတ်အစိတ် နာ.ခ္ခန်ဓာ၊	အချင်းချင်း၊

"သဟဇာတပစ္စယာ"ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ လောကီကုသိုလ်-၁၇၊ (အရူပဝိပါက် ၄၊ ဒွေ-၁၀ ကြဉ်) လောကီဝိပါက်-၁၈၊ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိ်သ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဋ္ဌာန)အားဖြင့် ကတ္တားသာတည်း။

www.dhammadownload.com

≡> နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်များ တူပါသည်။ နိဿယ၊ အတ္ထိနှင့် အဝိဂတ ပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိကို– သဟဇာတနိဿယသတ္တိ+ပုရေဇာတ နိဿယသတ္တိအားဖြင့် ၂–ချက် ကောက်ရပါမည်။

* **သဟဇာတနိဿယသတ္တိ**ကို သဟဇာတပစ္စည်း အတိုင်းကောက်ပါသည်။
* **ပုရေဇာတနိဿယသတ္တိ**အတွက် စာမျက်နှာ–၄၉၃– (နိဿယ,အတ္ထိ,အဝိဂတပစ္စည်း)

၅။ (ဒု–ပ) ဒုတိယော ပထမဿ = (၂–ဝါရ)

☑⇉ ပစ္စယဝါရနှင့် နိဿယဝါရ **၂–ဝါရ** ဟော၏။ ∵ ကံပုဒ်=ပစ္စည်း=ရုပ်(ဘုံသတ်)ဟောသဖြင့်

အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပစ္စယာ သံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ ဝတ္ထုံ ပစ္စယာ သံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ။

☙ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

ကတ္တားကောက်– (သဟဇာတပစ္စည်း)

ပဒါဝသာန		**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
ဒု–ပ	ပုရေဇာ	ဝုဋ္ဌော၊ မနောဒွါ..ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္န. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	ပုရေဇာတ	ပဥ္စဝေါ– အကု–၁၂၊ စေ–၂၇ အစိတ်အပေါင်း နာ.န္ဓာ၊

"ဒုတိယော ပထမဿ"၌ "ပထမော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား– ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို **ပုရေဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော** ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်–၁၂၊ စေတသိက်–၂၇ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

➦ **နိဿယ**ဝါရအားလျော်စွာ **"မှီ၍ဖြစ်သော"**ဟုလည်း ဆိုနိုင်ပါသည်။

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

ဟိတ်ပါဌ်သတ္တိ

➦ ဟိတ်ပါဌ်သတ္တိမှာ ကံပုဒ်=ပစ္စည်း=ရုပ်ဖြစ်၍ **ဘုံသတ်**ကောက်ရပါသည်။

ဒု–ပ အတွက် **ပဋိစ္စဝါရ–(ပ–ပ)အတိုင်း**ကောက်ရန်နှင့် **နိဿယပစ္စည်း**အတွက် သဟဇာတ–နိဿယသတ္တိ+ပုရေဇာတ နိဿယသတ္တိ ၂–မျိုးကောက်။

ပဋိစ္စဝါရ အနုလုံ ဟိတ်ပါဌ်ကောက် အားတပ်သော

ပဒါဝသာန	**ပစ္စည်း**	**ပစ္စယုပ္ပန်**
ဒု–ပ	**ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ** အကု–၁၂၊ စေ–၂၇ အစိတ်အစိတ် နာ.န္ဓာ၊	= အချင်းချင်း၊

www.dhammadownload.com

"သဟဇာတပစ္စယာ"ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား အချင်းချင်း အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဋ္ဌာန)အားဖြင့် ကတ္တားသာတည်း။

≡> နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဋ္ဌသတ္တိမှာ-

ဒု-ပ	သဟနိ= သဟဇာတအတိုင်းကောက်		
	ပုဒ္ဓန်	၀၊ မနောဒွါ.ဇွန်း... -- ဟဒယဝတ္ထု၊	ပဋ္ဌဝေါ-နောက်နောက်သော အကု-၁၂
		စုတိ.မှပြန်ရေ..၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	မရဏာသန္နအခါ.... အကုဇော ၅-ချက်

"နိဿယပစ္စယာ" (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)ဟူသော ဟိတ်ပါဋ္ဌ၏အရကား- အချင်းချင်း အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတနိဿယသတ္တိ** (သဟဇာတတ္ထိသတ္တိ) (သဟဇာတအဝိဂတ သတ္တိ) ရ၏။ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်စိတ်-၁၂ အားတပ်သော ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္န အကုသိုလ်ဇော ၅-ချက် အားတပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက် သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **ပုရေဇာတနိဿယသတ္တိ** (ပုရေဇာတတ္ထိသတ္တိ) (ပုရေဇာတအဝိဂတသတ္တိ) ရ၏။

ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဋ္ဌာန)အားဖြင့် ကတ္တားသာတည်း။

၆။ (ဒု-တ) ဒုတိယော တတိယသ = (၂-ဝါရ)

☑⇉ ပစ္စယဝါရနှင့် နိဿယဝါရ **၂-ဝါရ** ဟော၏။ ∵ ကံပုဒ်=ပစ္စည်း=ရုပ်(ဘုံသတ်)ဟောသဖြင့်

အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပစ္စယာ အသံကိလိဋ္ဌအသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ ဝတ္ထုံ ပစ္စယာ အသံကိလိဋ္ဌအသံကိလေသိကာ ခန္ဓာ။

⇝ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

သဟဇာတပစ္စည်း ကတ္တားကောက် *(အစိတ်အပေါင်း)*

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပွန်**
ဒု-တ	* ဂေါတြဘူ/ဝေါဒါန်/မဂ်/အနု. ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊	ပုဒ္ဓန်	ပဋ္ဌဝေါ- လောကုတ်-၈၊ အပွကြဉ်စေ-၃၆၊ အစိတ်အပေါင်း နာ.နွာ၊
	ရှေ့စိတ္တက္ခဏ တစ်.ကာလ၌ဖြစ် ဟဒယဝတ္ထု၊		နိရောဓသမာပတ်မှထသောအခါ အနာ.အရ.ဖိုလ်

"ဒုတိယေန တတိယံ"၌ "တတိယော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရကား ဂေါတြဘူ/ဝေါဒါန်/မဂ်/အနုလုံ ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို **ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော** (မှီ၍ဖြစ်သော) ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ လောကုတ်-၈၊ အပွကြဉ်စေတသိက်ဆတိံသ အစိတ်အပေါင်း

www.dhammadownload.com

နာမက္ခန္ဓာ။ ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော **ဟဒယဝတ္ထု** ကို **ပုရေဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော** (မှီ၍ဖြစ်သော) နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ် ပစ္စယုပွန် တရား ရ၏။

မှတ်ချက်။ ။ ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော **ဟဒယဝတ္ထု**ကိုကောက်ရမည်ဖြစ်၍– ဂေါတြဘူ/ဝေါဒါန်/မဂ်/အနုလုံစိတ် နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ကို ကောက်ရ၏။

* (နောက်နောက်)သောတာပတ္တိမဂ်အတွက်– (ရှေ့ရှေ့) ဂေါတြဘူ နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊
* (နောက်နောက်)အထက်မဂ် ၃–ပါးအတွက်– (ရှေ့ရှေ့) ဝေါဒါန် နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊
* (နောက်နောက်)ဖလသမာပတ်အတွက်– (ရှေ့ရှေ့) မဂ်/အနုလုံ နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊

သောတာပတ္တိမဂ္ဂဝီထိ– နဒ၊ မ၊ ပဥနု **ဂေါ**၊ မဂ် ဖိုလ် ဖိုလ်၊ ဘ
အထက်မဂ် ၃–ပါးဝီထိ– နဒ၊ မ၊ ပဥနု **ဝေါဒါန်**၊ မဂ် ဖိုလ် ဖိုလ်၊ ဘ
ဖလသမာပတ္တိဝီထိ– နဒ၊ မ၊ နုနုနုနု ဖိုလ်များစွာ၊ ဘ

သဟဇာတပစ္စည်း– ဟိတ်ပါဌ်သတ္တိ

အားတပ်သော

ပဒါဝသာန	**ပစ္စည်း**	**ပစ္စယုပွန်**
ဒု–တ	ပဥ္စဝေါ– လောကုတ်–၈၊ အပွကြဉ်စေ–၃၆၊ အစိတ်အစိတ် နာမက္ခန္ဓာ၊	= အချင်းချင်း၊

"သဟဇာတပစ္စယာ"ဟူသော **ဟိတ်ပါဌ်**၏အရကား– အချင်းချင်း အားတပ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ လောကုတ္တရာစိတ်–၈၊ အပွကြဉ်စေတသိက်–၃၆၊ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။ * ထိုနှစ်ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

≡> နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိမှာ–

ဒု–တ	သဟ	သဟနိ= သဟဇာတအတိုင်းကောက်	
	ပုရေ	* ဂေါတြဘူ/ဝေါဒါန်/မဂ်/အနု. ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊	ပဥ္စဝေါ– လောကုတ်–၈၊
		ရှေ့စိတ္တက္ခဏ တစ်.ကာလ၌ဖြစ် ဟဒယဝတ္ထု၊	နိရောဓသမာပတ်မှထသောအခါ အနာ.အရ.ဖိုလ်

"နိဿယပစ္စယာ" (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)ဟူသော ဟိတ်ပါဌ်၏အရကား– (သဟဇာတအတိုင်းတွင်) **သဟဇာတနိဿယသတ္တိ** (သဟဇာတတ္ထိသတ္တိ) (သဟဇာတအဝိဂတသတ္တိ) ရ၏။ **(ပုရေနိ)** ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော လောကုတ်–၈ အားတပ်သော ဂေါတြဘူ/ဝေါဒါန်/မဂ်/အနုလုံစသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**၊ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ် အားတပ်သော ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော **ဟဒယဝတ္ထု**၊ ပစ္စည်းတရားတို့၏ **ပုရေဇာတနိဿယသတ္တိ** ရ၏။

≡> အတ္ထိနှင့် အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိကိုလည်း နိဿယပစ္စည်းအတိုင်း။

www.dhammadownload.com

၇။ (ဒု–ပဒု) ဒုတိယော ပထမဒုတိယဿ = (၂–ဝါရ)

☑⇉ ပစ္စယဝါရနှင့် နိဿယဝါရ **၂–ဝါရ** ဟော၏။ ∵ ကံပုဒ်=ပစ္စည်း=ရုပ်(ဘုံသတ်)ဟောသဖြင့်

အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပစ္စယာ သံကိလိဋ္ဌသံကိလေသိကော စ အသံကိလိဋ္ဌ–သံကိလေသိကော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ။ ဝတ္ထုံ ပစ္စယာ သံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

☙ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

ပစ္စယဝါရ အနုလုံ ကတ္တား (သဟဇာတပစ္စည်း)

ပဒါဝသာန		**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
ဒု–ပဒု	ပုရေ	ဝုဋ္ဌော၊ မနောဒွါ..ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္ဓ. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	ဟန်/ပုရေနှိပ်ပြုး	ပဋ္ဌဝေါ– အကု–၁၂၊ စေ–၂၇ အစိတ်အပေါင်း နာ.န္ဓာ၊
	ဟန	ထို နာ.န္ဓာ.ပြုအပ်သော မဟာဘုတ်		စိတ္တဇရုပ်၊

"ဒုတိယော ပထမဒုတိယဿ"၌ "ပထမဒုတိယော ဓမ္မာ"ဟူသော **ကတ္တားပုဒ်**အရကား ဝုဋ္ဌော၊ မနော–ဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော **ဟဒယဝတ္ထု**၊ မရဏာသန္ဓအခါ စုတိစိတ် မှပြန်၍ရေသော် ၁၇–ချက်မြောက် သောစိတ်နှင့်အတူဥပါဒ်သော **ဟဒယ**ဝတ္ထုကို **ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော** ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်–၁၂၊ စေတသိက်–၂၇ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သောမဟာဘုတ်ကို **သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော** စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်ကောက်ပုံကို မှတ်သားရန် ⟶

* (ဒု–ပဒု)ကြည့်လျှင် ပဒါဝသာနမှာ (ပဒု)ဖြစ်၏။ *(ပဒါဝသာန တူမှုကိယူရန်)*

ပ–ပဒ ၃–ချက်တို့တွင်လည်း (ပ–ပဒု)၏ပဒါဝသာနမှာ (ပဒု)ပင်ဖြစ်ပါသည်၏။

⁂ ထို့ကြောင့် **ဤ၌** ပဋ္ဌိစ္စဝါရ (ပ–ပဒု)၏ဟိတ်ပါဌ်၏သဘောအတိုင်းကောက်ရပေမည်။

(ပစ္စယဝါရ သဟဇာတပစ္စည်း ဒု–ပဒု) (= ပဋ္ဌိစ္စဝါရ အနုလုံ ဟိတ်ပါဌ် ပ–ပဒု)

သဟဇာတပစ္စည်း– ဟိတ်ပါဌ်သတ္တိ အားတပ်သော

ပဒါဝသာန	**ပစ္စည်း**	**ပစ္စယုပ္ပန်**
ဒု–ပဒု	ပဋ္ဌဝေါ– အကု–၁၂၊ စေ–၂၇ အစိတ်အပေါင်း နာ.န္ဓာ၊	အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်၊
	မဟာဘုတ် ၄–ပါး	အချင်းချင်းအားငှင်း၊ ဥပါဒါရုပ်အားငှင်း၊

"သဟဇာတပစ္စယာ"ဟူသောဟိတ်ပါဌ်၏အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါ ကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်–၁၂၊ စေတသိက်–၂၇ အစိတ်အပေါင်း နာမက္ခန္ဓာ။ အချင်းချင်း အားငှင်း၊ ဥပါဒါရုပ်အားငှင်းတပ်သော မဟာဘုတ်လေးပါးပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

www.dhammadownload.com

၃-ပဒ္	သဟနိ= သဟဇာတအတိုင်းကောက်		
	ဝုဋ္ဌိ	၀္၊ မနောဒွါ.ဇွန်း... -- ဟဒယဝတ္ထု၊	ပဋ္ဌော်-နောက်နောက်သော အကု-၁၂
		စုတိ.မှပြန်ရေ..၁၇. တူဉပါဒ် ဟဒယဝတ္ထု၊	မရဏာသန္နအခါ.... အကုဇော ၅-ချက်

"နိဿယပစ္စယာ"(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူသောဟိတ်ပါဠိ၏အရကား- အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌော်ကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အစိတ် နာမကွန္ဓာ။ အချင်းချင်းအားငှဲ့၊ ဥပါဒါရုပ်အားငှဲ့တပ်သော မဟာဘုတ်လေးပါးပစ္စည်းတရား တို့၏ **သဟဇာတနိဿယသတ္တိ။** (သဟဇာတတ္ထိသတ္တိ) (သဟဇာတအဝိဂတသတ္တိ)၊ ပဋ္ဌော်ကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်စိတ်-၁၂ အားတပ်သော ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအကုသိုလ်ဇော ၅-ချက် အားတပ်သော စုတိစိတ်မှပြန်၍ရသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **ပုရေဇာတနိဿယသတ္တိ** (ပုရေဇာတတ္ထိသတ္တိ)(ပုရေဇာတအဝိဂတသတ္တိ) ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဌာန)အားဖြင့် ကတ္တားသာတည်း။

၈။ (၃-တ၃) ၃တိယော တတိယ၃တိယသ = (၂-၀၂ရ)

☑⇉ ပစ္စယ၀ါရနှင့် နိဿယ၀ါရ ၂-**၀၂ရ** ဟော၏။ ∵ ကံပုဒ်=ပစ္စည်း=ရုပ်(ဘုံသတ်)ဟောသဖြင့်

အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပစ္စယာ.အသံကိလိဋ္ဌအသံကိလေသိကော စ အသံကိလိဋ္ဌ-သံကိလေသိကော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ။ ဝတ္ထုံ ပစ္စယာ အသံကိလိဋ္ဌအသံကိလေသိကာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

☜ သဟဇာတပစ္စယာအစား (နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတပစ္စယာ)ဟူ၍ ဟောပါသည်။

ပစ္စယ၀ါရ အနုလုံ ကတ္တား (သဟဇာတပစ္စည်း) *(အစိတ်အပေါင်း)*

ပဒါဝသာန		ကံ=ပစ္စည်း	၀ါရ	ကတ္တား=ပစ္စယုပ္ပန်
၅-၀၅	ဝုဋ္ဌိ	* ဂေါတြဘူ/ဝေါဒါန်/မဂ်/အနု. ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊	ဝိဘင်္ဂ/ပုဂ္ဂလဗြူဟ်	ပဋ္ဌော်- လောကုတ်-၈၊ အပွကြဉ်စေ-၃၆၊ အစိတ်အပေါင်း နာ.နွာ၊
		ရှေ့.စိတ္တက္ခဏ တစ်.ကာလ၌ဖြစ် ဟဒယဝတ္ထု၊		နိရောဓ-ထသောအခါ အနာ.အရူ.ဖိုလ်
	ဟနိ	ထို နာ.နွာ.ပြုအပ်သော မဟာဘုတ်		စိတ္တဇရုပ်၊

"၃တိယော တတိယ၃တိယသ"၌ "တတိယ၃တိယော ဓမ္မာ"ဟူသော **ကတ္တားပုဒ်**အရကား- ဂေါတြဘူ/ဝေါဒါန်/မဂ်/ အနုလုံ ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို **ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော** (မှီ၍ဖြစ်သော) ပဋ္ဌော်ကာရဘုံ၌ဖြစ်သောအခါ လောကုတ်-၈၊ အပွကြဉ်စေ-၃၆ အစိတ်အပေါင်း နာမကွန္ဓာ။ ရှေ့.စိတ္တက္ခဏတစ်ချက်ခန့်.ကာလ၌ဖြစ်သော **ဟဒယဝတ္ထု**ကို **ပုရေဇာတ-နိဿယပစ္စည်းပြု၍ဖြစ်သော** (မှီ၍ဖြစ်သော) နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်

www.dhammadownload.com

ပစ္စယုပွန်တရား ရ၏။ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို **သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော** စိတ္တဇရုပ် ပစ္စယုပွန်တရား ရ၏။

ဟိတ်ပါဌ်ကောက်ပုံ (ဒု-ပဒု)ကိုနည်းမှီရန် ⟶

သဟဇာတပစ္စည်း- (ဒု-တဒု)ဟိတ်ပါဌ်သတ္တိ အားတပ်သော

ပဒါဝသာန	ပစ္စည်း	ပစ္စယုပွန်
ဒု-တဒု	ပဋ္ဌဝေါ- လောကုတ်-၈၊ စေ-၃၆ အစိတ်အပေါင်း နာ.နွာ	အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်၊
	မဟာဘုတ် ၄-ပါး	အချင်းချင်းအားငှင်း၊ ဥပါဒါရုပ်အားငှင်း၊

"သဟဇာတပစ္စယာ"ဟူသောဟိတ်ပါဌ်၏အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါ ကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်-၁၂၊ စေတသိက်-၂၇ အစိတ်အပေါင်း နာမက္ခန္ဓာ။ အချင်းချင်း အားငှင်း၊ ဥပါဒါရုပ်အားငှင်းတပ်သော မဟာဘုတ်လေးပါးပစ္စည်းတရားတို့၏ **သဟဇာတသတ္တိ** ရ၏။
* ထိုနှစ်ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

⟹ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိ

ဒု-တဒု	သဟ	သဟနိ= သဟဇာတအတိုင်းကောက်	
	ပုရေနိ	* ဂေါတြဘူ/ဝေါဒါန်/မဂ်/အနု. ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊	ပဋ္ဌဝေါ- လောကုတ်-၈၊
		ရှေ့စိတ္တက္ခဏ ဟစ်.ကာလ၌ဖြစ် ဟဒယဝတ္ထု၊	နိရောဓသမာပတ်မှထသောအခါ အနာ.အရ.ဖိုလ်

"နိဿယပစ္စယာ" (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)ဟူသော ဟိတ်ပါဌ်၏အရကား-
(သဟဇာတအတိုင်းတွင်) **သဟဇာတနိဿယသတ္တိ** (သဟဇာတတ္ထိသတ္တိ) (သဟဇာတအဝိဂတသတ္တိ) ရ၏။
(ပုရေနိ) ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော လောကုတ်-၈ အားတပ်သော ဂေါတြဘူ/ ဝေါဒါန်/မဂ်/အနုလုံစသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**၊ နိရောဓသမာပတ်မှထသော အခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ် အားတပ်သော ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော **ဟဒယဝတ္ထု**၊ ပစ္စည်းတရားတို့၏ **ပုရေဇာတနိဿယသတ္တိ** ရ၏။
* ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဋ္ဌာန)အားဖြင့် ကတ္တားသာတည်း။
⟹ အတ္ထိနှင့် အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိကိုလည်း နိဿယပစ္စည်းအတိုင်း။

သဟကြီး ၄-ပစ္စည်း (ဒု)ပဒ ၅-ချက်

ပဒ-ပဒါဝသာန		ပဋ္ဌိစ္စ	သဟဇာတ	ပစ္စယ	နိဿယ	သံသဋ္ဌ	သမ္ပယုတ္တ	ဝါရ
၁။	ဒု-ဒု	✓	✓	✓	✓	✓	✓	၆
၂။	ဒု-ပ၊ ဒု-တ၊ ဒု-ပဒု၊ ဒု-တဒု			✓	✓			၂

www.dhammadownload.com

၉။ **(တ–တ) တတိယော တတိယဿ = (၆–ဝါရ)** *(ပါ.ပ–၄၄၂–ဟေတု ၌သာရှိ)*

၁။ (တ–တ) အသံကိလိဋ္ဌအသံကိလေသိကံ ဓမ္မံ ပဋိစ္စ အသံကိလိဋ္ဌအသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ အသံကိလိဋ္ဌအသံကိလေသိကံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ (၁)

☑ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတို့၏ ကတ္တားကောက်များ တူပါသည်။

ပဒါဝသာန	ကံ=ပစ္စည်း	ဝါရ	ကတ္တား=ပစ္စယုပ္ပန်
တ–တ	လောကုတ်–၈၊ စေ–၃၆၊ အစိတ်အစိတ် နာ.နွာ၊	၆–ဝါရ	လောကုတ်–၈၊ စေ–၃၆၊ အစိတ်အစိတ် နာ.နွာ၊

သဟဇာတပစ္စည်း– ဟိတ်ပါဠ်သတ္တိ

အားတဝ်သော

တ–တ	လောကုတ်–၈၊ အပွကြဉ်စေ–၃၆၊ အစိတ်အစိတ် နာ.နွာ၊	= အချင်းချင်း၊

≡> နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဠ်သတ္တိ

ပဒါဝသာန		ပစ္စည်း	ပစ္စယုပ္ပန်
တ–တ	သဟ	သဟနိ= သဟဇာတအတိုင်းကောက်	
	ဝါရ	* ဂေါတြဘူ/ဝေါဒါန်/မဂ်/အနု. ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊	ပဋ္ဌဝေါ– လောကုတ်–၈၊ အပွကြဉ်စေ–၃၆၊ အစိတ်အပေါင်း နာ.နွာ၊
		ရှေ့စိတ္တက္ခဏ တစ်.ကာလ၌ဖြစ် ဟဒယဝတ္ထု၊	နိရောဓသမာပတ်မှထသောအခါ အနာ.အရ.ဖိုလ်

	ပုရေဇိုပ်	မဇ္ဈိမာယုက. အတီဘွင်.ဥပါဒ်ပြိုင်.စက္ခုဝတ္ထု.. မရဏာသန္ဓအခါ....စက် (ပ) ကာယဝတ္ထု၊	စက်ဒွေ၊ (ပ) ကာဒွေ.၊ **10**
		ပဋ္ဌိသန္ဓေအစ.. ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊	ပဋ္ဌဝေါ– ကီကု–၁၇၊ (၄/၁၀ ကြဉ်) နောက်နောက်.. ကီဝိ ၁၈၊ ကြိ ၂၀၊
		ရှေ.စိတ္တက္ခဏ.၁–ချက်ခန့်.– ဟဒယဝတ္ထု၊	နိရောဓ. အနာဖိုလ်၊ အရ.ဖိုလ်၊
		စုတိ.ပြန်ရေ–၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	မရဏာ..အခါ– ပဋ္ဌဝေါဘွင်–၁၅၊ ဇွန်းဒွေ၊ စ္ဆိုင်းဒွေ၊ တီ–၃၊ ဝု၊ မရဏာသန္ဓ.ကြိဇော–၅၊ ရုံ၊ စုတိ၊

◉ **သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရ (ပဝတ္တိ)** နာမ်အတွက် ကောက်ရပါသည်။

www.dhammadownload.com

ပဋိသန္ဓေအခါ–

ဟောမြဲပါဋိတော်+ထူး ☞ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

ပဋိသန္ဓိကွဏေ အသံကိလိဋ္ဌသံကိလေသိကံ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ၊ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။ ကဋတ္တာ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။ ဝတ္ထု ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကောက်မြဲကတ္တားကောက်(ဘုံသတ်)

ဟိတ်ပါဠ်သတ္တိ အားတပ်သော

ပဒါဝသာန			ပစ္စည်း	ပစ္စယုပွန်
ဒု–ဒု	၀ဟ္ဒ	သဟ	ပဋ္ဌဝေါ–ပဋိ–၁၅၊ စေ–၃၅ အစိတ်အပေါင်း နာ.နွာ၊	သမ္ပယုတ္တခန္ဓာ၊ ကဋတ္တာရုပ်
			ပဋ္ဌဝေါ–ပဋိ–နာ.နွာ၊ ဟဒယဝတ္ထု၊	= အချင်းချင်း

သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရ (ပဋိသန္ဓေ) (နာမ်သာဟော)

ရုပ်သက်သက် **ဟောမြဲပါဋိတော်+ထူး** ☞ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

☑ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ် ၂–မျိုး သာရပါသည်။

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ကဋတ္တာ ရူပံ၊ ဥပါဒါ ရူပံ။ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကောက်မြဲကတ္တားကောက်(ဘုံသတ်)

ဟိတ်ပါဠ်သတ္တိ အားတပ်သော

ဒု–ဒု	၀ဟ္ဒ	သဟ	ပဋ္ဌဝေါ– အရူပဝိ–၄၊ ဒွေ–၁၀၊ ရဟန္တာ.စုကြဉ် ကု,အကု,ဝိ,ကြီ၊ အစိတ်အပေါင်း နာ.နွာ၊	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊

ဝတ္ထုကံ ☞ ပစ္စယ၊ နိဿယ (၂–ဝါရ)

ဟောမြဲပါဋိတော်+ထူး **ကောက်မြဲကတ္တားကောက်(ဘုံသတ်)**

စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ၊ သောတာယတနံ ပစ္စယာ သောတဝိညာဏံ၊ ဃာနာယတနံ ပစ္စယာ ဃာနဝိညာဏံ၊ ဇိဝှာယတနံ ပစ္စယာ ဇိဝှါဝိညာဏံ၊ ကာယာယတနံ ပစ္စယာ ကာယ–ဝိညာဏံ။ ဝတ္ထုံ ပစ္စယာ အသံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ။ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။

ဟိတ်ပါဠ်သတ္တိ ➡ **ဒု–ဒု ပဝတ္တိ**အတိုင်းတွင်– ပုရေဇာတဝိပ္ပယုတ္တသတ္တိကိုသာ ကောက်ရပါမည်။
– စိတ္တဇရုပ်နှင့်မဆိုင် သဟဇာတဝိပ္ပယုတ္တကို မဟောရပါ။

(ဝတ္ထုရုပ်သည် စိတ္တဇရုပ်ထဲတွင်မရှိ၊ ကမ္မဇရုပ်နှင့်သာဆိုင်၏။)

www.dhammadownload.com

၅။ (ဒု-ပ) ဒုတိယော ပထမသ = (၂-ဝါရ)

⊙ ⊙ **ဟောမြဲပါဋိတော်+ထူး** ☞ ပစ္စယ၊ နိဿယ (၂-ဝါရ)

ဝတ္ထုံ၊ ပစ္စယာ သံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ၊ ဝတ္ထုံ၊ ဝိပ္ပယုတ္တပစ္စယာ။

⊙ **ကောက်မြဲကတ္တားကောက်(ဘုံသတ်)**

⊙ **ဟိတ်ပါဋ္ဌသတ္တိ-** (ပ-ပ)မှာ **ဘုံသတ်ပြီး** ကောက်ပါသည်။

၆။ (ဒု-တ) ဒုတိယော တတိယသ = (၂-ဝါရ)

⊙ ⊙ **ဟောမြဲပါဋိတော်+ထူး** ☞ ပစ္စယ၊ နိဿယ (၂-ဝါရ)

ဝတ္ထုံ၊ ပစ္စယာ အသံကိလိဋ္ဌအသံကိလေသိကာ ခန္ဓာ၊ ဝတ္ထုံ၊ ဝိပ္ပယုတ္တပစ္စယာ။

⊙ **ကောက်မြဲကတ္တားကောက်(ဘုံသတ်)**

⊙ **ဟိတ်ပါဋ္ဌသတ္တိ-** (တ-တ)မှာ **ဘုံသတ်ပြီး** ကောက်ပါသည်။

၇။ (ဒု-ပဒု) ဒုတိယော ပထမဒုတိယသ = (၂-ဝါရ)

⊙ **ဟောမြဲပါဋိတော်+ထူး** ☞ ပစ္စယ၊ နိဿယ (၂-ဝါရ)

ဝတ္ထုံ၊ ပစ္စယာ သံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။ ခန္ဓာ ဝတ္ထုံ၊ ဝိပ္ပယုတ္တပစ္စယာ။ စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

⊙ **ကောက်မြဲကတ္တားကောက်(ဘုံသတ်)**

⊙ **ဟိတ်ပါဋ္ဌသတ္တိ-** (ပ-ပဒု)မှာ **ဘုံသတ်ပြီး** ကောက်ပါသည်။

၈။ (ဒု-တဒု) ဒုတိယော တတိယဒုတိယသ = (၂-ဝါရ)

⊙ **ဟောမြဲပါဋိတော်+ထူး** ☞ ပစ္စယ၊ နိဿယ (၂-ဝါရ)

ဝတ္ထုံ၊ ပစ္စယာ အသံကိလိဋ္ဌအသံကိလေသိကာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။ ခန္ဓာ ဝတ္ထုံ၊ ဝိပ္ပယုတ္တပစ္စယာ။ စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

⊙ **ကောက်မြဲကတ္တားကောက်(ဘုံသတ်)**

⊙ **ဟိတ်ပါဋ္ဌသတ္တိ-** (တ-တဒု)မှာ **ဘုံသတ်ပြီး** ကောက်ပါသည်။

၉။ (တ-တ) တတိယော တတိယသ = (၆-ဝါရ)

⊙ **ဟောမြဲပါဋိတော်+ထူး** ⊙ **ကောက်မြဲကတ္တားကောက်(ဘုံသတ်)**

ဟိတ်ပါဋ္ဌသတ္တိ

အားတပ်သော

ပဒါဝသာန		ပစ္စည်း	ပစ္စယုပွန်
၆-၆	ပုဒ္ဓေန	* ဂေါတြဘူ/ဝေါဒါန်/မင်္ဂ/အနု. ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊	ပဋ္ဌဝေါ- လောကုတ်-၈၊
		ရှေ့စိတ္တက္ခဏ တစ်.ကာလဋ္ဌဖြစ် ဟဒယဝတ္ထု၊	နိရောသေမာပတ်မှထသောအခါ အနာ.အရ.ဖိုလ်

www.dhammadownload.com

၁၀။ (တ–ဒု) တတိယော ဒုတိယဿ = (၄–၀၊၅)

ဟောမြွပါဠိတော်+ထူး ကောက်မြွကတ္တားကောက်(ဘုံသတ်)

ဟိတ်ပါဠိသတ္တိ အားတဝ်သော

ပဒါဝသာန		ပစ္စည်း	ပစ္စယုပ္ပန်
ဒု–၆	ဝိဘ–၃	ပဋ္ဌဝေါ...အဓါ– လောကုတ်–၈၊ စေ–၃၆၊ အစိတ်အပေါင်း နာ.နှာ	စိတ္တဇရုပ်

၁၁။ (တ–တဒု) တတိယော တတိယဒုတိယဿ = (၄–၀၊၅)

ဟောမြွပါဠိတော်+ထူး ကောက်မြွကတ္တားကောက်(ဘုံသတ်)

ဟိတ်ပါဠိသတ္တိ အားတဝ်သော

တ–ဝိဘ–၃	သဟ	ပဋ္ဌဝေါ...အဓါ– လောကုတ်–၈၊ စေ–၃၆၊ အစိတ်အပေါင်း နာ.နှာ	စိတ္တဇရုပ်
	ဟိတ္ထဿ	* ဂေါတြဘူ/ဝေါဒါန်/မဂ်/အနု. ရှေးရှေးသော စိတ်နှင့်အတူဉပါဒ်သော ဟဒယဝတ္ထု၊	ပဋ္ဌဝေါ– လောကုတ်–၈၊
		ရှေ့စိတ္တက္ခဏ တစ်.ကာလ၌ဖြစ် ဟဒယဝတ္ထု၊	နိရောဓသမာပတ်မှထသောအဓါ အနာ.အရူ.ဖိုလ်

၁၂။ (တဒု–တ) တတိယဒုတိယော တတိယဿ = (၂–၀၊၅)

ဟောမြွပါဠိတော်+ထူး ကောက်မြွကတ္တားကောက်(ဘုံသတ်) ဟေ့ ပစ္စယ၊ နိဿယ (၂–၀၊၅)

အသံကိလိဋ္ဌအသံကိလေသိက် ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ၊ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။

ဟိတ်ပါဠိသတ္တိ– (တ–တ)မှာ ဘုံသတ်ပြီး ကောက်ပါသည်။

၁၃။ (တဒု–ဒု) တတိယဒုတိယော ဒုတိယဿ = (၄–၀၊၅)

ဟောမြွပါဠိတော်+ထူး ဟေ့ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–၀၊၅)

အသံကိလိဋ္ဌအသံကိလေသိကော ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကောက်မြွကတ္တားကောက်(ဘုံသတ်)

ဟိတ်ပါဠိသတ္တိ– (တ–ဒု)မှာ ဘုံသတ်ပြီး ကောက်ပါသည်။

www.dhammadownload.com

၁၄။ (တဒု–တဒု) တတိယဒုတိယော တတိယဒုတိယသ = (၂–ဝါရ)

ဟောမြဲပါဋိတော်+ထူး **ကောက်မြဲကတ္တားကောက်(ဘုံသတ်)** ၸ ပစ္စယ၊ နိဿယ (၂–ဝါရ)

အသံကိလိဋ္ဌအသံကိလေသိကံ ဧကံ ခန္ဓဥ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ။ အသံကိလိဋ္ဌအသံကိလေသိကေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။ စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကောက်မြဲကတ္တားကောက်(ဘုံသတ်)

ဟိတ်ပါဋ္ဌသတ္တိ– (တ–တဒု)မှာ **ဘုံသတ်ပြီး** ကောက်ပါသည်။

၁၅။ (ပဒု–ပ) ပထမဒုတိယော ပထမသ = (၂–ဝါရ)

ဟောမြဲပါဋိတော်+ထူး **ကောက်မြဲကတ္တားကောက်(ဘုံသတ်)** ၸ ပစ္စယ၊ နိဿယ (၂–ဝါရ)

သံကိလိဋ္ဌသံကိလေသိကံ ဧကံ ခန္ဓဥ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ၊ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။

ဟိတ်ပါဋ္ဌသတ္တိ– (ပ–ပ)မှာ **ဘုံသတ်ပြီး** ကောက်ပါသည်။

၁၆။ (ပဒု–ဒု) ပထမဒုတိယော ဒုတိယသ = (၄–ဝါရ)

ဟောမြဲပါဋိတော်+ထူး ၸ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

သံကိလိဋ္ဌသံကိလေသိကေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကောက်မြဲကတ္တားကောက်(ဘုံသတ်)

ဟိတ်ပါဋ္ဌသတ္တိ– (ပ–ဒု)မှာ **ဘုံသတ်ပြီး** ကောက်ပါသည်။

၁၇။ (ပဒု–ပဒု) ပထမဒုတိယော ပထမဒုတိယသ = (၂–ဝါရ)

ဟောမြဲပါဋိတော်+ထူး **ကောက်မြဲကတ္တားကောက်(ဘုံသတ်)** ၸ ပစ္စယ၊ နိဿယ (၂–ဝါရ)

သံကိလိဋ္ဌသံကိလေသိကံ ဧကံ ခန္ဓဥ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ။ သံကိလိဋ္ဌသံကိလေသိကေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။ စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကောက်မြဲကတ္တားကောက်(ဘုံသတ်)

ဟိတ်ပါဋ္ဌသတ္တိ– (ပ–ပဒု)မှာ **ဘုံသတ်ပြီး** ကောက်ပါသည်။

↗ (ကြီးငယ်သဟ၊ ဝိပ်သခ်္ပ၊ ၉–၁၇–၃ ပင်။) ↖ ဝိပ္ပယုတ္တ ပြီး၏။

www.dhammadownload.com

ဆဝါရ အနုလုံ ဟိတ်ပါဋ္ဌဂကောက်မှတ်ပွယ်များ

* ဆဝါရဟိတ်ပါဋ္ဌသတ္တိကို ပဋ္ဌာဝါရကကောက်ခဲ့သော ကတ္တားပုဒ်များကိုပင် ဤဌ ဆိုင်ရာသတ္တိကို ကောက်ရပါသည်။
* မျိုးကွဲရှိသောပစ္စည်းဖြစ်လျှင် ၎င်းတို့၏ ပစ္စယုပ္ပန်တရားကို ကြည့်၍ကောက်၏။
* *[အာပုနှင့် ပဋ္ဌာကို ဤဆဝါရတွင် ကာလရောမှု, သတ္တိထူးခြားမှုတို့ကြောင့် မကောက်ရပါ။]*

သံကိလိဋ္ဌတိက် ဆဝါရအနုလောမ ပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

၅။ သံကိလိဋ္ဌတိက်

ပဒ	ပါဠိတော် / အနက်	အဘိဓေယျဓမ္မ	သင်္ဂဟိတ				ဝိမုတ်
			ခန်	အာ	ဓာ	သစ်	
ပ	**သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။** ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာ ထိုက်ကုန်သော၊ ✲။	အကု ၁၂၊ စေ ၂၇၊	၄	၂	၂	၂	-
ဒု	**အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။** ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာ ထိုက်ကုန်သော၊ ✲။	ကိကု ၁၇၊ ကိဝိ ၃၂, ကြိ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊	၅	၁၂	၁၈	၁	-
တ	**အသံကိလိဋ္ဌအသံကိလေသိကာ ဓမ္မာ။** ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်း မဟုတ်၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာထိုက်သည်လည်း မဟုတ်ကုန်သော၊ ✲။	လောကုတ် ၈၊ အပ္ပကြဉ်စေ ၃၆၊ နိဗ္ဗာန်၊	၄*	၂	၂	၂	၂၉-၃၇
	အာဒိလဒ္ဓ /နိပ္ပဒေသ						*(ဟီနတိက်နှင့် တူ၏။)*

(✲ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန်၊ ရှိကုန်၏။)

www.dhammadownload.com

ဆဝါရ ဝိဘင် ပစ္စနိုက်

ပစ္စနိုက်(ဆဝါရ)သရုပ်ပြဝါရ သုဒ္ဓ

နှစ်	ဒုက	ဝဏ္ဏ	ဒုက	ဒုက	ဒဏ္ဍ	ဥပ	ဝဏ္ဏ	ဃ	ဥ	ဒဏ္ဍ	ဒုက	ဒဏ္ဍ	ဝဏ္ဏ	ဥပ	ဒဏ္ဍ	ဒဏ္ဍ	ဒဏ္ဍ	ဒဏ္ဍ	ဒဏ္ဍ	ဒဏ္ဍ	ဒဏ္ဍ	ဒဏ္ဍ
၂	၁	၆	၁	၁	×	၁	×	၁	၇	၉	၉	၃	၉	၁	၁	၁	၁	၁	၃	×	၁	၁	×
၄	၁	၈	၁	၁	×	၁	×	၁	၇	၁၇	၁၇	၇	၁၇	၁	၁	၁	၁	၁	၃	×	၁	၁	×
၂	×	၃	×	×	×	×	×	×	၃	၃	၃	၃	၃	×	×	၁	၁	×	၃	×	×	×	×

ဟာ,ကွဲ,စ္ဆာန်,မင်္ဂ၊ ဇော်ထွက်၊ နဟေတုနေ၊ ဒွေ,စက်,ဒွေနှင့် ဝိပ္ပယုတ္တေ၊ တိသုံးထွေ၊ ပစ်,သေ,ဝိပါကေ အပြည့်နေ(၉-၁၇-၃)၊ နာမ် ဆ,ဋ္ဌ,တိ၊ ပုရေ့သတ္တ,သတ္တ,တိ၊ ကမ္မေ တိသတ်တိ၊ အနန်း၊ဝ၊ အာ,သမ်,ညှ၊ ပဋ္ဌ-ပဋ္ဌ သိ။

နဟေတုယာ ဒွေ စတ္တာရိ ဒွေ၊ နအာရမ္မဏော ပဋ္ဌ ပဋ္ဌ၊ နအဓိပတိယာ ဆ အဋ္ဌ တီဏိ၊ နအနန္တရေ ပဋ္ဌ ပဋ္ဌ၊ နသမနန္တရေ ပဋ္ဌ ပဋ္ဌ၊ နအညမညေ ပဋ္ဌ ပဋ္ဌ၊ နဥပနိဿယေ ပဋ္ဌ ပဋ္ဌ၊ နပုရေဇာတေ သတ္တ သတ္တ တီဏိ၊ နပစ္ဆာဇာတေ နဝ သတ္တရသ တီဏိ၊ နအာသေဝနေ နဝ သတ္တရသ တီဏိ၊ နကမ္မေ တီဏိ သတ္တ တီဏိ၊ နဝိပါကေ နဝ သတ္တရသ တီဏိ၊ နအာဟာရေ ဧကံ ဧကံ၊ နက္ကန္ဒြိယေ ဧကံ ဧကံ၊ နစျာနေ ဧကံ ဧကံ ဧကံ၊ နမဂ္ဂေ ဧကံ ဧကံ ဧကံ၊ နသမ္မယုတ္တေ ပဋ္ဌ ပဋ္ဌ၊ နဝိပ္ပယုတ္တေ တီဏိ တီဏိ တီဏိ၊ နောနတ္ထိယာ ပဋ္ဌ ပဋ္ဌ၊ နောဝိဂတေ ပဋ္ဌ ပဋ္ဌ။

ဆဝါရ၌ ရသင့်သောသရုပ်များ ၆-ပဒ(၁၇-ချက်)

ဝါရ	ဥဒ္ဓါ	(ပ)ပဒ-၃			(ဒု)ပဒ-၅					(တ)-၃			(တဒု)-၃			(ပဒု)-၃		
		ပ			ဒု					တ			တဒု			ပဒု		
		၁	၈	ဒ္ဓ	၈	၁	၆	ဒ္ဓ	၆	၆	၈	၆	၆	၈	၆	၁	၈	ဒ္ဓ
ပဋိစ္စ/သဟ	၉	✓	✓	✓	✓					✓	✓	✓		✓			✓	
ပစ္စယ/နိ	၁၇	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓	✓
သံသဋ္ဌ/သမ်	၃	✓			✓					✓								

ပဋ္ဌာန်းပါရဂူကျမ်း နောက်ဆက်တွဲ စာ-၂၀၆

သဗ္ဗညုတညာဏ်တော်၏သာ ကျက်စားရာဖြစ်သော ပဋ္ဌာန်းတရားတော်ကြီးသည် မူလပင်ကိုယ် သဘောအားဖြင့်ပင် လွန်စွာခက်ခဲ,နက်နဲ,သိမ်မွေ့သော တရားတော်ကြီး ဖြစ်၏။ ပေယျာလပေါင်း များပြားလှစွာဖြင့် ပေထက်,ကျောက်ထက်သို့ သင်္ဂီယနာ တင်ထားတော်မူခဲ့ပါသည်။

ဤမျှထုတ်ဖော်မှု ခက်ခဲလှသော ပေယျာလများကို သင်္ဂီယနာတင်အရှင်မြတ်တို့က ဤ(ပ)တွေ (လ)တွေသည် ငါ့ရှင်တို့၏အရာအဟုတ်, ငါ့ရှင်တို့နှင့်မဆိုင်, ဘုရားမဟော- ဤအတိုင်းပင်ထား လိုက်ကြဟု လုံးဝမှာထား မိန်ဆိုတော်မမူကြဘဲ အကြိမ်ပေါင်းများစွာ "ဝိတ္ထာရေတဗ္ဗံ"ဟူ၍ငင်း၊ "ပဋိစ္စဝါရမ္ပိ ပစ္စယဝါရမ္ပိ သံသဋ္ဌဝါရမ္ပိ ဝိတ္ထာရေတဗ္ဗံ၊ ပဉ္ဉာဝါရမ္ပိ ဝိတ္ထာရေတဗ္ဗံ"ဟု ထိုပေယျာလများကို မြတ်စွာဘုရား ပေးတော်မူသောနည်းကိုမီး၍ သိနားလည်ကြ, ထုတ်တတ်ကြရန် မှာထားတော်မူခဲ့ကြ၏။

www.dhammadownload.com

သံကိလိဋ္ဌတိက် ဆဝါရဝိဘင်် ပစ္စနိက် သုဒ္ဓသဒ္ဒ်ာ ဖြစ်လာပုံ

* အနုလုံမှကျန်သောတရားများ၊ ပစ္စယုပ္ပန်နှင့်ဆန့်ကျင်ဘက်ဖြစ်သောတရားများသည် ပစ္စနိက်တရားများ ဖြစ်ကြပါသည်။ ကျန်ပုံကား-

အနုလုံ-ဟောတုတွင် မောဟမူဒွေ၌မောဟကိုကြဉ်၍ → ပစ္စနိက်တွင် ၎င်းမောဟကိုရ၏။

အနုလုံတွင် သဟိတ်နာမ်ကိုရ၍ → ပစ္စနိက်တွင် အဟိတ်နာမ်ကိုရ၏။

အနုလုံတွင် သဟိတ်ရုပ်ကိုရ၍ → ပစ္စနိက်တွင် အဟိတ်ရုပ်ကိုရ၏။

ဤသို့ အနုလုံ-ပစ္စယုပ္ပန်မှကျန်သောတရားများသည် ပစ္စနိက်ဖြစ်လာကြောင်းကြံဆရပါသည်။

ပစ္စည်း	သံကိလိဋ္ဌတိက် ဆဝါရ-ပစ္စနိက်-သုဒ္ဓသဒ္ဒ်ာ (ပစ္စယုပ္ပန်)		
နဟေတု	မောဒွေမော၊ အဟိတ်-ပဝတ္တိ,ပဋ္ဌိ နာ.နွာ-၄	အဟိတ်-စိဇ (ပ) ပဝတ္တိ.ကမ္မဇ	၂.၄၂
နအာ 7	×	ရုပ်စုံ 7	၅.၅
နာဓိ	ဓိ.ရခါ-ဓိကိုယ်၊ ဓိ.မရခါ- အကု-၁၂, အဟိတ်ကြီ, မဟာကု,ကြီ, လောကီဝိ-ပဝတ္တိ,ပဋ္ဌိ နာ.နွာ-၄	**နိရာဓိပတိစိဇ,** ပဋ္ဌိကမ္မဇ ဗာ (ပ) ပဝတ္တိ.ကမ္မဇ	၆.၈.၃
နသဟ 4	×	×	×
နည	×	နံခံထောက်-စိဇ၊ ဟ.မှတပါး-ပဋ္ဌိကမ္မဇ ဘုတ်ထောက်-စိတ္တဇဥပါဒါ, ပဋ္ဌိကမ္မဇဥပါဒါ (ပ) ပ.ကမ္မဇဥပါဒါရုပ်	၅.၅
နပုရေ	အရူဝိ-၄ ပ,ဋ္ဌိ နာ.နွာ-၄။ အရူဘုံဖြစ် လောမူ,မောမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကု,ကြီ၊ အရူပကု,ကြီ၊ **ထက်မင်-၃, ဖိုလ်-၄၊ ပဋ္ဌ.ပဋ္ဌိ**-နာ.နွာ-၄	ရုပ်စုံ 7	၇.၇.၃
နပစ္ဆာ	အလုံးစုံ ပဝတ္တိ,ပဋ္ဌိ နာ.နွာ-၄ (နာမ်ကုန်)	(ရုပ်ကုန်) ရုပ်စုံ 7	၉.၁၇.၃
နာသေ	အကု-၁၂,ဟသိ, မဟာကု,ကြီ **ပ-ဇော** အာဝဇ္ဇန်းဒွေ၊ ဝိ-၃၆ ပဝတ္တိ,ပဋ္ဌိ နာ.နွာ-၄	ရုပ်စုံ 7	။
နကမ္မ	**ကု,အကု,ကြီ စေတနာ**	**ဗာ, ဟာ, ဥ**	၃.၇.၃
နဝိပါက	**ကု,အကု,ကြီ နာ.နွာ**	ကု,အကု,ကြီ.ပြု-စိတ္တဇ၊ ဗာ(ပ)ပဝတ္တိကမ္မဇ	၉.၁၇.၃
နဟာ	×	ဗာ၊ဥ အသည.ကမ္မဇ၊ ပ.ကမ္မဇ 4	၁.၁
နဣန္ဒြိယ	×	ဗာ.ဟာ.ဥ သညသတ်ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ	။
နဈာန	ဒွေပဋ္ဌဝိညာဉ်-၁၀ နာ.နွာ-၄	ဗာ၊ (ပ) ပဝတ္တိ.ကမ္မဇ 5	၁.၁.၁
နမဂ္ဂ	**အဟိတ်** ပဝတ္တိ,ပဋ္ဌိ နာ.နွာ-၄	အဟိတ် စိတ္တဇ (ပ) ပဝတ္တိ.ကမ္မဇ	၁.၁.၁
နဝိပ္ပယုတ္တ	အရူဝိ-၄ ပ,ဋ္ဌိ နာ.နွာ-၄။ အရူဘုံဖြစ် လောမူ၊ မောမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကု,ကြီ၊ အရူပကု,ကြီ၊ **ထက်မင်-၃, ဖိုလ်-၄ နာ.နွာ**	ဗာ၊ (ပ) ပဝတ္တိ.ကမ္မဇ 5	၃.၃.၃

ရုပ်စုံ 7 = စိတ္တဇရုပ်၊ ပဋ္ဌိသန္ဓေကမ္မဇရုပ်/ဗာ၊ ဟာ၊ ဥတုဇရုပ်/အသညသတ်ကမ္မဇရုပ်/ပဝတ္တိကမ္မဇရုပ်၊

www.dhammadownload.com

နဟေတုပစ္စည်း

နဟေတုပစ္စည်း သုဒ္ဓသင်္ချာ

ပစ္စည်း	(နာမ်) ဆဝါရ-ပစ္စနိက်-သုဒ္ဓသင်္ချာ	(ရုပ်)	
နဟေတု	မောဟမူဒ္ဒေဋ္ဌ မောဟ၊ အဟိတ်ပဝတ္တိ,ပဋိသန္ဓေ နာမကမ္မန္တာလေးပါး၊	အဟိတ်စိတ္တဇရုပ်၊ (ပ) ပဝတ္တိကမ္မဇရုပ်၊	၂-၄-၂

နဟေတုပစ္စည်း၏ **သုဒ္ဓသင်္ချာဝါရ်** မောဟမူဒ္ဒေဋ္ဌ မောဟ၊ အဟိတ်ပဝတ္တိ,ပဋိသန္ဓေ နာမကမ္မန္တာ ၄-ပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နဟေတုယာ ဒွေ၊ စတ္တာရိ၊ ဒွေ-ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဒွေဟူသော်ကား- ပ-ပ၊ / ဒု-ဒု၊ ဟူသည်တည်း။

စတ္တာရိဟူသော်ကား- ပ-ပ၊ / ဒု-ဒု၊ ဒု-ပ/ ပဒု-ပ ဟူသည်တည်း။

ဒွေဟူသော်ကား- ပ-ပ၊ ဒု-ဒု၊ ဟူသည်တည်း။

သုဒ္ဓသင်္ချာအရကို သရုပ်ခွဲလျှင်

⇉ **ဒွေ** မောဟမူဒ္ဒေဋ္ဌရှိသောမောဟသည် အကုသိုလ်ဖြစ်၍ (ပ-ပ)
ကျန်တရားများသည် အဗျာကတဖြစ်၍ (ဒု-ဒု)

❖ **စတ္တာရိ-** မောဟမူဒ္ဒေဋ္ဌ မောဟကြောင့် (ဒု-ပ) (ပဒု-ပ) ထပ်ရပါသည်။

◉ **ပစ္စနိက်ပါဠိတော်ဟောပုံ-** သုဒ္ဓသင်္ချာကိုကြည့်၍ သဒ္ဒါ-အထူးတို့ကို သရုပ်နှင့်အညီ ထည့်၍ဟော။

၁။ **(ပ-ပ) ပထမော ပထမဿ = (၆-ဝါရ)** *(ပ-၄၄၃)*

၁။(ဖ-ဖ) သံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋိစ္စ သံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ။ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။ (၁)

ကတ္တားကောက် *(အစိတ်အပေါင်း)*

ပဒါဝယန	ကံ=ပစ္စည်း	ဝါရ	ကတ္တား=ပစ္စယုပ္ပန်
ပ-ပ	ဝိစိကိစ္ဆာသဟဂုတ်၊ ဥဒ္ဓစ္စသဟဂုတ်၊ စေ-၁၄ အစိတ်အပေါင်း နာ.နှာ၊	၆-ဝါရ	ဝိစိကိစ္ဆာသဟဂုတ်၊ ဥဒ္ဓစ္စသဟဂုတ်ရှိ **မောဟ**၊

"နဟေတုပစ္စယာ"ဟူသော **ဟိတ်ပါဠိ**၏အရကား ဟေတု၊ အဓိပတိ၊ ပစ္ဆာဇာတ၊ ဝိပါက ဤ ၄-ပစ္စည်းမှတပါး ၂၀-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

* ထိုနှစ်ပါးတို့တွင် အရကား ပဓာန(ပဌာန)အားဖြင့် ကတ္တားသာတည်း။

(ဟေ-ဓိ-ဝိ ၃-ပစ္စည်းတို့၏ပစ္စယုပ္ပန်၌ မောဒွေမော၊ မရှိသောကြောင့် ကြဉ်ရပါသည်။)

(ပွန်တွင်➡ နဟေဖြစ်၍ ဟေ-မဆိုင်။ ဇကဟိတ် ဓိ-မဆိုင်။ ဝိပါက်စိတ်မရှိ၍ ဝိ-မဆိုင်၊)

www.dhammadownload.com

၂။ (ခု-ခု) **ခုတိယော ခုတိယဿ** = (၆-ဝါရ)

အဟိတ်ဝိပါက်၊ အဟိတ်ကြိယာ နာမကွန်ရှာများသာရသဖြင့် ယောမြဲပါဠိတော်တွင် **"အယောတုကံ"** သဒ္ဒါထည့်၍ ဟောရပါသည်။

◉ **ပဝတ္တိ-ပါဠိတော်** ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)
သံသဋ္ဌ/သမ္မယုတ္တဝါရတို့တွင် နာမ်သက်သက်သာဟောရန်

၂။(ခု-ခု) အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋိစ္စ အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ နယောတုပစ္စယာ။ အသံကိလိဋ္ဌသံကိလေသိကံ <u>အယောတုကံ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ</u> ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။

ကတ္တားကောက်(ပဝတ္တိ)

ပဒါဝယာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
ခု-ခု	ပဋ္ဌဝေါ- အဟိတ်-၁၈၊ ဆန္ဒကြွင်းအညသမာန်း၈-၁၂ အစိတ်စိတ် အစိတ်အပေါင်း နာ.နွာ၊	၄-ဝါရ	= ထိ. နာ.နွာပြု-စိတ္တဇရုပ်၊

"နယောတုပစ္စယာ"ဟူသော **ဟိတ်ပါဠိ**၏အရကား ဟေတု၊ အဓိပတိ၊ ပစ္ဆာဇာတ၊ မဂ္ဂ ဤ ၄-ပစ္စည်းမှ တပါး ၂၀-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

*(အဟိတ်ဖြစ်သောကြောင့် ဟေ-ဓိ-မဂ် ၃-ပစ္စည်းတို့**မရပါ**။ ဝိပါက်ပါလာ၍ ဝိ ရပါသည်။)*

◉ **ပဋိသန္ဓေအခါ-ပါဠိတော်** ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)
သံသဋ္ဌ/သမ္မယုတ္တဝါရတို့တွင် နာမ်သက်သက်သာဟောရန်

<u>အယောတုက</u> **ပဋိသန္ဓိက္ခဏေ** ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ။ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။

ကတ္တားကောက်(ပဋိသန္ဓေ)

ခု-ခု	အဟိတ်ပဋိသန္ဓေ-၂၊ ဆန္ဒ,ပိတိ,ဝိရိယကြွင် အညသမာန်း ၈-၁၀၊ အစိတ်အစိတ် အစိတ်အပေါင်း နာ.နွာ၊ **ဟဒယဝတ္ထု**၊	၄-ဝါရ	= **ကဋတ္တာရုပ်**၊

"နယောတုပစ္စယာ"ဟူသော **ဟိတ်ပါဠိ**၏အရကား ဟေတု၊ အဓိပတိ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန၊ မဂ္ဂ ဤ ၆-ပစ္စည်းမှတပါး **၁၈**-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

*(**အဟိတ်**များမရသော **ဟေ-ဓိ-မဂ်**နှင့် **ပဝတ္တိ**အခါသာဖြစ်သော **ပု-သေ** မရသဖြင့် = **၅**-ပစ္စည်း**မရ**။)*

◉ **ရုပ်သက်သက်-ပါဠိတော်** ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊

www.dhammadownload.com

ကဋ္ဌတ္တာ ရူပံ၊ ဥပါဒါ ရူပံ။ **ဗာဟိရံ**။ပ။ **အာဟာရသမုဋ္ဌာနံ**။ပ။ **ဥတုသမုဋ္ဌာနံ**။ပ။ **အသညသတ္တာနံ** ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ကဋ္ဌတ္တာရူပံ ဥပါဒါရူပံ။

နဟေတုပစ္စည်း၌ အဟိတ်စိတ္တဇရုပ်အစရှိသောအားဖြင့် ရုပ် ၇-မျိုးလုံးရပါသည်။
(အနုလုံတွင် ရုပ် ၇-မျိုးလုံးရသော သဟဇာတပစ္စည်း၏ (မြဲ)ပါဋိနှင့် အတူတူပင် ဖြစ်ပါသည်။)
ကတ္တားကောက်- စိတ္တဇရုပ်အစား အဟိတ်စိတ္တဇရုပ်၊
ပဋိသန္ဓေကမ္မဇရုပ်အစား အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ကောက်ရပါမည်။

ကတ္တားကောက်- (ရုပ်သက်သက်)

ပဒါဝသာန	**ကံ=ပစ္စည်း**	ပဋိစ္စ	**ကတ္တား=ပစ္စယုပွန်**
၃-၃	**ပဥ္စဝေါ**-ဒွေပဥ္စဝိညာဉ်-၁၀ ကြဉ်သော**အဟိတ်**ဝိ,အဟိတ်ကြီ နာ.နွာတို့သည် ယထာပြုအပ် အဟိတ်စိတ္တဇမဟာဘုတ်၊	(၄-ဝါရ)	ဘုတ်နှင့်တကွသော **အဟိတ်**စိတ္တဇဥပါဒါရုပ်၊
	အဟိတ်ပဋိ-၂ နှင့်ယထာအတူဥပါဒ်သော အဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်၊		အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ်
	ဗာဟိရမဟာဘုတ်၊ အာ..၊ ဥ..၊ ညကံဇ..၊ ပဝတ္တိကမ္မဇမဟာဘုတ်၊		ဗာဟိရဥပါဒါရုပ်၊,ဟာ..,ဥ.. ညကံ..,ပဝတ္တိကမ္မဇဥပါဒါရုပ်၊

"နဟေတုပစ္စယာ"ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၁-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ဝတ္ထုကံ ဟောမြဲပါဋိတော်၊ ၈ ပစ္စယ၊ နိဿယ (၂-ဝါရ)

စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ၊ သောတာယတနံ ပစ္စယာ သောတဝိညာဏံ၊ ဃာနာ-ယတနံ ပစ္စယာ ဃာနဝိညာဏံ၊ ဇိဝှာယတနံ ပစ္စယာ ဇိဝှါဝိညာဏံ၊ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ။ ဝတ္ထုံ ပစ္စယာ <u>အဟေတုကာ</u> အသံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ။

ပစ္စယဝါရ အနုလုံ ကတ္တားကောက် ၅+(ပဋိ/ ဝု.မ/ နိ/ စုတိ)

ပဒါဝသာန		**ကံ=ပစ္စည်း**	ပစ္စယ	**ကတ္တား=ပစ္စယုပွန်**
၃-၃	ပုရေဇာတ (ဝတ္ထုကံ)	မဇ္ဇိမာယုက. အတီဘွင်.ဥပါဒ်ပြိုင်.စက္ခုဝတ္ထု၊.. မရဏာသန္ဓအခါ....စက်(ပ) ကာယဝတ္ထု၊	ပုရေဇာတနိဿယ	စက်ဒွေ၊ သဗ္ဗစိတ္တ.စေ-၇ အစိတ်အပေါင်း နာ.နွာ၊ (ပ) ကာဒွေ. . .၊ **10**
		ပဋိသန္ဓေအစ.. ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္ဓ. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊		ပဥ္စဝေါ- ဒွေပဥ္စ-၁၀ ကြဉ် ပ-ဘွင်အစရှိ အဟိတ်ဝိ,ကြီ ဆန္ဒကြဉ် အညစေ-၁၂၊ အစိတ်အပေါင်း နာ.နွာ၊

➡ **ဒွေပဥ္စဝိညာဉ်-၁၀** အတွက် အနုလုံအတိုင်း ကောက်ရပါသည်။

www.dhammadownload.com

"နဟေတုပစ္စယာ"ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား ဟေတု၊ အဓိပတိ၊ ပစ္ဆာဇာတ၊ မဂ္ဂ ဤ ၄-ပစ္စည်း မှတပါး ၂၀-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

*(**ဒွေပဋ္ဌ-၁၀ မရသော ဟေ-ဓိ-သေ-ဈာ-မဂ် = ၅** ပစ္စည်းကိုနှုတ်သော်လည်း ပဋ္ဌဝေါ- ဒွေပဋ္ဌ-၁၀ ကြဉ် ပထမဘဝင်အစရှိသော အဟိတ်ဝိ,ကြီများတွင် **သေ-ဈာ** ရ၍ပြန်ယူ၊)*

၃။ **(ဒု-ပ) ဒုတိယော ပထမဿ = (၂-ဝါရ)** ☙ ပစ္စယ၊ နိဿယ (၂-ဝါရ)

၃။(ဒု-ပ) အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပစ္စယာ သံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ။ ဝတ္တုံ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

(ပစ္စယဝါရ) ကတ္တားကောက်

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပွန်**
ဒု-ပ	ဝု၊မနောဒွါအစ.. ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္ဓ. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	ပုရေ်ဇာ	ပဋ္ဌဝေါ- ဝိစိ၊ ဥဒ္ဓစ္စသဟဂုတ်ရှိ **မောဟ**၊

"နဟေတုပစ္စယာ"ဟူသော ဟိတ်ပါဋ္ဌ၏အရကား ဟေတု၊ အဓိပတိ၊ ပစ္ဆာဇာတ၊ ဝိပါက ဤ ၄-ပစ္စည်း မှတပါး ၂၀-ပစ္စည်းတို့၏ ယထာရဟသတ္တိရ၏။ = (ပ-ပ)

၄။ **(ပဒု-ပ) ပထမဒုတိယော ပထမဿ = (၂-ဝါရ)** ☙ ပစ္စယ၊ နိဿယ (၂-ဝါရ)

၄။(ပဒု-ပ) သံကိလိဋ္ဌသံကိလေသိကဉ္စ အသံကိလိဋ္ဌသံကိလေသိကဉ္စ ဓမ္မံ ပစ္စယာ သံကိလိဋ္ဌ-သံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ။ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ စ ဝတ္တုံ စ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

ကတ္တားကောက်

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပွန်**
ပဒု-ပ	ဝိစိကိစ္ဆာသဟဂုတ်၊ ဥဒ္ဓစ္စသဟဂုတ်၊ စေ-၁၄၊ အစိတ်အပေါင်း နာ.နွာ၊	သဟဇာ	ပဋ္ဌဝေါ- ဝိစိ၊ ဥဒ္ဓစ္စသဟဂုတ်ရှိ **မောဟ**၊
	ဝု၊မနောဒွါအစ.. ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္ဓ. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	ပုရေ်ဇာ	

"နဟေတုပစ္စယာ"ဟူသော ဟိတ်ပါဋ္ဌ၏အရကား ဟေတု၊ အဓိပတိ၊ ပစ္ဆာဇာတ၊ ဝိပါက ဤ ၄-ပစ္စည်း မှတပါး ၂၀-ပစ္စည်းတို့၏ ယထာရဟသတ္တိရ၏။ = (ပ-ပ)

↗ (နဟေတု ၂.၄.၂) ↖ ⊙ နဟေတု ပြီး၏။ ⊙

www.dhammadownload.com

နအာရမ္မဏ စသည် ၇-ပစ္စည်း

(အနန်ငါးဝ၊ အာ,သမ်,ညွှ၊ ပဋ္ဌ-ပဋ္ဌ သိ။)

[အနုလုံတွင်နာမ်အကုန်ဟောခဲ့သဖြင့် ဤ၌ ရုပ်အကုန်ဟောရန်သာကျန်၊]

နအာရမ္မဏ၊ နအနန္တရ၊ နသမနန္တရ၊ နဥပနိဿယ၊ နသမ္ပယုတ္တ၊ နောနတ္ထိ၊ နောဝိဂတ၊ ဤ ၇-ပစ္စည်း၏ သုဒ္ဓသင်္ချာကိုပေါင်း၍ပြထားပါသည်။ ပစ္စယုပွန်တရား အရတူ၍ ဖြစ်ပါသည်။

နအာရမ္မဏ၊ နအနန္တရ၊ နသမနန္တရ၊ နဥပနိဿယ၊ နသမ္ပယုတ္တ၊ နောနတ္ထိ၊ နောဝိဂတပစ္စည်း
ဆဝါရ-သုဒ္ဓသင်္ချာ

(နာမ်မရ၍ ဒွေဝါရ၌ မဟောပါ၊)

ပစ္စည်း	နာမ်	ရုပ်	သင်္ချာ
နအာ 7	×	ရုပ်စုံ 7	၅.၅

နအာရမ္မဏ၊ နအနန္တရ၊ နသမနန္တရ၊ နဥပနိဿယ၊ နသမ္ပယုတ္တ၊ နောနတ္ထိ၊ နောဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်-ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နအာရမ္မဏ၊ နအနန္တရ၊ နသမနန္တရ၊ နဥပနိဿယ၊ နသမ္ပယုတ္တ၊ နောနတ္ထိ၊ နောဝိဂတပစ္စည်း၏ **ပစ္စယုပွန္ဓမ္မ** ဖြစ်သောတရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို **ပစ္စနိက်၌ နယ**သို့လိုက်၍ငင်း၊ **ဝါရ**သို့လိုက်၍ငင်း၊ **တိက်ပုဒ်**၏အရသို့လိုက်၍ငင်း၊ **ကံ, ကတ္တား** နေဟန် သို့လိုက်၍ငင်း နအာရမ္မဏေ၊ နအနန္တရေ၊ နသမနန္တရေ၊ နဥပနိဿယေ၊ နသမ္ပယုတ္တေ၊ နောနတ္ထိယာ၊ နောဝိဂတေ **ပဋ္ဌ-ပဋ္ဌ** ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။
ပဋ္ဌ-ဟူသော်ကား- ပ-ဒု၊ ဒု-ဒု၊ တ-ဒု၊ တဒု-ဒု၊ ပဒု-ဒု ဟူသည်တည်း။

⇉ **သုဒ္ဓသင်္ချာ၊ ပါဋိတော်၊ ကတ္တားကောက်၊ ဟိတ်ပါဋ္ဌသတ္တိများ အားလုံးတူပါသည်။**
➦ **သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့တွင် ဤ ၇-ပစ္စည်း မရပါ။**

(∵ သုဒ္ဓသင်္ချာတွင် နာမ်မရ(×)၊ **ရုပ် ၇-မျိုးလုံးရ**ထား၏။) (ဒွေဝါရ၌ မဟော၊)

(**အာ 7=** အာ, အနံသနံ ဥသမ် နတ်ဝိဂ) (**ရုပ်စုံ 7=** စိတ် ပဋိ ဗာ,ဟာ,ဥ ညွှ,ပဝတ္တိကမ္မဇ)
➦ သင်္ချာ **ပဋ္ဌ-ပဋ္ဌ** (ပွန်)ဒု ၅-ချက် ဖြစ်ပါသည်။ (ကုသလတိက် (ပစ္စယုပွန်)**ဗျာ** ၅-ချက်ကဲ့သို့)

၁။ **(ပ-ဒု) ပထမော ဒုတိယဿ = (၄-ဝါရ)**

⊛ ဟောမြဲ-ပါဋိ၊ ကောက်မြဲ-ကတ္တားကောက်၊ ☙ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

၁။(ပ-ဒု) သံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋိစ္စ အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ နအာရမ္မဏပစ္စယာ။ သံကိလိဋ္ဌသံကိလေသိကေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။

"နအာရမ္မဏပစ္စယာ"ဟူသော ဟိတ်ပါဋ္ဌ၏အရကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၂-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

*(**ရုပ်ရနိုင်-၁၄** တွင် **စိတ္တဇ**ရုပ်ဖြစ်၍ **ည** ကိုငင်း၊ **ဝိပါက်မပါ၍ ဝိ** ကိုငင်း နှုတ်ရပါသည်။)*

↑+(ပဋ္ဌာဝါရ သဟဇာတမျိုး ၁၅-ပစ္စည်းမှ သမ္ပယုတ္တကြဉ်လျှင် ဤ-၁၄ ရ၏၊)

www.dhammadownload.com

၂။ (ဒု-ဒု) ဒုတိယော ဒုတိယသ =(၄-၀၊ရ)

ပဝတ္တိ- ☙ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-၀၊ရ)

အသံကိလိဋ္ဌသံကိလေသိကံ ဓမ္မံ ပဋိစ္စ အသံကိလိဋ္ဌသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ န အာရမ္မဏပစ္စယာ။ အသံကိလိဋ္ဌသံကိလေသိကေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနဥ္စ ရူပံ။

(**ရုပ်သက်သက်**သော်ငင်း၊ စေတသိက်တရားများသော်ငင်း၊ ကံဖြစ်စေ, ကတ္တားဖြစ်စေနေလျှင် "<u>အစိတ်အပေါင်း</u>"ဖြစ်၍ "ဧကံ ခန္ဓံ"စသည်ကို မထုတ်ရဘဲ "**ခန္ဓေ**"ဟု ထုတ်ရပေမည်။)

"န အာရမ္မဏပစ္စယာ"ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၃-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။ *(ရုပ်ရနိုင်-၁၄ တွင် **စိတ္တဇရုပ်**ဖြစ်၍ **ည** ကြဉ်ပါ။)*

ပဋိသန္ဓေအခါ ☙ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-၀၊ရ)

ပဋိသန္ဓိကွဏေ အသံကိလိဋ္ဌသံကိလေသိကေ ဝိပါကာဗျာကတေ ခန္ဓေ ပဋိစ္စ ကဋတ္တာ ရူပံ၊ ခန္ဓေ ပဋိစ္စ ဝတ္ထု။

"န အာရမ္မဏပစ္စယာ"ဟူသော **ဟိတ်ပါဋ္ဌ**၏အရကား ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၃-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။ *(ပဋိ- ခိ ကိုနှုတ်၊) (ပဋိ.ကံဇရုပ် ည ရပါသည်။)*

ရုပ်သက်သက်

⊛ ဟောမြဲ-ပါဋိ၊ ကောက်မြဲ-ကတ္တားကောက်၊ ☙ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-၀၊ရ)
ရုပ် ၇-မျိုးလုံးရ၍ အနုလုံသဟဇာတပစ္စည်းနှင့် ပါဋိတော်၊ ကတ္တားကောက် တူပါသည်။

"န အာရမ္မဏပစ္စယာ"ဟူသော ဟိတ်ပါဋ္ဌ၏အရကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၄-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

(ရုပ်ရနိုင်-၁၄) → (ပဋ္ဌာ၀၊ရ သဟဇာတမျိုး ၁၅-ပစ္စည်းမှ သမ္မယုတ္တကြဉ်လျှင် ဤ-၁၄ ရ၏၊)

မှတ်ချက်။ ။ ဝတ္ထုကံသည် ပစ္စယုပွန်-နာမ်သာရသောကြောင့် ဤ ၇-ပစ္စည်းလုံး မရပါ။

+
+
+

www.dhammadownload.com

၃။ **(တ–ဒု) တတိယော ဒုတိယဿ = (၄–ဝါရ)**

◉ ဟောမြှ်–ပါဠို၊ ကောက်မြှ်–ကတ္တားကောက်၊ ➷ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

"နအာရမ္မဏပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၃–ပစ္စည်းတို့၏ ယထာရဟ သတ္တိ ရ၏။ *(ရုပ်ရုနိုင်–၁၄ တွင် စီတ္တဇရုပ်ဖြစ်၍ ည နှုတ်ရပါသည်။)*

၄။ **(တဒု–ဒု) တတိယဒုတိယော ဒုတိယဿ = (၄–ဝါရ)**

◉ ဟောမြှ်–ပါဠို၊ ကောက်မြှ်–ကတ္တားကောက်၊ ➷ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

"နအာရမ္မဏပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား (တ–ဒု)နည်းတူ= ၁၃–ပစ္စည်း..

၅။ **(ပဒု–ဒု) ပထမဒုတိယော ဒုတိယဿ = (၄–ဝါရ)** +

◉ ဟောမြှ်–ပါဠို၊ ကောက်မြှ်–ကတ္တားကောက်၊ ➷ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

"နအာရမ္မဏပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား (တ–ဒု)နည်းတူ= ၁၃–ပစ္စည်း..

↗ (အနန်ဂါး၀၊ အာ,သမ်,ည၊ ပဋ္ဌ–ပဋ္ဌ သိ။) ↖ ◉ နအာရမ္မဏ စသည့် ၇–ပစ္စည်း ပြီး၏။ ◉

နအဓိပတိပစ္စည်း

(နာမ် ဆန္ဒဒုတိ– ၆–စ–၃)

နအဓိပတိပစ္စည်း သဒ္ဒသရိုက် *(နာမ်မျိုးစုံနှင့် စိတ္တဇရုပ်ရှိ သရိုက်များ)*

ပစ္စည်း	(နာမ်) ဆဝါရ–ပစ္စနိုက်–သဒ္ဒသရိုက်	(ရုပ်)	
နာဓိပတိ	အဓိပတိကို.ရခါ–အဓိပတိတရားကိုယ်၊ ဓိ.မရခါ–အကုသ၂, အဟိတ်ကြို, မဟာကု,ကြို, ကီဝိ–ပ,ဠိ နာ.နွာ–၄	**နိရာဓိပတိစိတ္တဇရုပ်,** ပဋိသန္ဓေကမ္မဇရုပ် ဗာ (ပ) ပဝတ္တိကမ္မဇရုပ် **7**	၆.၈.၃

နအဓိပတိပစ္စည်း၏ သဒ္ဒသရိုက်ဝါရ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ် ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ လောကီဝိပါက်၊ ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ နိရာဓိပတိစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နအဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိုက်၌ နအဓိပတိယာ ဆ၊ အဋ္ဌ၊ တိဏိ ဟုသရိုက်တပ်၍ ဟောအပ်ကုန်၏။

ဆ–ဟူသော်ကား – ပ–ပ၊ ပ–ဒု၊ ပ–ပဒု/ ဒု–ဒု၊ / တ–တ/ ပဒု–ဒု

အဋ္ဌ–ဟူသော်ကား – ပ–ပ၊ ပ–ဒု၊ ပ–ပဒု/ ဒု–ဒု၊ ဒု–ပ၊ ဒု–တ/ တ–တ/ ပဒု–ဒု

တိဏိ–ဟူသော်ကား – ပ–ပ / ဒု–ဒု/ တ–တ ဟူသည်တည်း။

www.dhammadownload.com

➡ **ပါဠိတော်(ဒု–တ၊ တ–တ အထူးရှိ)** အနုလုံ သဟဇာတပစ္စည်း၌မောခဲ့သည့်အတိုင်း အားလုံးတူပါသည်။
[အဓိပတိဇကန်, အနေကန်ရောနေသဖြင့် ကတ္တကားကောက်ကို ပါဠိတော်၌သာ ကြည့်ရန်။]
↗ အနုလုံ–သာဓိပတိစိတ္တဇရုပ်၊ /// ပစ္ဆနိက်– နိရာဓိပတိစိတ္တဇရုပ်၊ ↖

အဓိပတိတရားကိုယ်

အဓိပတိ၏တရားကိုယ်သည် သာဓိပတိဇော ၅၂–ခု၌ရှိသော(**ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ**) တရားကိုယ် ၃–ပါး,၄–ပါးတို့သည် အဓိပတိတရားကိုယ် မည်၏။ အနုလုံ၌ မိ.ရသောအခါ ပစ္စယုပ္ပန်၌တရားကိုယ်ကြဉ်ခဲ့၍ ဤပစ္စနိက်၌တရားကိုယ်ကို ပြန်ကောက်ရပါသည်။

မှတ်ချက်။ ။ အနုလုံ၌ အဓိပတိပစ္စည်းကို မရသောအခါတရားများအတွက် ၁–ချက်၊ ရသောအခါ ၁–ချက်။ ပေါင်း ၂–ချက်ကောက်ရန် စဉ်းစားရပါမည်။

➡ **အနုလုံတွင် ပဋိသန္ဓေအခါ** အဓိပတိပစ္စည်းမတတ်သောကြောင့် လုံးဝမဟောခဲ့ပါ။

➡ **ပစ္ဆနိက်မှာ** ပဋိသန္ဓေနှင့်ဆိုင်သောတရားအားလုံး ဟောရပါသည်။
ကတ္တားကောက်– အနုလုံသဟဇာတမှ နာဓိအတွက် ပြင်၍ကောက်ပေးရပါမည်။

[အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဆရာကြီးဦးကျော်–ပို့ချသော ကုသလတိက် ဆဝါရဝိဘင်္ဂပဋ္ဌာန်း ပို့ချစဉ်ကျမ်း–သင်ရိုးကို မကျိုးပြုဘဲ၊] ကတ္တားပုဒ်နှင့် ဟိတ်ပါဠိသတ္တိကိုသာ ပြပါမည်။

၁။ **(ပ–ပ) ပထမော ပထမဿ = (၆–ဝါရ)**

◉ **ဟောမြဲပါဠိတော်–** **(ဝါရ ၆–ပါး)**

ကတ္တားကောက် – ✱ ဓိရ ၄–ဝါရ၊ ✱ မရ.ခါ ၆–ဝါရအတွက် ⬅ (နာဓိ)

ပဒါဝယာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
ပ–ပ	အဓိပတိ.**ရခါ** လောဘမူ–၈၊ ဒေါသမူဒွေ၊ ဝိစိကြဉ် စေ–၂၆၊ အစိတ်အပေါင်း နာ.နှာ၊	၄–ဝါရ	အဓိပတိတရားကိုယ်
	အဓိပတိ.**မရခါ** အကု–၁၂၊ စေ–၂၇၊ အစိတ်အစိတ် နာ.နှာ၊	၆–ဝါရ	= အကု–၁၂၊ စေ–၂၇၊ အစိတ်အစိတ် နာ.နှာ

"နံ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား အဓိပတိ၊ ပစ္ဆာဇာတ၊ ဝိပါက၊ ဤ ၃–ပစ္စည်းမှ တပါး ၂၁–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။ *(နာဓိ–ဖြစ်၍ ဓိ၊ ဝိပါက်မပါ၍ ဝိ တို့ကိုနှုတ်ရပါသည်။)*

၂။ **(ပ–ဒု) ပထမော ဒုတိယဿ = (၄–ဝါရ)**

◉ **ဟောမြဲပါဠိတော်–** ➡ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

ကတ္တားကောက် (နာဓိ)

ပ–ဒု	ပဋ္ဌဝေါ–အဓိပတိ.**မရခါ** အကု–၁၂၊ စေ–၂၇၊ အစိတ်အပေါင်း နာ.နှာ၊	၄–ဝါရ	နိရာဓိပတိစိတ္တဇရုပ်

"နံ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား ဟေတု၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြေယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ **၁၁**–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။
*(ရှင်ရဏ်–၁၄ တွင် **နာဓိ**–ပစ္စယုပ္ပန်ဖြစ်၍ **ဓိ**၊ စိတ္တဇရုပ်ဖြစ်၍ **ညာ**၊ ဝိပါက်မပါ၍ **ဝိ** တို့ကိုနှုတ်၊)*

www.dhammadownload.com

၃။ (ပ–ပဒု) **ပထမော ပထမဒုတိယဿ** =(၄–ဝါရ)

◉ **ဟောမြဲပါဠိတော်–** ☙ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

ကတ္တားကောက် (နာဓိ)

ပဒါဝယာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပ္ပန်**
ပ–ပဒု	ပဋ္ဌဝေါ–အဓိပတိ.**မရဓါ** အကု–၁၂၊ စေ–၂၇၊ အစိတ်အစိတ် နာ.နှာ၊	၄–ဝါရ	= ထို.နာ.နှာပြု– နိဂ္ဂဟဓိပတိစိတ္တဇရုပ်

"နံ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား အဓိပတိ၊ ပစ္ဆာဇာတ၊ ဝိပါက၊ ဤ ၃–ပစ္စည်းမှ တပါး ၂၁–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရှိ၏။

၄။ (ဒု–ဒု) **ဒုတိယော ဒုတိယဿ** =(၆–ဝါရ)

ပဝတ္တိ–

◉ ဟောမြဲ–ပါဠိတော် *သံသဋ္ဌ/သမ်.ဝါရ– နာမ်သက်သက်သာဟော/ကောက်ရန်*

ကတ္တားကောက် – စတုဝါရအတွက် (နာဓိ)

ဒု–ဒု	ဓိ.**ရဓါ** မဟာကု/ကြီ–၁၆၊ ဇကန်ရ မဟင်ကု/ကြီ–၁၈၊ စေ–၃၈၊ အစိတ်အပေါင်း နာ.နှာ၊	၄–ဝါရ	**အဓိပတိတရားကိုယ်**
	အဓိပတိ.**မရဓါ** အဟိတ်ကြီ–၃၊ မဟာကု/ကြီ–၁၆၊ လောကီဝိ–၃၂၊ စေ ၃၅၊ အစိတ်အစိတ် နာ.နှာ၊		= ထို. နာ.နှာ..ပြု– နိဂ္ဂဟဓိပတိစိတ္တဇရုပ်

"နအဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား အဓိပတိ၊ ပစ္ဆာဇာတ၊ ဤ ၂–ပစ္စည်း မှတပါး ၂၂–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရှိ၏။

ပဋိသန္ဓေအဓါ–

◉ ဟောမြဲ–ပါဠိတော် *သံသဋ္ဌ/သမ်.ဝါရ– နာမ်သက်သက်သာဟော/ကောက်ရန်*

➥ **အနုလုံတွင်** ပဋိသန္ဓေအဓါ လုံးဝမဟောခဲ့ပါ။**ပစ္စနိုက်မှာ**တရားအားလုံး ဟောရပါသည်။

ကတ္တားကောက်– အနုလုံသဟဇာတ ကောက်ခဲ့သည့်အတိုင်း ကောက်ရပါသည်။

"နံ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား အဓိပတိ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန ဤ ၄–ပစ္စည်းမှတပါး ၂၀–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရှိ၏။

*{ပဝတ္တိနှင့်သာဆိုင်သော **ဓိ–ပု–သေ** တို့မရပါ။ (ဓိ,ပု,အာသေ ဤသုံးထွေ သန္ဓေ မရှိမှတ်။)}*

ရုပ်သက်သက် ◉ ဟောမြဲ–ပါဠိတော် ☙ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

ကတ္တားကောက်– (ရုပ်သက်သက်) (နာဓိ)

ဒု–ဒု	ပဋ္ဌဝေါ– ၄/၁၀၊ ရဟန္တာ.စုတိကြဉ် နိဂ္ဂဟဓိပတိ ကု,အကု,ဝိ,ကြီ နာ.နှာ.. ယထာ.. နိဂ္ဂဟဓိပတိ စိတ္တဇမဟာဘုတ်၊	(၄–ဝါရ)	ဘုတ်နှင့်တကွသော နိဂ္ဂဟဓိပတိစိတ္တဇပါဒါရုပ်၊
	ပဋ္ဌဝေါ–ပဋိ ၁၅ တို့နှင့်ယထာအတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဟာ,ဟာ,ဥ, ဥ,ပဝတ္တိကမ္မဇမဟာဘုတ်		ပဋိသန္ဓေကမ္မဇပါဒါရုပ်၊ ဟာ,ဟာ,ဥ,ဥ,ပဝတ္တိကမ္မဇ ဥပါဒါရုပ်၊

www.dhammadownload.com

"နံ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ ၁၃-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။ *(ရုပ်ရှုနိုင်-၁၄ တွင် နာဓိ-ပစ္စယုပ္ပန်ဖြစ်၍ ဓိ ကိုနှုတ်ရပါသည်။)*

ဝတ္ထုကံ ☑⇉

◉ ဟောမြဲပါဠိတော်၊ ကောက်မြဲကတ္တားကောက်၊ ☜ ပစ္စယ၊ နိဿယ (၂-ဝါရ)
ဒွေပဉ္စဝိညာဉ်-၁၀ ရသဖြင့် ၎င်းအတွက် ဟောမြဲပါဠိတော်၊ ကောက်မြဲကတ္တားကောက်၊

ပစ္စယဝါရ ကတ္တားကောက် (နာဓိ)

ပဒါဝသာန		က်=ပစ္စည်း	ပစ္စယ	ကတ္တား=ပစ္စယုပ္ပန်
၂-၅	ဝတ္ထု(၁၀)ဒွေ	မဇ္ဈိမာယုက. အတီဘွင်.ဥပါဒ်ပြိုင်. စက္ခုဝတ္ထု။ မရဏာသန္နအခါ.... စက်(ပ)ကာယဝတ္ထု၊	ပုရေဇာတ	စက်ဒွေ၊ သဗ္ဗစိတ္တ.စေ-၇ အစိတ်အပေါင်း နာ.နှာ၊ (ပ) ကာဒွေ. . .၊ **10**
		ပဋိသန္ဓေအစ.. ရေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္န. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊		ပဋိဝေါ-ဓိ.**ရခါ** မဟာကု/ကြိ-၁၆၊ ဧကန်ရ မဟာဂ်ကု/ကြိ-၁၈ ရှိ **အဓိ..တရားကိုယ်** ဓိ.**မရခါ** ၄/၁၀ ကြဉ် ကိဝိ-၁၈၊ အဟိတ်ကြိ-၃၊ မဟာကု/ကြိ-၁၆၊ စေ-၃၅၊ အစိတ်အပေါင်း နာ.နှာ၊

"နံ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား အဓိပတိ၊ ပစ္စာဇာတ ဤ ၂-ပစ္စည်း မှတပါး ၂၂-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

၅။ (ဒု-ပ) ဒုတိယော ပထမဿ = (၂-ဝါရ)

◉ ပါဠိတော်၊ ☜ ပစ္စယ၊ နိဿယ (၂-ဝါရ)
ဝတ္ထုံ ပစ္စယာ သံကိလိဋ္ဌသံကိလေသိကာ ခန္ဓာ။

ကတ္တားကောက်- (နာဓိ)

၂-၃	ဝတ္ထု-ဒွေ	ဝုဋ္ဌော၊ မနောဒွါ..ရေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္န. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	ပုရေဇာတ	ပဋိဝေါ-အဓိ.ရခါ လောဘမူ-၈၊ ဒေါဒွေ၊ ဝိစိကြဉ် စေ-၂၆ ရှိ **အဓိပတိတရားကိုယ်**၊ မရခါ အကု ၁၂၊ စေ-၂၇ အစိတ်အပေါင်း နာ.နှာ၊

"နံ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား အဓိပတိ၊ ပစ္စာဇာတ၊ ဝိပါက၊ ဤ ၃-ပစ္စည်းမှ တပါး ၂၁-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

၆။ (ဒု-တ) ဒုတိယော တတိယဿ = (၂-ဝါရ)

◉ ပါဠိတော်၊ ☜ ပစ္စယ၊ နိဿယ (၂-ဝါရ)
ဝတ္ထုံ ပစ္စယာ အသံကိလိဋ္ဌအသံကိလေသိကာ **အဓိပတိ**။ ☆

အဓိပတိဧကံဖြစ်သော အပွနာဇောများ သီးသန့်ပဒအဖြစ်ဖြင့်နေသော "ဥပါဒိန္န၊ **သံကိလိဋ္ဌ**၊ အာစယ၊ သေက္ခ၊ ပရိတ္တ၊ မိဿတ္တ"စသောတိက်များတွင် အဓိပတိတရားကိုယ်အတွက် "++အဓိပတိ" ပါဠိသီးသန့် ထွက်ပါသည်။ (ကုသလတိက်တွင် "အပွနာဇောများ သီးသန့်ပဒ" မရှိ၍ မထုတ်။)

ပဋ္ဌာန်းပါဌ-စာ-၃၂-နာဓိပတိ

www.dhammadownload.com

နဲ အဓိပတိပစ္စည်း ကတ္တားကောက် *(အစိတ်အပေါင်း)*

ဒု–တ	* ဂေါတြဘူ/ဝေါဒါန်/မင်/အနု. ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊	ပဋ္ဌာန်	ပဋ္ဌဝေါ– လောကုတ်–၈၊ အပွကြဉ်စေ–၃၆ ရှိ **အဓိပတိတရားကိုယ်(၁–ပါးသာ)**
	ရှေ့စိတ္တက္ခဏ တစ်.ကာလ၌ဖြစ် ဟဒယဝတ္ထု၊		

"နဲ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠ်၏အရကား အဓိပတိ၊ ပစ္ဆာဇာတ၊ ဤ ၂–ပစ္စည်းမှ တပါး ၂၂–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

၇။ (တ–တ) တတိယော တတိယသ = (၆–ဝါရ)

ပါဠိတော်–ထူး **(ဝါရ ၆–ပါး)**

အသံကိလိဋ္ဌအသံကိလေသိကံ ဓမ္မံ ပဋ္ဌိစ္စ အသံကိလိဋ္ဌအသံကိလေသိကော ဓမ္မော ဥပ္ပဇ္ဇတိ နဲ အဓိပတိပစ္စယာ။ အသံကိလိဋ္ဌအသံကိလေသိကေ ခန္ဓေ ပဋ္ဌိစ္စ အသံကိလိဋ္ဌအသံကိလေသိကာ **အဓိပတိ**။ ☆

ကတ္တားကောက် – * ဓိရ ၄–ဝါရ၊ * မရ.ခါ ၆–ဝါရအတွက် ⬅ (နာဓိ)

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပွန်**
တ–တ	အဓိပတိ.**ဧကန်ရသော** လောကုတ္တရာ–၈၊ အပွကြဉ် စေ–၃၆၊ အစိတ်အပေါင်း နာ.နွာ၊	၆–ဝါရ	**အဓိပတိတရားကိုယ်(၁–ပါးသာ)**

"နဲ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠ်၏အရကား အဓိပတိ၊ ပစ္ဆာဇာတ၊ ဤ ၂–ပစ္စည်းမှ တပါး ၂၂–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

၈။ (ပဒု–ဒု) ပထမဒုတိယော ဒုတိယသ = (၄–ဝါရ)

ဟောမြဲပါဠိတော်– ☞ ပဋ္ဌိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

သံကိလိဋ္ဌသံကိလေသိကေ ခန္ဓေ စ မဟာဘူတေ စ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။

ကတ္တားကောက်– *(ပါဠိတော် ခန္ဓေ = အစိတ်အပေါင်း)*

ပဒု–ဒု	ပဋ္ဌဝေါ–အဓိပတိ.**မရခါ** အကု–၁၂၊ စေ–၂၇၊ အစိတ်အပေါင်း နာ.နွာ၊ အစိတ်အပေါင်း မဟာဘုတ်၊	၄–ဝါရ	နိရာဓိပတိစိတ္တဇရုပ်

"နဲ အဓိပတိပစ္စယာ"ဟူသော ဟိတ်ပါဠ်၏အရကား ဟေတု၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ **၁၁**–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

*(**ရုပ်ရနိုင်–၁၄** တွင် **နာဓိ**–ပစ္စယုပွန်ဖြစ်၍ **ဓိ**၊ စိတ္တဇရုပ်ဖြစ်၍ **ည**၊ ဝိပါက်မပါ၍ **ဝိ** တို့ကိုနှုတ်၊)*

↗ (နာဓိ– ဆ,ဌာ,တိ ၆.၈.၃) ↖ ⊙ နဲ အဓိပတိ ပြီး၏။ ⊙

www.dhammadownload.com

နာ အညမညပစ္စည်း

(အနန္တင်း၀၊ အာ,သမ်,ညှ၊ ပဋ္ဌ-ပဋ္ဌ သိ။)

❁ 'နာ အညမည'ပစ္စည်း၏ သချိုင်း"**ပဋ္ဌ**"သည် 'နာ အာရမ္မဏ'ပစ္စည်း၏ သချိုင်း"**ပဋ္ဌ**"နှင့် ပွနိ်(ရုပ်) ၅-ချက်ချင်းတူ ပါသည်။ သို့သော်

➡ ပဋိသန္ဓေကမ္မဇရုပ်မှာ- "**ဟဒယ၀တ္ထု**"မရှိ၍ 'ခန္ဓေ ပဋိစ္စ ၀တ္ထု။ ၀တ္ထုံ ပဋိစ္စ ခန္ဓာ" မရတော့ပါ။

➡ ရုပ်သက်သက်၌လည်း **မဟာဘုတ် မရသည်ကိုသတိပြု၍** ဥပါဒါရုပ်ကိုသာ ဟောရမည်။ 'ဘုတ်များမရှိ၍ ရုပ်သက်သက် ပ-ကွက်၌ "**ဇကံ..** (၁-၃-၂ / ၃-၁-၂)ကို မရဟောပါ။

နာ အညမညပစ္စည်း သုဒ္ဓသချိုင်

(နာမ်မရှိ၍ ဒွေ၀ါရ၌ မဟောပါ၊)

ပစ္စည်း	ဆ၀ါရ-ပစ္စနိုက်-သုဒ္ဓသချိုင်		
	နာမ်	ရုပ်	သချိုင်
နအညမည	×	နာ.နွာမှထောက်-စိဇ၊ ဟ.မှတပါး-ပဋိသန္ဓေကမ္မဇ၊ ဘုတ်ထောက်-စိတ္တဇဥပါဒါ, ပဋိသန္ဓေကမ္မဇဥပါဒါ ဗာ,ဟာ,ဥ, ညှ, ပ၀တ္တိကမ္မဇဥပါဒါရုပ် 7	၅ · ၅

နာ အညမညပစ္စည်း၏ သုဒ္ဓသချိုင်၀ါရ၌ နာမကွန်နာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယ၀တ္ထုမှတပါး သော ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇ-ဥပါဒါရုပ်၊ ပဋိသန္ဓေကမ္မဇဥပါဒါရုပ်၊ ဗာဟိရဥပါဒါရုပ်၊ အာဟာရဇဥပါဒါရုပ်၊ ဥတုဇဥပါဒါရုပ်၊ အသညသတ်ကမ္မဇဥပါဒါရုပ်၊ ပ၀တ္တိကမ္မဇ ဥပါဒါရုပ်၊ ဤ တရားတို့သည် နာ အညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤ ပစ္စနိုက်၌ နအညမညေ ပဋ္ဌ-ပဋ္ဌ ဟု သချိုင်တပ်၍ ဟောအပ်ကုန်၏။ ပဋ္ဌ-ဟူသော်ကား- ပ-၃၊ ၃-၃၊ တ-၃၊ တ၃-၃၊ ပ၃-၃ ဟူသည်တည်း။

↗ (သုဒ္ဓသချိုင်တွင် နာမ်မရှိ၍ ဒွေ၀ါရ၌ မဟောပါ၊) ↖

➡ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-၀ါရ)တို့အတွက် နာ အာရမ္မဏပစ္စည်းတွင် =သချိုင်အလိုက်ဟောပြီး၊ ❁ ဟောမြဲ-ပါဠိတော် ❁ ကောက်မြဲ-ကတ္တားကောက် ဖြစ်ကြ၍ အထူးရှိသော (၃-၃) ပဋိသန္ဓေနှင့် ရုပ်သက်သက်တို့ကိုသာ တင်ပြပါတော့မည်။

၂။ (၃-၃) ဒုတိယော ဒုတိယဿ =(၄-၀ါရ)

ပဋိသန္ဓေ- ပါဠိတော် (မြဲ+ထူး) ➡ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-၀ါရ)

ပဋိသန္ဓိက္ခဏေ အသံကိလိဋ္ဌသံကိလေသိကေ ဝိပါကာဗျာကတော **ခန္ဓေ** ပဋိစ္စ ကဋတ္တာ စ ရုပ်။

(* နာ အာရမ္မဏတွင် "ခန္ဓေ ပဋိစ္စ ၀တ္ထု"ရခဲ့သော်လည်း ဤ၌ "**ဟဒယ၀တ္ထု**" မရှိ၍ မဟောပါ။)

ကတ္တားကောက်- (ပဋိသန္ဓေ) (နအာ)(နည)

ပဒါ၀သာန	က်-ပစ္စည်း	၀ါရ	ကတ္တား-ပစ္စယုပ္ပန်
၃-၃	ပဋ္ဌ၀ေါ-ပဋိ-၁၅၊ စေ-၃၅ အစိတ်အပေါင်း နာ.နွာ	ဒို့	ဟဒယ၀တ္ထုမှတပါး ကဋတ္တာရုပ်

www.dhammadownload.com

ပဋိသန္ဓေအခါ "ဒုတိယော ဒုတိယဿ"၌ "ဒုတိယော ဓမ္မော"ဟူသော **ကတ္တားပုဒ်**၏အရ ကား ပဋဝေါကာရပဋိသန္ဓေ-၁၅၊ စေတသိက်-၃၅ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) ဟဒယဝတ္ထုမှတပါး ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိ

"နံ အညမညပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား ဟေတု၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၂-ပစ္စည်း တို့၏ ယထာရဟသတ္တိ ရ၏။

*{**ပဋိ**-ဖြစ်၍ **ဓိ**၊ (ဥ၌သည် ပဋိ.က်ဇ **ဟ.ဝတ္ထု** ရ၏။) နှညှ် **ဟ.ဝတ္ထုမှတပါး**ဖြစ်၍ **ညှ** ကိုနှုတ်၊}*

ရုပ်သက်သက် ပါဠိတော်-(**ထူး**) ဆ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

(မဟာဘုတ် မရသည်ကို သတိထား ပူဇော်ရပါသည်။)

မဟာဘူတော ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ကဋတ္တာရူပံ၊ ဥပါဒါရူပံ။ ဗာဟိရေ မဟာဘူတော ပဋိစ္စ ဥပါဒါရူပံ။ အာဟာရသမုဋ္ဌာနေ မဟာဘူတော ပဋိစ္စ ဥပါဒါရူပံ။ ဥတုသမုဋ္ဌာနေ မဟာဘူတော ပဋိစ္စ ဥပါဒါရူပံ။ အသညသတ္တာနံ မဟာဘူတော ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ။

ကတ္တားကောက်- (ရုပ်သက်သက်)

ဒု-ဒု	ပဋဝေါ-၄/၁၀/ရဟန္တာ,စုတိကြဉ် က,အက,ဝိ,ကြိ နာ,နွာတို့သည် ယထာပြုအပ်. စိတ္တဇမဟာဘုတ်၊	ဝိဂ္ဂ-၄	စိတ္တဇဥပါဒါရုပ်၊
	ပဋဝေါ. ပဋိ **၁၅**-တို့နှင့်ယထာအတူ ဥပါဒ်သော ပဋိသန္ဓေကမ္မဇမဟာဘုတ်၊		ပဋိသန္ဓေကမ္မဇဥပါဒါရုပ်၊
	ဗာဟိရမဟာဘုတ်၊ အာ..၊ ဥ..၊ ညက်ဇ..၊ ပဝတ္တိကမ္မဇမဟာဘုတ်၊		ဗာ,ဟာ,ဥ, ညက်, ပဝတ္တိက်-ဥပါဒါရုပ်၊

* ကတ္တားဘက်၌ "ဘုတ်နှင့်တကွသော"ကို ချန်၍ ကောက်ရပါသည်။

ဟိတ်ပါဠိသတ္တိ

"နံ အညမညပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား ဇဟတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၃-ပစ္စည်း တို့၏ ယထာရဟသတ္တိ ရ၏။ *(**၁၄** တွင် **ဘုတ်သာရုပ်**သော **ညှ** ကိုနှုတ်)*

မှတ်ချက်။ ။ ပ-ဒု၊ ဒု-ဒု(ပဝတ္တိ) တ-ဒု၊ တဒု-ဒု၊ ပဒု-ဒု တို့သည် အညမညပစ္စည်း-အနုလုံတွင် မဟောခဲ့သော စိတ္တဇရုပ်(ပစ္စယုပ္ပန္နတရား)ကို ဟောခြင်းသာဖြစ်ပြီး **ဟိတ်ပါဠိသတ္တိ**ကိုလည်း နံ အာရမ္မဏ ပစ္စည်းတွင် သိလောက်ပါပြီ။

(အနှစ်ချုပ်၊ အာ,သမ်,ညှ၊ ပဋ္ဌ-ပဋ္ဌ သိ။) နအညမညပစ္စယ ပြီး၏။

www.dhammadownload.com

နပုရေဏာတပစ္စည်း (ပုရေ့ သတ္တ,သတ္တ,တိ။ ၇.၇.၃) (ဝိပွယုတ္တော်၊ တိသုံးထွေ။= ၃.၃.၃)

အနုလုံတွင် ပုရေဏာတပစ္စည်းသည် ပဋ္ဌဝေါကာရဘုံ၌ ပဝတ္တိအခါမှာသာဖြစ်သော စိတ်ပေါင်း ၈၅-ခု နာမ်ဟုရားများ ရခဲ့ပါသည်။ ဤ ပစ္စနိုက်တွင် နာမ်တရားမှာ- အနုလုံတွင်မရခဲ့သော အရူပ ဝိပါက်-၄ ပဝတ္တိ/ပဋိသန္ဓေ၊ အရူပဘုံ၌ဖြစ်သောစိတ် ၄ဖေ-ခုနှင့် ပဋ္ဌဝေါကာရပဋိသန္ဓေ နာမကွန်ရာ၊ ရုပ်တရားတွင် ရုပ် ၇-မျိုးလုံး ရပါသည်။

④ ပစ္စယုပ္ပန် ရုပ်သက်သက် (ပ-ဒု၊ တ-ဒု၊ တဒု-ဒု၊ ပဒု-ဒု) ဤသရုံး ၄-ချက်အတွက် ဟောမြဲ ပါဠိတော်။ ဟိတ်ပါဠ်သတ္တိ ➡ - **နာရမ္မဏအတိုင်း**

* အရူပဘုံ-နာမ်များအတွက်- (ပ-ပ၊ ဒု-ဒု၊ တ-တ) ပါဠိတော် **"အရူပေ"** ထည့်ရန်။

အရသရုပ်-ကုသိုလ်- အရူပဘုံ၌ဖြစ်သော မဟာကု၊ အရူပကု နှင့် အထက်မဂ် ၃-ခု၊
အကုသိုလ်-အရူပဘုံ၌ဖြစ်သော လောဘမူနှင့် မောဟမူ သာရပါသည်။
အဗျာကတ(ပဝတ္တိ)- အရူပဝိပါက် ၄-ခု၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ၈-ခု၊
အရူပကြိယာ ၄-ခု၊ ဖိုလ် ၄-ခု၊

↗ အရူပဘုံ၌ဖြစ်သော နာမ်များကိုဟောသဖြင့် ဝတ္တုကံ့ မရပါ။ ↖
↗ ထူး... အနုလုံတွင် **"ဝတ္ထုံ"** // ပစ္စနိုက်တွင် **"အရူပေ"** ထူး ↖

နပုရေဏာတပစ္စည်း သဒ္ဒသရုံး

ပစ္စည်း	(နာမ်) ဆဝါရ-ပစ္စနိုက်-သဒ္ဒသရုံး	(ရုပ်)	
နပုရေ	အရူဝိ.၄ ပဝတ္တိ,ပဋိသန္ဓေ နာ.နွာ-၄၊ ←(ပဋ္ဌဝေါဘုံဖြစ်) အရူဘုံဖြစ် လောမူ,မောမူ၊ မနောဒွါ၊ မဟာကု,ကြိ၊ အရူပကု,ကြိ၊ ထက်မဂ်.၃, ဖိုလ်.၄၊ ပဋ္ဌ.ပဋိသန္ဓေ-နာ.နွာ	ရုပ်စုံ 7	၇.၇.၃

နပုရေဏာတပစ္စည်း၏ သဒ္ဒသရုံးဝါရ၌ အရူပဝိပါက် ၄-ခု၊ ပဝတ္တိ,ပဋိသန္ဓေ နာမကွန်ရာ ၄-ပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ် ၃-ခု၊ ဖိုလ် ၄-ခု၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမကွန်ရာ ၄-ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နပုရေဏာတပစ္စည်း၏ ပစ္စယုပ္ပန္နမမ္မဖြစ်သော တရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိုက်၌ **"နပုရေဏာတေ သတ္တ သတ္တ တီဏိ"**ဟု သရုံးတပ်၍ ဟောအပ်ကုန်၏။

သတ္တ-ဟူသော်ကား- ပ-ပ၊ ပ-ဒု၊ ဒု-ဒု၊ တ-တ၊ တ-ဒု၊ တဒု-ဒု၊ ပဒု-ဒု
တီဏိဟူသော်ကား- ပ-ပ၊ ဒု-ဒု၊ တ-တ၊ ဟူသည်တည်း။

၁။ (ပ-ပ) **ပထမော ပထမဿ** =(ဖ-ဝါရ)
ဟောမြဲပါဠိတော်++ (ဝါရ ၆-ပါး)

အရူပေ သံကိလိဋ္ဌသံကိလေသိုက် ၈က် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ၈ကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

www.dhammadownload.com

ကတ္တားကောက် နပုရေ

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပွန်**
ပ–ပ	အရူပဘုံ.ဖြစ် လောဘမူ–၈၊ မောဟမူဒွေ၊ စေ–၂၃ အစိတ်အစိတ် နာ.နွာ၊	၆–ဝါရ	လောဘမူ–၈၊ မောဟမူဒွေ၊ စေ–၂၃ အစိတ်အစိတ် နာ.နွာ၊

"နပုရေဇာတပစ္စယာ"ဟူသော ဟိတ်ပါဠ်၏အရကား ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ ဝိပွယုတ္တ ဤ ၄–ပစ္စည်းမှတပါး ၂၀–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

(*နာမ် ၂၃–မှာ– **အရူပဘုံ**နှင့်မဆိုင်သော **ပု–ဝိပ်** တို့ကိုနှုတ်၊ ဝိပါက်မပါ၍ **ဝိ** ကိုနှုတ်၊*)

၂။ **(ပ–ဒု) ပထမော ဒုတိယဿ = (၄–ဝါရ)** ☞ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄–ဝါရ)

◉ ဟောမြဲပါဋိတော်၊ ကောက်မြဲကတ္တားကောက်၊ **ဟိတ်ပါဠ်ကောက်** = နာရမ္မဏ

၃။ **(ဒု–ဒု) ဒုတိယော ဒုတိယဿ =(၆–ဝါရ)**

ပဝတ္တိ–

သံသဋ္ဌ/သမ်.ဝါရ– နာမ်သက်သက်သာဟော/ကောက်ရန်

အရူပေ အသံကိလိဋ္ဌသံကိလေသိကံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ။ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော။ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ အသံကိလိဋ္ဌသံကိလေသိကေ ခန္ဓေ ပဋိစ္စ စိတ္တ–သမုဋ္ဌာနဥ္စ ရူပံ။

ကတ္တားကောက် – (ပဝတ္တိ) နပုရေ

ဒု–ဒု	အရူဝိ–၄၊ အရူပဘုံ၌ဖြစ် မနောဒွါ၊ မဟာကု/ကြီ ၁၆၊ အရူပကု/ကြီ ၈၊ စေ–၃၈၊ အစိတ်အစိတ် နာ.နွာ၊	၆–ဝါရ	=
	ပဥ္စဝေါ၌ဖြစ်– ကီကု–၁၇၊ ၄/၁၀၊ ရဟန္တာစုတိကြဉ် ဝိ–၁၈၊ ကြီ–၂၀၊ စေ–၃၅ အစိတ်အပေါင်း နာမက္ခန္ဓာ	၄–ဝါရ	စိတ္တဇရုပ်

"နပုရေဇာတပစ္စယာ"ဟူသော ဟိတ်ပါဠ်၏အရကား ပုရေဇာတ၊ ပစ္ဆာဇာတ ဤ ၂–ပစ္စည်းမှတပါး ၂၂–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

(*နာမ်ဖြစ်၍ ၂၃–ပစ္စည်းမှာ– **ပဥ္စဝေါသာရပြီး**၊ **အရူပဘုံ**နှင့်မဆိုင်သော **ပု–ဝိပ်** တို့ကိုနှုတ်၊*)

(စိတ္တဇရုပ်အတွက် **ဝိပ်** ပြန်ရပါသည်။)

ပဋိသန္ဓေအခါ–

◉ ဟောမြဲပါဋိတော်၊ ကောက်မြဲကတ္တားကောက်၊ **(ဝါရ ၆–ပါး)**

"နပုရေဇာတပစ္စယာ"ဟူသော ဟိတ်ပါဠ်၏အရကား အဓိပတိ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန ဤ ၄–ပစ္စည်းမှတပါး ၂၀–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

{*ပဝတ္တိနှင့်သာဆိုင်သော **ဓိ–ပု–သေ** တို့မရ။* (ဓိ,ပု,အာသေ ဤသုံးထွေ သန္ဓေ မရှိမှတ်။)}

www.dhammadownload.com

ရုပ်သက်သက် ➷ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

ပါဠိတော်၊ ကတ္တားကောက် – အနုလုံ-သဟဇာတအတိုင်း ရုပ် ၇-မျိုးလုံးကောက်ရပါသည်။

ဟိတ်ပါဠိသတ္တိ – (**ရုပ်ရနိုင်-၁၄**) (နာရမ္မဏအတိုင်းပင်)

၄။ **(တ-တ) တတိယော တတိယဿ** = (**၆-ဝါရ**)

ဟောမြဲပါဠိတော်++ (ဝါရ ၆-ပါး)

အရှုပေ အသံကိလိဋ္ဌအသံကိလေသိကံ ဇာတ် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဇနော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

ကတ္တားကောက်

တ-တ	အရှုပဘုံ၌ဖြစ် သောတာပတ္တိမဂ်ကြဉ် လောကုတ်-၇၊ စေ-၃၆၊ အစိတ်အစိတ် နာ.နွာ၊	၆-ဝါရ	အရှုပဘုံ၌ဖြစ် သောတာပတ္တိမဂ်ကြဉ် လောကုတ်-၇၊ စေ-၃၆၊ အစိတ်အစိတ် နာ.နွာ၊

"နံ ပုရေဇာတပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ ဤ ၃-ပစ္စည်း မှတပါး ၂၁-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

၅။ **(တ-ဒု) တတိယော ဒုတိယဿ** = (**၄-ဝါရ**)

◉ ဟောမြဲပါဠိတော်၊ ကောက်မြဲကတ္တားကောက်၊ **ဟိတ်ပါဠိကောက်** = နာရမ္မဏ

၆။ **(တဒု-ဒု) တတိယဒုတိယော ဒုတိယဿ** = (**၄-ဝါရ**)

၇။ **(ပဒု-ဒု) ပထမဒုတိယော ဒုတိယဿ** = (**၄-ဝါရ**)

⇉ ပါဠိတော်နှင့် ကတ္တားကောက်ကို အနုလုံ-သဟဇာတအတိုင်း ဟောပါသည်။
ဟိတ်ပါဠိသတ္တိများလည်း နာရမ္မဏအတိုင်း ၁၂-ပစ္စည်း ရပါသည်။

↗ (ပုရေ သတ္တ,သတ္တ,တိ။ ၇.၇.၃) (ဝိပ္ပယုတ္တော၊ တိသုံးထွေ။= ၃.၃.၃) ↖ ◉ နပုရေဇာတ ပြီး၏။ ◉

နံ ပစ္ဆာဇာတပစ္စည်း

ပစ်သေ အပြည့်နေ(၉-၁၇-၃)

အနုလုံတွင် ပစ္ဆာဇာတပစ္စည်းကို လုံးဝမဟောခဲ့သောကြောင့် ဤပစ္စနိက်၌ နာမ်ကုန် ရုပ်ကုန် ဟော၏။ နံ ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသည် အနုလုံ-သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မနှင့် တူပါသည်။ ထို့ကြောင့် အနုလုံ-သဟဇာတပစ္စည်းအတိုင်း

◉ **ဟောမြဲပါဠိတော်**၊ ◉ **ကောက်မြဲကတ္တားကောက်**ဟု မှတ်ယူနိုင်ပါသည်။

+

➔ ဟိတ်ပါဠိသတ္တိများကိုသာ တင်ပြပါမည်။

+

www.dhammadownload.com

နံ ပစ္ဆာဇောတပစ္စည်း သုဒ္ဓသရိုက်

ပစ္စည်း	ဆဝါရ-ပစ္စနိုက်-သုဒ္ဓသရိုက်		
နံ ပစ္ဆာ	အလုံးစုံ ပဝတ္တိ, ပဋိသန္ဓေ နာ.နွာ-၄ (နာမ်ကုန်)	ရုပ်စုံ 7 (ရုပ်ကုန်)	၉.၁၇.၃

"နံ ပစ္ဆာဇောတပစ္စည်း၏ သုဒ္ဓသရိုက်ဝါရ၌- အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤ တရား တို့သည် နံ ပစ္ဆာဇောတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရား တို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤ ပစ္စနိုက်၌ "**နံ ပစ္ဆာဇောတေ** နဝ သတ္တရသ တိကဏ်။'ဟု သရိုက်တပ်၍ ဟောအပ်ကုန်၏။

"နဝ" ဟူသော်ကား-. . .

ပါဠိတော်တွင်- (သံခိတ္တံ။) *[သံခိတ္တံ-အကျဉ်းချုံးအပ်၏။]*

၁။ **(ပ-ပ) ပထမော ပထမဿ = (၆-ဝါရ)**
ဟိတ်ပါဠိ၏အရကား ပစ္ဆာဇောတ၊ ဝိပါက ဤ ၂-ပစ္စည်းမှတပါး ၂၂-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရှိ၏။

၂။ **(ပ-ဒု) ပထမော ဒုတိယဿ = (၄-ဝါရ)**
ဟိတ်ပါဠိ၏အရကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ **၁၂**-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရှိ၏။ (ည×)

၃။ **(ပ-ပဒု) ပထမော ပထမဒုတိယဿ = (၄-ဝါရ)**
ဟိတ်ပါဠိ၏အရကား ပစ္ဆာဇောတ၊ ဝိပါက၊ ဤ ၂-ပစ္စည်းမှတပါး ၂၂-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရှိ၏။

၄။ **(ဒု-ဒု) ဒုတိယော ဒုတိယဿ = (၆-ဝါရ)**
ပဝတ္တိ- ပစ္ဆာဇောတပစ္စည်းမှတပါး ၂၃-ပစ္စည်း၊
ပဋိသန္ဓေအဓိ- အဓိပတိ၊ ပုရေဇာတ၊ ပစ္ဆာဇောတ၊ အာသေဝန ဤ ၄-ပစ္စည်းမှတပါး **၂၀**-ပစ္စည်း၊
ရုပ်သက်သက်- ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ **၁၄**-ပစ္စည်း၊
ဝတ္ထုကံ- ပစ္ဆာဇောတပစ္စည်းမှတပါး ၂၃-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရှိ၏။

၅။ **(ဒု-ပ)** (၂-ဝါရ) ပစ္ဆာဇောတ၊ ဝိပါက ဤ ၂-ပစ္စည်းမှတပါး ၂၂-ပစ္စည်း၊ = (ပ-ပ)

၆။ **(ဒု-တ)** (၂-ဝါရ) ပစ္ဆာဇောတပစ္စည်းမှတပါး ၂၃-ပစ္စည်း၊ =(တ-တ)

၇။ **(ဒု-ပဒု)** (၂-ဝါရ) ပစ္ဆာဇောတ၊ ဝိပါက၊ ဤ ၂-ပစ္စည်းမှတပါး ၂၂-ပစ္စည်း၊ =(ပ-ပဒု)

၈။ **(ဒု-တဒု)** (၂-ဝါရ) ပစ္ဆာဇောတပစ္စည်းမှတပါး ၂၃-ပစ္စည်း၊ =(တ-တဒု)

၉။ **(တ-တ)** (၆-ဝါရ) ပစ္ဆာဇောတပစ္စည်းမှတပါး ၂၃-ပစ္စည်း၊

၁၀။ **(တ-ဒု)** (၄-ဝါရ) ဟေတု၊ အဓိပတ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ **၁၃**-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရှိ၏။

၁၁။ **(တ-တဒု)** (၄-ဝါရ) ပစ္ဆာဇောတပစ္စည်းမှတပါး ၂၃-ပစ္စည်း၊

၁၂။ **(တဒု-တ)** (၂-ဝါရ) ပစ္ဆာဇောတပစ္စည်းမှတပါး ၂၃-ပစ္စည်း၊=(တ-တ)

www.dhammadownload.com

၁၃။ **(တဒု–ဒု)** **(၄–ဝါရ)** ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ **၁၃**–ပစ္စည်း၊ =(တ–ဒု)

၁၄။ **(တဒု–တဒု)** **(၂–ဝါရ)** ပစ္ဆာဇာတပစ္စည်းမှတပါး ၂၃–ပစ္စည်း၊ =(တ–တဒု)

၁၅။ **(ပဒု–ပ)** **(၂–ဝါရ)** ပစ္ဆာဇာတ၊ ဝိပါက ဤ ၂–ပစ္စည်းမှတပါး ၂၂–ပစ္စည်း၊ = (ပ–ပ)

၁၆။ **(ပဒု–ဒု)** **(၄–ဝါရ)** ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ **၁၂**–ပစ္စည်း၊ =(ပ–ဒု)

၁၇။ **(ပဒု–ပဒု)** **(၂–ဝါရ)** ပစ္ဆာဇာတ၊ ဝိပါက၊ ဤ ၂–ပစ္စည်းမှ တပါး ၂၂–ပစ္စည်း၊ =(ပ–ပဒု)

↗ (ပစ်,သေ အပြည့်နေ(၉.၁၇–၃) ↖ ◉ နှ ပစ္ဆာဇာတ ပြီး၏။ ◉

နှ အာသေဝနပစ္စည်း

ပစ်,သေ အပြည့်နေ (၉.၁၇–၃)

နှ အာသေဝနပစ္စည်း၏ပါဠိတော်သည် နှ ပစ္ဆာဇာတ ကဲ့သို့ပင် အပြည့်အစုံ ဟောရပါသည်။

↗ ◉ **ဟောမြဲပါဠိတော်** ◉ (သံခိတ္တံ။) **အနုလုံ–သဟဇာတပစ္စည်းအတိုင်း** မှတ်ယူနိုင်ပါသည်။ ↖

အာသေဝန ပစ္စယနိဒ္ဒေသ+ပဉ္စဝါရ

အားတပ်သော

အာသေဝန	အဆုံးဇောကြွင်သော ရှေးရှေးသော လောကီဇော (၄၇)	ပဌမဇော, ဖိုလ်ဇောကြွင်သော နောက်နောက်သော ဇော (၅၁)	၂	၆

ဆဝါရ–အနုလုံ–အာသေဝနပစ္စည်း

သေ	အကု–၁၂,ဟသိ, မဟာကု,ကြို **ဒုဒိ–ဇော** မဟင်္ကု,ကြို၊ မင်္ဂ–၄ နာ.နှာ	×	၃.၇.၃

(ဆဝါရ–ပစ္စနိက်)နှ အာသေဝပစ္စည်း အနုလုံမှာမဟောတဲ့ ပ–ဇော

ပစ္စည်း	ဆဝါရ–ပစ္စနိက်–သုဒ္ဓသရိုက်		
နာသေ	အကု–၁၂,ဟသိ, မဟာကု,ကြို ပ–**ဇော** အာဝဇ္ဇန်းဒွေ၊ ဝိ–၃၆ ပ,ဋ္ဌိ နာ.နှာ–၄	ရုပ်စုံ 7	၉.၁၇.၃

နှ အာသေဝနပစ္စည်း၏ သုဒ္ဓသရိုက်ဝါရ၌ အကုသိုလ်စိတ် ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်, မဟာကြိယာပထမဇော၊ အာဝဇ္ဇန်း ဒွေ၊ ဝိပါက်စိတ် ဆတ္တိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဘဝင်ရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နှ အာသေဝန ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နှ အာသေဝနေ နဝ၊ **သတ္တရသ၊ တီဏိ**ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ နဝ ဟူသော်ကား– (အနုလုံ သဟကြီးနည်းတူ..)

မှတ်ချက်။ ။ ပဉ္စဝါရ အာသေဝန၏ ပစ္စယုပ္ပန်တွင် (ကာမဇောတို့၏)ပထမဇောကိုကြည့်၍ ကောက်ရပြီး၊ ဆဝါရ၏ အနုလုံ၌လည်းကြည့်၍ကောက်ရသဖြင့် ဤပစ္စနိက်၌ ပြန်ကောက်ရ၏။

www.dhammadownload.com

ကတ္တားကောက်အတွက် သုဒ္ဓသဏ္ဍာသရုပ်ခွဲ-

➡ မဟာကုသိုလ် အဌ.ပထမဇော၊ အကုသိုလ် ဒွါဒသ.ပထမဇော တို့နှင့်သာ ရပါသည်။

➡ နာမ်အဗျာကတ = ဟသိ၊ မဟာကြို.ပ-ဇော၊ အာဒွေ၊ ဝိ-၃၆၊ ပဝတ္တိ/ပဋိ နာမကွန္ဓာ ၄-ပါး၊

၁။ (ပ-ပ) ပထမော ပထမသ = (၆-ဝါရ)

◉ ဟောမြဲ-ပါဋိတော် ☞ (ဝါရ ၆-ပါး)

ကတ္တားကောက်

ပဒါဝသာန	**ကံ=ပစ္စည်း**	ဝါရ	**ကတ္တား=ပစ္စယုပွန်**
ပ-ပ	အကု-၁၂.ပ.ဇော၊ စေ-၂၇၊ အစိတ်အစိတ် နာ.နွာ၊	၆-ဝါရ	=

"နဲ အာသေဝနပစ္စယာ"ဟူသော ဟိတ်ပါဠ်၏အရကား ပစ္ဆာဇာတ၊ အာသေဝန၊ ဝိပါက ဤ ၃-ပစ္စည်းမှတပါး ၂၁-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏ *(သေ၊ နှင့် ဝိပါက်မပါ၍ ဝိ ကိုနှုတ်၊)*

၂။ (ပ-ဒု) ပထမော ဒုတိယသ = (၄-ဝါရ)

◉ ဟောမြဲ-ပါဋိတော် ကောက်မြဲ-ကတ္တားကောက်၊ ☞ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

ဟိတ်ပါဠ်သတ္တိ = နာရမ္မဏ(ပ-ဒု)အတိုင်း ၁၂-ပစ္စည်း။ *(ည၊ ဝိ ကိုနှုတ်၊)*

၃။ (ပ-ပဒု) ပထမော ပထမဒုတိယသ = (၄-ဝါရ)

◉ ဟောမြဲ-ပါဋိတော် ☞ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

ကတ္တားကောက်

ပ-ပဒု	ပဋ္ဌဝေါ- အကု-၁၂.ပ.ဇော၊ စေ-၂၇၊ အစိတ်အစိတ် နာ.နွာ၊	၄-ဝါရ	= ထို.နာ.နွာပြု- စိတ္တဇရုပ်

ဟိတ်ပါဠ်သတ္တိ = (ပ-ပ)

၄။ (ဒု-ဒု) ဒုတိယော ဒုတိယသ = (၆-ဝါရ)

ပဝတ္တိ- ◉ ဟောမြဲပါဋိတော်၊ *သံသဋ္ဌ/သမ်.ဝါရ- နာမ်သက်သက်သာဟော/ကောက်ရန်*

ကတ္တားကောက် - စတုဝါရအတွက် (နှစ်ဆင့်ကောက်)

ဒု-ဒု	ဟသိ၊ မဟာကု/ကြို-၁၆.ပ.ဇာ၊ အာဒွေ၊ ကီဝိ-၃၂၊ စေ-၃၈၊ အစိတ်အစိတ် နာ.နွာ၊	၄-ဝါရ	= ထို.နာ.နွာပြု-စိတ္တဇရုပ်။
	ပဋ္ဌဝေါ- ဟသိ၊ မဟာကု/ကြို-၁၆.**ဒု.ဒိဇော**၊ ၄/၁၀ကြဉ် ကီဝိ-၁၈ စေ-၃၈၊ အစိတ်အပေါင်း နာ.နွာ၊		စိတ္တဇရုပ်

(အနုလုံက-ဒုတိယာဒိဇော စိတ္တဇရုပ်တို့ကျန်ခဲ့၍ နပုရေဇာတအတိုင်း နှစ်ဆင့် ကောက်ရပါသည်။)

နဲ အာသေဝနပစ္စယာ ဟူသော ဟိတ်ပါဠ်၏အရကား ပစ္ဆာဇာတ၊ အာသေဝန ဤ ၂-ပစ္စည်းမှတပါး ၂၂-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

www.dhammadownload.com

ပဋ္ဌိသန္ဓေအခါ- (ဝါရ ၆-ပါး) *သံသဋ္ဌ/သမ်.ဝါရ- နာမ်သက်သက်သာဟော/ကောက်ရန်*

ပဋ္ဌိသန္ဓေ ➡ ဟောမြဲပါဋ္ဌိတော် (ပဋ္ဌိသန္ဓေဆိုင်ရာတရား အားလုံးရပါသည်၊)

ကတ္တားကောက်- အနုလုံ-သဟဇာတအတိုင်း

"န အာသေဝနပစ္စယာ"ဟူသော ဟိတ်ပါဋ္ဌ၏အရကား အဓိပတိ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန ဤ ၄-ပစ္စည်းမှတပါး ၂၀-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။ *(ဓိ-ပု-သေ တို့မရ။)*

ရုပ်သက်သက် ☞ ပဋ္ဌိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

ပါဋ္ဌိတော် ရုပ် ၇-မျိုးလုံး ရပါသည်။ (အနုလုံ-သဟဇာတအတိုင်း)

ကတ္တားကောက်- ကောက်မြဲကတ္တားကောက်၊ **ဟိတ်ပါဋ္ဌသတ္တိ-** နာရမ္မဏအတိုင်း ၁၄-ပစ္စည်း။

ဝတ္ထုကံ ☞ ပစ္စယ၊ နိဿယ (၂-ဝါရ)

◉ ဟောမြဲပါဋ္ဌိတော် (∵ ဒွေပဋ္ဌဝိညာဉ်-၁၀ ရသဖြင့်၊)

ဟဒယဝတ္ထုကိုမှီသော စိတ်များအတွက် သုဒ္ဓသဈ်သရုပ်အတိုင်း ကောက်ရပါမည်။

ပစ္စယဝါရ ကတ္တားကောက်

ပဒါဝသာန		ကံ=ပစ္စည်း	ပစ္စယ	ကတ္တား=ပစ္စယုပွန်
၃-၃	ပုရေဇာ (ဝတ္ထုကံ)	မဇ္ဈိမာယုက. အတီဘွင်.ဥပါဒ်ပြိုင်.စက္ခုဝတ္ထု၊.. မရဏာသန္ဓအခါ....စက်(ပ) ကာယဝတ္ထု၊	ပုရေဇာတ်ဿယ	စက်ဒွေ၊ သဗ္ဗစိတ္တ.စေ-၇ အစိတ်အပေါင်း နာ.နွာ၊ (ပ) ကာဒွေ. . .၊ **10**
		ပဋ္ဌိသန္ဓေအစ.. ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္ဓ. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊		ပဋ္ဌဝေါ-ဟသိ၊ မဟာကု/ကြိ.ပ.ဇော၊ အာဝဇ္ဇန်းဒွေ၊ ၄/၁၀ ကြဉ် ကိဝိ-၁၈၊ စေ-၃၈၊ အစိတ်အပေါင်း နာ.နွာ၊

"န အာသေဝနပစ္စယာ"ဟူသော ဟိတ်ပါဋ္ဌ၏အရကား ပစ္ဆာဇာတ၊ အာသေဝန ဤ ၂-ပစ္စည်းမှတပါး ၂၂-ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

၅။ (ဒု-ပ) ဒုတိယော ပထမဿ = (၂-ဝါရ)

◉ ဟောမြဲပါဋ္ဌိတော်၊ ☞ ပစ္စယ၊ နိဿယ (၂-ဝါရ)

ပစ္စယဝါရ ကတ္တားကောက်

၃-၁	ပုရေဇာ	ဝုဋ္ဌော၊ မနောဒွါ..ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္ဓ. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	ပုရေဇာ	ပဋ္ဌဝေါ-အကု-၁၂.ပ.ဇော၊ စေ-၂၇ အစိတ်အပေါင်း နာ.နွာ၊

ဟိတ်ပါဋ္ဌကောက် = (ပ-ပ)

၆။ (ဒု-တ) ဒုတိယော တတိယဿ = (၂-ဝါရ)

◉ ဟောမြဲပါဋ္ဌိတော်၊ ☞ ပစ္စယ၊ နိဿယ (၂-ဝါရ)

www.dhammadownload.com

ပစ္စယပါရ ကတ္တားကောက်

ပဒါဝသာန	ကံ=ပစ္စည်း	ဝါရ	ကတ္တား=ပစ္စယုပွန်
ဒု–တ	မင်/အနု. ရှေးရှေးစိတ်နှင့်အတူဥပါဒ် ဟဒယဝတ္ထု၊	ပုရေ၊ ပဉ္စဝေါ– ဖိုလ်–၄၊ အပွကြဉ်စေ–၃၆	
	နိရောဓ. အနာ.အရဖိုလ် ရှေ့.ဘ. ဟဒယဝတ္ထု၊	အစိတ်အပေါင်း နာ.နွာ၊	

"န အာသေဝနပစ္စယာ"ဟူသော ဟိတ်ပါဌ်၏အရကား ပစ္ဆာဇာတ၊ အာသေဝန ဤ ၂–ပစ္စည်းမှတပါး ၂၂–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

၇။ (ဒု–ပဒု) ဒုတိယော ပထမဒုတိယဿ = (၂–ဝါရ)

ဟောမြဲပါဋ္ဌိတော်၊ ☞ ပစ္စယ၊ နိဿယ (၂–ဝါရ)

ကတ္တားကောက် –

ဒု–ပဒု	ပုရေ၊ ပုဋ္ဌော၊ မနောဒွါ..ရှေး..အတူဥပါဒ် ဟဒယဝတ္ထု၊ မရဏာသန္ဓ. စုတိ.၁၇. တူဥပါဒ် ဟဒယဝတ္ထု၊	ဟိန်/ပုရေ၊	ပဉ္စဝေါ– ကု–၁၂.ပ.ဇော၊ စေ–၂၇၊ အစိတ်အပေါင်း နာ.နွာ၊
	ဟနိ ထို နာ.နွာ.ပြုအပ်သော မဟာဘုတ်		စိတ္တဇရုပ်၊

ဟိတ်ပါဌ်ကောက် = (ပ–ပ)

၈။ (ဒု–တဒု) ဒုတိယော တတိယဒုတိယဿ = (၂–ဝါရ)

ဟောမြဲပါဋ္ဌိတော်၊ ☞ ပစ္စယ၊ နိဿယ (၂–ဝါရ)

ကတ္တားကောက် –

ဒု–တဒု	ပုရေ၊ မင်/အနု. ရှေးရှေးစိတ်နှင့်အတူဥပါဒ် ဟဒယဝတ္ထု၊ နိရောဓ. အနာ.အရဖိုလ် ရှေ့.ဘ. ဟဒယဝတ္ထု၊	ဟိန်/ပုရေ၊	ပဉ္စဝေါ– ဖိုလ်–၄၊ အပွကြဉ်စေ–၃၆ အစိတ်အပေါင်း နာ.နွာ၊
	ဟနိ ထို နာ.နွာ.ပြုအပ်သော မဟာဘုတ်		စိတ္တဇရုပ်၊

ဟိတ်ပါဌ်ကောက် = (တ–တ)

၉။ (တ–တ) = (၆–ဝါရ) ၁၀။ (တ–ဒု) = (၄–ဝါရ) ၁၁။ (တ–တဒု) = (၄–ဝါရ)

(တ)ပဒ ၃–ချက်တို့ကို (ပ)ပဒ ၃–ချက်တို့တွင် ဖိုလ်–၄၊ အပွကြဉ်စေ–၃၆ အစားထိုးကောက်ရန်။

၁၂။ (တဒု–တ) တတိယဒုတိယော တတိယဿ = (၂–ဝါရ)

ဟောမြဲပါဋ္ဌိတော်၊ ☞ ပစ္စယ၊ နိဿယ (၂–ဝါရ)

ကတ္တားကောက် –

တဒု–တ	ဟိန်	ပဉ္စဝေါ– ဖိုလ်–၄၊ အပွကြဉ်စေ–၃၆ အစိတ်အစိတ် နာ.နွာ၊	သဟ/ပုရေ၊	ဖိုလ်–၄၊ အပွကြဉ်စေ–၃၆ အစိတ်အစိတ် နာ.နွာ၊
	ပုရေ၊	မင်/အနု. ရှေးရှေးစိတ်နှင့်အတူဥပါဒ် ဟဒယဝတ္ထု၊ နိရောဓ. အနာ.အရဖိုလ် ရှေ့.ဘ. ဟဒယဝတ္ထု၊		

ဟိတ်ပါဌ်၏အရကား ပစ္ဆာဇာတ၊ အာသေဝန၊ ဤ ၂–ပစ္စည်းမှတပါး ၂၂–ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

www.dhammadownload.com

၁၃။ **(တဒု-ဒု) တတိယဒုတိယော ဒုတိယဿ = (၄-ဝါရ)**

ဟောမြဲ-ပါဠိတော် ကောက်မြဲ-ကတ္တားကောက်၊ ပဋိစ္စ၊ သဟ၊ ပစ္စယ၊ နိဿယ (၄-ဝါရ)

ဟိတ်ပါဠိသတ္ထိ - နာရမ္ဘဏ (တ-ဒု)အတိုင်း ၁၂-ပစ္စည်း။

၁၄။ **(တဒု-တဒု) တတိယဒုတိယော တတိယဒုတိယဿ = (၂-ဝါရ)**

ဟောမြဲပါဠိတော်၊ ပစ္စယ၊ နိဿယ (၂-ဝါရ)

ကတ္တားကောက် -

ပဒါဝယာန		ကံ=ပစ္စည်း	ပစ္စယ	ကတ္တား=ပစ္စယုပ္ပန်
ဒု-တ	ဟန်	ပဋ္ဌဝေါ- ဖိုလ်-၄၊ အပ္ပကြဉ်စေ-၃ဖ အစိတ်အစိတ် နာ.နွာ၊	သဟ/ပဋိစ္စ	ဖိုလ်-၄၊ အပ္ပကြဉ်စေ-၃ဖ စေ ၃၈၊ အစိတ်အစိတ် နာ.နွာ၊
	မှန်	မဂ်/အနု. ရှေးရှေးစိတ်နှင့်အတူဥပါဒ် ဟဒယဝတ္ထု၊ နိရောဓ. အနာ.အရဖိုလ် ရှေ့.ဘ. ဟဒယဝတ္ထု၊		
	သဟ	ထို နာ.နွာ ပြုအပ်သော မဟာဘုတ်ကို		စိတ္တဇရုပ်

ဟိတ်ပါဠိကောက် = (ဟ-တ)

၁၅။ **(ပဒု-ပ) (၂-ဝါရ)** ၁၆။ **(ပဒု-ဒု) (၄-ဝါရ)** ၁၇။ **(ပဒု-ပဒု) (၂-ဝါရ)**

(ပဒု)ပဒ ၃-ချက်တို့ကို (တဒု)ပဒ ၃-ချက်တို့တွင် ဟသိ၊ မဟာကု/ကြော်-၁၆.ဒု.ဒီဇော၊ ၄/၁၀ကြဉ် ကိုဝိ-၁၈ စေ-၃၈၊ အစားထိုးကောက်ရန်။

↗ (ပစ်သေ အပြည့်နေ(၉.၁၇-၃) ↖ ◉ နှ အာသေဝန ပြီး၏။ ◉

နှ ကမ္မပစ္စည်း

နကမ္မေ ဒွေ-ဆ-တိဏိ။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇ၊ အသညကမ္မဇရုပ်တို့ မရောင်းသည်လည်း ရုပ်မရသလောက်ဖြစ်ရ၏။

နှ ကမ္မပစ္စည်း သုဒ္ဓသင်္ချာ

ပစ္စည်း	ဆဝါရ-ပစ္စနိက်-သုဒ္ဓသင်္ချာ		
နကမ္မ	ကု,အကု,ကြော်ယာ စေတနာ	ဗာ, ဟာ, ဥ	၃.၇.၃

နကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ကုသိုလ်, အကုသိုလ်, ကြော်ယာ စေတနာ၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ် ဤတရားတို့သည် နကမ္မပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "နှ ကမ္မေ တီဏိ သတ္တ တီဏိ" ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

တီဏိ-ဟူသော်ကား - ပ-ပ၊ ဒု-ဒု၊ တ-တ၊

သတ္တ-ဟူသော်ကား - ပ-ပ/ ဒု-ဒု၊ ဒု-ပ၊ ဒု-တ/ တ-တ/ တဒု-တ/ ပဒု-ပ

တီဏိ-ဟူသော်ကား - ပ-ပ၊ ဒု-ဒု၊ တ-တ၊

သင်္ချာ ၇-ချက်- ကတ္တား-ပစ္စယုပ္ပန်တွင် ကု,အကု,ကြော်ဌာရှိသော စေတနာတရားကိုယ် ကောက်နိုင်သည့် သင်္ချာများကို ဟောပါသည်။ (ဝိပါက်-စေတနာ မရပါ)

www.dhammadownload.com

➦ စေတနာ(သခ်ၤါရကၡန္ဓာ)ပစ္စယုပ္ပန်သာရုပြီး နာမက္ခန္ဓာ ၄-ပါးမပြည့်၍-(၁-၃-၂)(၃-၁-၂) မဆိုရပါ။
ဝိဘင်္ဂထူးရာပါဠိတော်(ခန္ဓေ)ဖြင့် ပူဇော်ရပါမည်။ (ပါဠိထူး)

၁။ **(ပ-ပ) ပထမော ပထမဿ = (၆-ဝါရ)**

